ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## လောကကိုထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 12 September 2017 (၉၀၄၅)

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် RCSS/SSA ဥက္ကဋ္ဌ ဦးယွက်စစ်တို့ တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေး၊ တိုင်းရင်းသားနယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့တက်ရောက်ကြပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ်နှင့်အတူ အတွင်းရေးမှူး (၃) ဦးစိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းမိဏ်း၊ PMC မှ ဦးစိုင်းလျှံ၊ ရုံးအဖွဲ့မှ ဦးခမ်းစံနှင့် ဦးဟောင်ခမ်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA)ဥက္ကဋ္ဌ ဦးယွက်စစ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



သမားရိုးကျ စွမ်းအင်သုံး မော်တော်ယာဉ်များ ထုတ်လုပ်၊ ရောင်းချမှုပိတ်ပင်ရေး တရုတ်နိုင်ငံလေ့လာနေ

စာမျက်နှာ - ၄

မိမိတို့အိမ်တွင်းရေးကို မိမိတို့ဘာသာစီမံ

စာမျက်နှာ - ၂

ဒီမိုကရေစီရွှေနိုင်ငံသစ်ဆီသို့ ချီတက်ရာဝယ်

စာမျက်နှာ - ၇

တောင်တွင်းကြီးမြို့ ဆူပူမှုတွင် ပါဝင်သူများအား ဖမ်းဆီးရမိ၊ ကျန်ရှိသူများ ဆက်လက်ဖော်ထုတ်၊ ဥပဒေနှင့်အညီ အရေးယူမည်

စာမျက်နှာ - ၉



မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်များ

စာမျက်နှာ - ၆

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# မိမိတို့အိမ်တွင်းရေးကို မိမိတို့ဘာသာစီမံ

နိုင်ငံတကာလုံခြုံရေးဇုန်တစ်ခုကို ရခိုင်ပြည်နယ်၌ သတ်မှတ်ကြေညာပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက သံတမန်နည်းလမ်းအရ ကြိုးပမ်းနေကြောင်း 'သည်ဒေးလီးစတားသတင်းစာ'တွင် စက်တင်ဘာ ၈ ရက်က ရေးသားဖော်ပြထားသည့် သတင်းတစ်ပုဒ်ကိုဖတ်ရှုလိုက်ရပါသည်။ ၎င်းတို့နိုင်ငံသို့ တရားမဝင် ဝင်ရောက်မှုများအား တားဆီးနိုင်ရန်နှင့် ခိုးဝင်သူများဘဝအတွက် အာမခံချက်ရှိစေရေး ရည်ရွယ်ရင်းအကြောင်းဖြစ်သည်ဟု ဆိုထားသည်။

အဆိုပါအရေးနှင့်ပတ်သက်ပြီး ၎င်းနိုင်ငံက နိုင်ငံကြီးအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းများအား မေတ္တာရပ်ခံထားသည့်အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တရားဝင်ကြေညာချက်ထုတ်ပြန် ရှုတ်ချရေးအတွက် သံတမန်နည်းလမ်းအရ ကြိုးပမ်းနေကြောင်းနှင့် ကုလသမဂ္ဂတွင် အဆိုပါပြဿနာဆိုင်ရာ ဆုံးဖြတ်ချက်မှန်သမျှကို ပိတ်ပင်ခြင်းမပြုရန် တရုတ်နိုင်ငံအား မေတ္တာရပ်ခံထားကြောင်း ဖော်ပြထားသည်။

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို သက်ဆိုင်ရာနိုင်ငံကသာ စီမံဆောင်ရွက်ဆုံးဖြတ်ရမည်သာဖြစ်သည်။ နှစ်နိုင်ငံအရေးကိစ္စဖြစ်ပါကလည်း နှစ်နိုင်ငံချင်းသာ သံတမန်ရေးနည်းလမ်းအရ ဖြေရှင်းဆောင်ရွက်သင့်ပေသည်။ ထိုသို့မဟုတ်မူဘဲ အရပ်ကူပါလူဝိုင်းပါနှင့် သူတစ်ပါးနိုင်ငံအရေးကိစ္စကို လှုံ့ဆော်တိုက်တွန်းပြောကြားချက်တို့မှာ သဘာဝမကျသည့်အပြင် အလုပ်မဖြစ်သည့်လုပ်ရပ်များသာဖြစ်သည်ဟု ဆိုချင်ပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သောကိစ္စရပ်များမှာ ရှည်လျားသောနောက်ခံသမိုင်းကြောင်းများအပေါ်တွင် အခြေခံ၍ တရားမဝင် ဝင်/ထွက်လှုပ်ရှားဆောင်ရွက်မှုများသာဖြစ်ပြီး တစ်စတစ်စ ဘေးပယောဂများ၊ သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးမှုများကြောင့် အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုများကိုပင် အတင့်ရဲစွာ လုပ်ဆောင်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဒေသတွင်း မတည်ငြိမ်မှုများ၊ အကြမ်းဖက်မှုများအား ရှင်းလင်းဆောင်ရွက်ပြန်သောအခါ ဒုက္ခသည်အရေး၊ လူ့အခွင့်အရေးဟူ၍ နိုင်ငံတကာသို့ အသိပေးကြသည်ကို ဤသို့ကြားသိရပြန်သည်မှာ အဆန်းတော့မဟုတ်ချေ။

မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသူများအား တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေပြီး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် လူ့အခွင့်အရေးစာနာထောက်ထားမှုရှုထောင့်မှ စနစ်တကျကိုင်တွယ်ဆောင်ရွက်ပေးနေသည်ကို မျက်ကွယ်ပြုမထားသင့်ချေ။ နိုင်ငံတကာတွင် ရွှေ့ပြောင်းသွားလာသူများအား သက်ဆိုင်ရာနိုင်ငံက မည်သို့ကိုင်တွယ်ဆောင်ရွက်နေသည်ကို တွေ့ရှိသိမြင်နိုင်ပြီး မြန်မာနိုင်ငံအရေးမှသာ လူ့အခွင့်အရေးချိုးဖောက်နေသယောင် ကမ္ဘာက အာရုံစိုက်လာအောင် လုပ်ဆောင်လာသည်မှာ စိတ်မကောင်းစရာဖြစ်သည်။

မည်သည့်နိုင်ငံတွင်မဆို ထိုနိုင်ငံအတွင်းရောက်ရှိလာသူ မည်သည့်လူမျိုး၊ မည်သည့်ဘာသာမဟူ ကွဲပြားခြားနားမှုများရှိသော်လည်း ထိုနိုင်ငံတွင် ရောက်ရှိနေထိုင်ပါက သတ်မှတ်ထားသော ဥပဒေ၊ အမိန့်များကို လေးစားလိုက်နာဖို့လိုသည်။ နိုင်ငံသားဖြစ်လိုလျှင် ထိုနိုင်ငံအပေါ် သစ္စာရှိဖို့လိုမည်။ ထိုနိုင်ငံအပေါ် သစ္စာမခံသော မည်သူမဆို နိုင်ငံသားဖြစ်ခွင့်ရလိမ့်မည်မဟုတ်ချေ။ ထိုနိုင်ငံတွင် လာရောက်နေထိုင်ပြီး ထိုနိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးစော်ကားလာလျှင်မူ ပြောဖွယ်ရာမရှိတော့ချေ။ မည်သည့်နိုင်ငံမှ ခွင့်လွှတ်သည်းခံလိမ့်မည်မဟုတ်ချေ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးသည် မြန်မာနိုင်ငံ၏ အိမ်တွင်းရေးသာဖြစ်သော်လည်း နိုင်ငံတကာမျက်နှာစာသို့ဆွဲတင်ကာ နိုင်ငံ၏အမျိုးသားအကျိုးစီးပွား၊ နိုင်ငံ၏အမျိုးသားလုံခြုံရေးကို ထိခိုက်နိုင်သော မည်သည့်ကိစ္စကိုမဆို လက်ခံလိမ့်မည်မဟုတ်ချေ။ ရခိုင်ပြည်နယ်အရေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နယ်မြေ၏ အစိတ်အပိုင်းတစ်ခုမှ ပြဿနာတစ်ရပ်သာဖြစ်သည်။ ယင်းကို မြန်မာနိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံပြည်သူများကသာ ညီညီညွတ်ညွတ် ကိုင်တွယ်ဖြေရှင်းကြမည်ဖြစ်ပြီး ဘေးပယောဂနှင့် သွေးထိုးလှုံ့ဆော်နှောင့်ယှက်မှုများအား ဝိုင်းဝန်းဖယ်ရှားသွားကြရမည်သာ ဖြစ်ပါကြောင်း။ ။

# ခရီးသွားလုပ်ငန်းတိုးတက်လာချိန် လူ့စွမ်းအားအရင်းအမြစ် ပြည့်မီရေးသည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းတစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည့် အချိန်အခါဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ပြည့်မီရေးမှာလည်း အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သဖြင့် ဝန်ကြီးဌာနက အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ ဧည့်လမ်းညွှန်များသည် နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် အများဆုံးထိတွေ့ဆက်ဆံရသည့် နိုင်ငံကိုယ်စားပြု သံတမန်များဖြစ်သည့်အတွက် သင်တန်းကျောင်းမှသင်ကြားပေးသည့် အသိပညာ ဗဟုသုတဖြင့် ကျေနပ်မနေဘဲ ဆက်လက်လေ့လာသွားကြရန် လိုအပ်ကြောင်း စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ပြုလုပ်သည့် ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဆင်းပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောကြားသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်းကို ရန်ကုန်မြို့တွင် ၁၉၉၂ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ်(၅၃)အထိ ဖွင့်လှစ်နိုင်ခဲ့ကာ ဘာသာရပ်အလိုက် ဧည့်လမ်းညွှန် စုစုပေါင်း ၉၁၇၈ ဦး မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း(ရသာကွန်ဒို)တွင် မြန်မာနိုင်ငံခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးနေသည့် လူဇင်ဘတ်နိုင်ငံမှ Luxemburg Development (Lux Dev) နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး လိုအပ်သည်များမှာကြားခဲ့သည်။

ယင်းနောက် Prime Residence Co., Ltd. က ရန်ကုန်မြို့၌ အကောင်အထည်ဖော်နေသည့် Kempinski Hotel စီမံကိန်းကို သွားရောက်ကြည့်ရှုပြီး ရှေးဟောင်းအဆောက်အအုံဖြစ်သည့်အတွက် မူလလက်ရာမပျက် ပြင်ဆင်ဆောင်ရွက်ရေးနှင့် သတ်မှတ်ချိန်တွင် ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်ရန် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး

**သရက်ချောင်း စက်တင်ဘာ ၁၁**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် အချက်အလက်များနှင့်ပတ်သက်၍ မြို့နယ်အဆင့် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ပညာရတနာ)ခန်းမဆောင်၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှကောက်ယူရရှိသည့် အချက်အလက်များနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာတွင် မြို့နယ်အဆင့် လူဦးရေဆိုင်ရာအချက်အလက်များ၊ ပညာရေး၊ စီးပွားရေးဆိုင်ရာအချက်အလက်များ၊ မသန်စွမ်းမှု၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ၊ အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားများဆန်းစစ်လေ့လာအကဲဖြတ်ခြင်းများကို အခြေခံ၍ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင် အရေးပါသောအချက်များအဖြစ် ထည့်သွင်းအသုံးပြုနိုင်ရေး ရှင်းလင်းခဲ့သည်။

ဆွေးနွေးပွဲသို့ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကာ နှစ်ရက်ကြာ ဆွေးနွေးပို့ချပေးမည်ဖြစ်သည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်



**ကျိုက်ထို စက်တင်ဘာ ၁၁**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းဦးနှင့် မြို့မရဲစခန်းမှူး ဒု-ရဲမှူး မြင့်ဌေး ဦးဆောင်၍ အရာရှိ၊ အရာခံ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုများက စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကျိုက်ပေါလောမွဲ့ရှင်တော်ဘုရား၊ မဟာမြတ်မုနိကြေးသွန်းဘုရားပတ်ဝန်းကျင်တို့၌ သန့်ရှင်းရေးပြုလုပ်ခဲ့သည်။ ကျိုက်ပေါလောမွဲ့ရှင်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မဟာမြတ်မုနိ ကြေးသွန်းဘုရားအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် အလှူငွေများလာရောက်လှူဒါန်း

**စစ်တွေ စက်တင်ဘာ ၁၁**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာ တိုင်းရင်းသားများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် မြေပုံမြို့နယ် ဒိုင်းပုံကျေးရွာအုပ်စုမှ အလှူငွေများကောက်ခံပြီး စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပညာရေးဌာနတို့သို့ လာရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့လှူဒါန်းရာတွင် ဒိုင်းပုံကျေးရွာမှ ဦးဖြူဒေါင်းနှင့် ဦးမောင်ဖြူတို့က ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်နှင့် ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းတို့ထံ ငွေကျပ် ၁၀၁၇၃၀၀၊ ပြည်နယ်ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ထွန်းလှထံ ငွေကျပ် သုံးသိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်(ရွှေဈေး) ၉၅၁၅၀၀ - ၉၅၁၅၀၀ မန္တလေး(ရွှေဈေး) ၉၅၁၅၀၀ -၉၅၁၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၅ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၅/၇၄၅ ကျပ်၊ | ၈၁၀/၈၃၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၀၅ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၅ ကျပ်၊ | ၇၁၀/၇၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀/၆၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀/၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၃၂. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၂၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၉၄၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃. ၂၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၅၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၇. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၇၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၂. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၀. ၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ဆေးရွက်ကြီးကြောင့် နှစ်စဉ်သေဆုံးသူ ခြောက်သောင်းကျော်ရှိနေတဲ့အတွက် ကြီးမားတဲ့ကျန်းမာရေးစိန်ခေါ်မှုကို ပြည်သူများက "နောင်တမရအောင် ကွမ်းယာကိုရှောင်" ဆောင်ပုဒ်နှင့်အညီ ဇွဲသန်သန်နဲ့ ရင်ဆိုင်အနိုင်ယူ

## ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပွဲ စတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သောသဝဏ်လွှာ

(၁၁-၉-၂၀၁၇)

အားလုံးမင်္ဂလာပါ။

ချစ်ခင်လေးစားရပါတဲ့ ပြည်သူအပေါင်းတို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ပြည်သူလူထုရဲ့ကျန်းမာရေးကို ကြီးမားစွာထိခိုက်စေသော စိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့ ကွမ်းယာနဲ့ ဆေးရွက်ကြီး သောက်သုံးမှု လျှော့နည်းရေးအတွက် အသိပညာပေးလှုံ့ဆော်လှုပ်ရှားမှုပွဲ စတင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရတဲ့အတွက် ကျေနပ်ဝမ်းမြောက်မိပါတယ်။ ပြည်သူလူထုရဲ့ ကျန်းမာအသက်ရှည်ရေး အတွက် ဆောင်ရွက်တဲ့ဒီပွဲကနေ ရလဒ်ကောင်းများရနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

မကူးစက်တတ်သောရောဂါများဟာ ကူးစက်တတ်သောရောဂါများနဲ့အပြိုင် ကမ္ဘာ့သူ ကမ္ဘာ့သားများ၊ အထူးသဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံအများစုမှာ နေထိုင်ကြသူများအတွက် ကြီးမားသောအသက်အန္တရာယ်ဖြစ်စေတဲ့ ကျန်းမာရေးဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အစီရင်ခံစာများအရ ကျွန်မတို့မြန်မာ နိုင်ငံမှာ ၂၀၁၄ ခုနှစ်အတွင်း သေဆုံးသူအားလုံးရဲ့ ၅၉ ရာခိုင်နှုန်းဟာ အဲဒီ မကူးစက်တတ်သောရောဂါများကြောင့် ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ကူးစက်တတ်သောရောဂါတွေနဲ့ပတ်သက်ပြီး မဖြစ်ပွားအောင် ကာကွယ်ရေးလုပ်ငန်း များ၊ ဖြစ်ပွားလာရင် ထိရောက်သောကုသမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ မကူးစက်တတ်သောရောဂါများ၊ အထူး သဖြင့် ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုကြောင့် ဖြစ်လာတဲ့ရောဂါများကိုလည်း ကာကွယ် ထိန်းချုပ်သွားဖို့ လိုအပ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ လူငယ်လူရွယ်များ၊ အမျိုးသမီးများ၊ အမျိုးသားများအပါအဝင် ပြည်သူပြည်သားများအကြား ဆေးလိပ်သောက်ခြင်းနဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံပါဝင်တဲ့ ကွမ်းယာကို နေ့စဉ် အဆက်မပြတ်သုံးစွဲခြင်းတို့ တိုးတက်များပြားလာနေတာကို သတိပြုမိကြမှာဖြစ်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှအာဆီယံနိုင်ငံများအကြားမှာ ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံကို ကွမ်းယာတွင် ထည့်သွင်းစားသုံးခြင်း ရာခိုင်နှုန်းအများဆုံးဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါပြီ။ ဆေးလိပ်သောက်တာ၊ ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံပါဝင်တဲ့ ကွမ်းယာစားသုံးတာ၊ ကွမ်းနဲ့ဆေးရွက်ငုံတာတွေဟာ ပြည်သူများရဲ့ကျန်းမာရေးကို အထူးထိခိုက်နေတယ်ဆိုတာကို အလေးပေးစေလိုတဲ့ အနေနဲ့ ၂၀၁၆ ခုနှစ် မေလ အစိုးရသစ်တက်လာချိန်ကစပြီး ရုံးများ၊ ဆေးရုံနဲ့ကျောင်းများ၊ အများပြည်သူတို့စုဝေးရာ နေရာများမှာ ကွမ်းစားခြင်းမပြုရေးအတွက် ဌာနဆိုင်ရာတာဝန်ခံအသီးသီးက တာဝန်ယူပြီး အသိပညာပေးမှုတွေ၊ ကန့်သတ်မှုတွေကို တင်းကျပ်စွာဆောင်ရွက်ကြဖို့ ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ယခုလိုကျယ်ပြန့်တဲ့ ကျန်းမာရေးလုပ်ငန်းကြီးတစ်ရပ်ဆောင်ရွက်ရာမှာ ပြည်သူလူထုကို ထိရောက်တဲ့ပညာပေးမှု များဟာ အဓိကကျပါတယ်။ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာလည်း ကာလတိုအတွင်းသာ ထိရောက်မှု ရှိမယ့် စီမံချက်တွေနဲ့ ကောင်းမွန်သောရလဒ်ကောင်းများကို မရနိုင်ဘူးဆိုတာကို သတိပြုရပါမယ်။ အဆင့်ဆင့်သော အစိုးရအဖွဲ့အစည်းများနဲ့အတူ ပြည်သူလူထုထံသို့ နည်းလမ်းအသွယ်သွယ်ဖြင့် ရေရှည်ပညာဖြန့်ဝေပေးရေးဟာ ပဓာနကျပါတယ်။ အထူးသဖြင့် လက်ရှိဆေးလိပ်နဲ့ဆေးရွက်ကြီး၊ ကွမ်းယာသုံးစွဲခြင်းမပြုသေးတဲ့ ကျောင်းသား ကျောင်းသူလူငယ်များ (အသက် ၁၃-နှစ်အောက်အရွယ်များ) စတင်သုံးစွဲခြင်းမပြုရေး၊ သုံးစွဲမိသူများအားလည်း အန္တရာယ်ကြီးမားလှသောသုံးစွဲမှုကို ရပ်တန့်စေရေးကို စုပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပညာပေးမှုနည်းလမ်းအသွယ်သွယ်များ အကျိုးသက်ရောက်မှုကြီးမားစေရန်အတွက် စာသင်ကျောင်းများမှ ကျောင်း ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြားဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အဆင့်ဆင့် သော တာဝန်ရှိသူများအားလုံးက ပညာပေးလုပ်ငန်းများကို စီမံဆောင်ရွက်ရာမှာပါဝင်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။

ယနေ့ဆောင်ရွက်နေတဲ့ ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပညာပေးရေးအစီအစဉ်ဟာ အလွန်ပင်ကောင်းမွန်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့အတွက် တာဝန်ယူ ဆောင်ရွက်နေတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့နဲ့အတူ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးကိုလည်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကျေးဇူးတင်ကြောင်းပြောကြားပါရစေ။

နိဂုံးချုပ်အနေနဲ့ မြန်မာပြည်သူ ခုနစ်သန်းကျော်ဟာ နေ့စဉ် ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံပါတဲ့ ကွမ်းယာကို သုံးစွဲနေကြပြီး ဆေးရွက်ကြီးကြောင့် နှစ်စဉ် သေဆုံးသူဟာလည်း ခြောက်သောင်းကျော်ရှိနေကြောင်း သုတေသန ပြုချက်များအရ သိရှိရတဲ့အတွက် ဤမျှကြီးမားတဲ့ ကျန်းမာရေးစိန်ခေါ်မှုကြီးကို ပြည်သူများက **"နောင်တမရအောင် ကွမ်းယာကိုရှောင်"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဇွဲသန်သန်နဲ့ ရင်ဆိုင်အနိုင်ယူသွား ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။ ပြည်သူအပေါင်းကျန်းမာကြံ့ခိုင်ပြီး နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ကြပါစေ။

# နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA) ကိုယ်စားလှယ်အဖွဲ့တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA) ကိုယ်စားလှယ်အဖွဲ့တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို ဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုအစိုးရ အဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ငြိမ်းချမ်း ရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)ဥက္ကဋ္ဌ ဦးယွက်စစ်၊ အတွင်းရေးမှူး(၃) ဦးစိုင်းငင်း၊ ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင်များဖြစ်သော ဦးခေးပျူနှင့် ဦးစိုင်းမိဏ်း၊ PMC မှ ဦးဆောင်းဟန်၊ ဦးစိုင်းဟန်နှင့် ဦးစိုင်းလျဲန်း၊ စီးပွားရေးဌာနဌာနမှူး ဦးအောင်တိန်း၊ ဆက်ဆံရေးရုံး ညွှန်ကြားရေးမှူး ဦးစိုင်းဦး၊ ရုံးအဖွဲ့မှ ဦးခမ်းစံနှင့် ဦးဟောင်ခမ်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/ SSA) ဥက္ကဋ္ဌ ဦးယွက်စစ်က အမှာစကားပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/ SSA)ဥက္ကဋ္ဌ ဦးယွက်စစ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နိဂုံးချုပ်စကားပြောကြားကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်း လိုက်သည်။

ဎင်းနောက် ညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

**(သတင်းစဉ်)**

# စစ်တောင်းမြစ်ရေထပ်မံမြင့်တက်လာ၍ ကုန်းမြင့်များသို့ရွှေ့ပြောင်း၊ စာသင်ကျောင်းအချို့ ပိတ်ထားရ

**ရေတာရှည် စက်တင်ဘာ ၁၁**

ယခုရက်ပိုင်းအတွင်း စစ်တောင်းမြစ်ရေ ဒုတိယအကြိမ် ထပ်မံမြင့်တက်လာသည့်အတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဒေသအချို့တွင် အိမ်ထောင်စုများနှင့် ကျွဲ၊ နွားများ ကုန်းမြင့်ရေလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရ ကြောင်း သိရသည်။ ထို့ပြင် စာသင်ကျောင်းအချို့ ပိတ် ထားရပြီး ရေဝင်နစ်မြုပ်လျက်ရှိသော စပါးစိုက်ခင်းများ ပျက်စီးသဖြင့် တောင်သူများ အခက်အခဲများစွာ ကြုံတွေ့ ရနိုင်ကြောင်း သုံးသပ်ပြောကြားမှုများ ရှိနေသည်။

သာဂရမြို့အရှေ့ဘက် ဝဲဒေါင့်ကျေးရွာအုပ်စုအတွင်း ရှိ ကျူဇောင်းကျေးရွာတွင် မြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၄၀ ခန့်မှာ အနောက်ဘက် ကုန်းမြင့်ပေါ်ရှိ အေးသုခကျေးရွာနှင့် ဆွေမျိုးမိတ်ဆွေများထံ သွားရောက် နေထိုင်ကြရကြောင်း ကျူဇောင်းကျေးရွာနေ ဒေသခံများက ပြောသည်။

"ရေတက်နေတာ ၁၄ ရက်လောက်ရှိသွားပြီ။ အခု ထပ်ပြီးတက်လာတာ။ ကျွန်တော်တို့ရွာက အိမ်ထောင်စု ၄၀ လောက် ဒီဘက်ကိုလာနေ ကြရတာ။ ကျွဲ၊ နွားတွေပါ ဆွဲလာရတယ်။ စပါးခင်းတွေကတော့ ဒီနှစ်တအားကောင်း တာဗျာ။ အခုတော့ အပင်တွေပြတ်ကျကုန်ပြီ"ဟု ဒေသခံ တစ်ဦးက ပြောသည်။ ဝဲဒေါင့်ကျေးရွာအုပ်စုအတွင်းရှိ ကျူဇောင်း၊ ချောင်းကျိုး၊ ကျောင်းကုန်း၊ လက်ပံခုံကျေးရွာ များတွင် မြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရပြီး ကျွဲ၊ နွားများကို ရေလွတ်သည့်နေရာများသို့ ပြောင်းရွှေ့ထားရကြောင်း ဝဲဒေါင့်ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူး ဦးစိုးလွင်က ပြောသည်။

"ကျောင်းတွေကတော့ ပိတ်ထားရသေးတယ်။ ရေကျ သွားရင် ပြန်ဖွင့်မှာပါ။ လောလောဆယ်တော့ သွားလာရေး အဆင်မပြေသေးလို့ ပိတ်ထားတာ။ ကျွန်တော်တို့ ကျေးရွာ အုပ်စုအတွင်းမှာ မြစ်ရေဝင်တဲ့ စပါးစိုက်ခင်း ၁၁၉၂ ဧက ရှိပါတယ်။ ရေပြန်ကျမှ ပျက်စီးတဲ့ ဧကကိုသိရမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**

■

# မြောက်ကိုရီးယား နျူအစီအစဉ် အဆုံးသတ်ရေး သံတမန်ရေးဆွေးနွေးပွဲများကျင်းပရန် ဂျာမနီ အဆိုပြု

**ဘာလင် စက်တင်ဘာ ၁၁**
မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးလက်နက်အစီအစဉ် အဆုံးသတ်စေရေး အတွက် သံတမန်ရေးအစီအစဉ်တစ်ရပ်မှတစ်ဆင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်သွားရန် မိမိအသင့်ရှိသည်ဟု ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်က ပြောကြားကြောင်း ဂျာမနီနိုင်ငံ၌ ထုတ်ဝေသော သတင်းစာတစ်စောင်က စက်တင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြသည်။

**-- ဆန္ဒရှိ --**

မြောက်ကိုရီးယားအရေးဆွေးနွေးမှုများတွင် ဂျာမနီနိုင်ငံပါဝင်ရန် ဆန္ဒရှိ မရှိ မေးမြန်းလာပါက ဆန္ဒရှိပါသည်ဟု မိမိဖြေကြားလိုကြောင်း ဝန်ကြီးချုပ် မာကယ်လ်က ဖရန့်ဖင်ဖာတာ အော်ဂီမိန်း အမည်ရှိ သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် အဆုံးသတ်စေရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာတွင် ဂျာမနီနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဗီတိုအာဏာသုံးစွဲခွင့်ရှိသော နိုင်ငံငါးနိုင်ငံနှင့်အတူ ပါဝင်ခဲ့သည်။

**-- ရလဒ်ကောင်း --**

အီရန်နျူကလီးယားအရေး ဆွေးနွေးပွဲများကို သံတမန်ရေးနည်းလမ်းနှင့်အညီ ကာလကြာရှည်စွာ ကျင်းပခဲ့ပြီးနောက် လွန်ခဲ့သည့်နှစ်က ရလဒ်ကောင်းရရှိကာ ဆွေးနွေးမှုများ ပြီးစီးခဲ့ပြီဖြစ်ကြောင်း မာကယ်လ်က ပြောကြားသည်။

**-- အသင့်ရှိ --**

မြောက်ကိုရီးယားအရေးဆွေးနွေးပွဲများကို သံတမန်ရေး နည်းလမ်းများနှင့်အညီ ပြုလုပ်နိုင်ရန် အစီအစဉ်တစ်ရပ်ရှိသင့်သည်ဟု မိမိယူဆကြောင်း၊ ယင်းဆွေးနွေးပွဲများတွင် အထူးအားဖြင့် ဂျာမနီနိုင်ငံဖြစ်သော ဥရောပက တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်ရန် အသင့်ရှိကြောင်း မာကယ်လ်က ပြောကြားသည်။ **ဆင်ဟွာ။**



အစ္စရေး-လက်ဘနွန် နယ်စပ်ဒေသကို တွေ့ရစဉ်။

# လက်ဘနွန်ဝေဟင်ပိုင်နက်အတွင်းသို့ အစ္စရေးဂျက်လေယာဉ်များ ဝင်ရောက်သည်ဆိုမှု ကုလထံတိုင်ကြားမည်

**ဘေရွတ် စက်တင်ဘာ ၁၁**
လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ အစ္စရေးဂျက်လေယာဉ်များက နိုင်ငံဝေဟင်ပိုင်နက်အတွင်းသို့ ချိုးဖောက်ဝင်ရောက်ခြင်း၊ ဆူညံသံကို လျှော့ချနိုင်ရန် ကားလမ်းနံဘေးတွင် စိုက်ထူထားသော အသံကာတံတိုင်းပျက်စီးရခြင်းတို့အတွက် ကုလသမဂ္ဂထံ တင်ပြတိုင်တန်းမည်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီး ဂီဘရန်ဘက်ဆဲလ်က စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

**-- အက်ကွဲ --**

လက်ဘနွန်နိုင်ငံ တောင်ပိုင်း ဆိုင်ဒါမြို့၏ဝေဟင်ပေါ်သို့ အသံထက်မြန်သော အစ္စရေးဂျက်လေယာဉ်များ ဖြတ်ကျော်ပျံသန်းမှုကြောင့် အဆောက်အအုံများရှိ မှန်ပြတင်းများအက်ကွဲခြင်းနှင့် အဆောက်အအုံများ တုန်ခါခြင်းတို့ ဖြစ်ပေါ်ရကြောင်း လက်ဘနွန်လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။

အစ္စရေးစစ်လေယာဉ်များသည် လက်ဘနွန်နိုင်ငံ၏ လေကြောင်းပိုင်နက်အတွင်းသို့ ပုံမှန်ဝင်ရောက်ပျံသန်းလေ့ရှိကြောင်း လက်ဘနွန်ကြည်းတပ်က ပြောကြားသည်။

**-- သေဆုံး --**

မကြာသေးမီကာလအတွင်းက လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် အစ္စရေးတို့အကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။ ဟစ်ဇ်ဘိုလာအဖွဲ့နှင့် အစ္စရေးတို့ ၂၀၀၆ ခုနှစ်အတွင်းက တစ်လကြာမျှ စစ်မက်ဖြစ်ပွားခဲ့ရာ လက်ဘနွန်ပြည်သူ ၁၂၀၀ ကျော်သေဆုံးရပြီး သေဆုံးသူအများစုမှာ အရပ်သားများဖြစ်ကြကြောင်း၊ အစ္စရေးဘက်မှ လူ ၁၆၀ ခန့် သေဆုံးပြီး သေဆုံးသူအများစုမှာ တပ်ဖွဲ့ဝင်များဖြစ်ကြကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# သမားရိုးကျ စွမ်းအင်သုံး မော်တော်ယာဉ်များ ထုတ်လုပ်၊ ရောင်းချမှု ပိတ်ပင်ရေး တရုတ်နိုင်ငံလေ့လာနေ

**ပေကျင်း စက်တင်ဘာ ၁၁**
သမားရိုးကျ စက်သုံးဆီများဖြစ်သည့် ဓာတ်ဆီနှင့်ဒီဇယ်ဆီတို့ကို အသုံးပြုကာ မောင်းနှင်သည့် မော်တော်ယာဉ်များ ထုတ်လုပ်မှုနှင့် ရောင်းချမှုတို့ကို မည်သည့် အချိန်ကာလမှ အစပြု၍ တားမြစ်ပိတ်ပင်သွားမည်ဆိုခြင်းနှင့်ပတ်သက်၍ တရုတ်အစိုးရအဖွဲ့က လေ့လာသုံးသပ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကားဈေးကွက်များအနက် အကြီးဆုံး ဈေးကွက်တည်ရာနိုင်ငံဖြစ်သည်။ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့တွင် ၂၀၄၀ ပြည့်နှစ်မှ အစပြု၍ ဓာတ်ဆီနှင့် ဒီဇယ်စွမ်းအင်သုံး မော်တော်ယာဉ်သစ်များ ထုတ်လုပ်၊ ရောင်းချမှုကို ပိတ်ပင်သွားမည်ဟု ထုတ်ပြန်ကြေညာခဲ့ကြသည့်နည်းတူ တရုတ်နိုင်ငံတွင်လည်း အလားတူ ပိတ်ပင်မှုပြုလုပ်ရေးကိစ္စနှင့် ပတ်သက်၍ အစိုးရက လေ့လာသုံးသပ်လျက်ရှိကြောင်း တရုတ်စက်မှုဝန်ကြီးဌာနနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး စင်ကွေ့ပင်က ပြောကြားသည်။

ကမ္ဘာ့နိုင်ငံအချို့တွင် သမားရိုးကျ စွမ်းအင်သုံး မော်တော်ယာဉ်များအား ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ကို မည်သည့်အချိန်အခါကာလမှ စတင်၍ ပိတ်ပင်မည်ဟူ၍ တိကျသော အချိန်ဇယား သတ်မှတ်ချက်များ ထားရှိကြကြောင်း စင်ကွေ့ပင်က ထျင်ကျင်းမြို့၌ ပြုလုပ်သော မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာ အခမ်းအနားတစ်ရပ်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၌ သမားရိုးကျ လောင်စာစွမ်းအင်သုံး မော်တော်ယာဉ်များ ထုတ်လုပ်၊ ရောင်းချခြင်းတို့ကို ကန့်သတ်နိုင်ရေးအတွက် မိမိတို့ လေ့လာသုံးသပ်လျက်ရှိပြီး သက်ဆိုင်ရာ အစိုးရဌာနများနှင့်အတူ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ကာ အချိန်ဇယားတစ်ခု ရေးဆွဲ၍ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လေထုညစ်ညမ်းမှု လျှော့ချနိုင်စေရေး အတွက်လည်းကောင်း၊ အသစ်ပေါ်ထွန်းလာသော ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းများနှင့် ကမ္ဘာ့မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများအကြား ယှဉ်ပြိုင်နိုင်စွမ်း ကွာဟချက်ကျဉ်းမြောင်းသွားစေရေး အတွက်လည်းကောင်း ၂၀၂၅ ခုနှစ်ထက် နောက်မကျစေဘဲ တရုတ်မော်တော်ကား အရောင်းပမာဏ၏ ငါးပုံတစ်ပုံထက် မနည်းမှာ လျှပ်စစ်ကားများနှင့် ဟိုက်ဘရစ်ကားများ (ဓာတ်ဆီအင်ဂျင်နှင့် လျှပ်စစ်မော်တာ နှစ်မျိုးရောစပ်အသုံးပြုသည့် ကားများ) ဖြစ်စေရန် ရည်မှန်းချက် ချမှတ်ထားကြောင်း စင်ကွေ့ပင်က ပြောကြားသည်။ **ရိုက်တာ။**

# စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှု အထိမ်းအမှတ် အခမ်းအနား နယူးယောက်၌ ကျင်းပ

**နယူးယောက် စက်တင်ဘာ ၁၁**
စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို အမှတ်တရဗိမာန်နှင့် ပြတိုက်တည်ရှိရာနေရာတွင် ယနေ့ ကျင်းပခဲ့ပြီး အခမ်းအနားကျင်းပမှုကို အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်က အိုစမာဘင်လာဒင်၏ အယ်လ်ခိုင်ဒါအဖွဲ့မှ အကြမ်းဖက်သမားများသည် ခရီးသည်တင်လေယာဉ်လေးစင်းကို ပြန်ပေးဆွဲကာ ကမ္ဘာ့ကုန်သွယ်ရေးဌာနအဆောက်အအုံ၊ ပင်တဂွန်စစ်ဌာနချုပ်နှင့် ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ ကွင်းပြင်တစ်ခုတို့ကို ပစ်မှတ်ထားကာ ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့ရာ လူပေါင်း ၃၀၀၀ ခန့် သေဆုံးခဲ့ရသည်။

**-- ကြေကွဲဖွယ် --**

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုသည် အမေရိကန်သမိုင်းတွင် ကြေကွဲဝမ်းနည်းဖွယ်ရာ အကောင်းဆုံးနေ့ရက်များအနက် နေ့ရက်တစ်ရက်ဖြစ်ကြောင်း အိမ်ဖြူတော်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။



၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် နံနက် အစောပိုင်းတွင် အကြမ်းဖက်သမား ၁၉ ဦးသည် ခရီးသည်တင်လေယာဉ်လေးစင်းကို ပြန်ပေးဆွဲခဲ့ကြသည်။

နံနက် ၈ နာရီ ၄၆ မိနစ်တွင် အမေရိကန်လေကြောင်းလိုင်း ခရီးစဉ်အမှတ် ၁၁ သည် ကမ္ဘာ့ကုန်သွယ်ရေးဌာန၏ မြောက်ဘက်တာဝါကို ဝင်တိုက်ခဲ့ပြီး ယူနိုက်တက် လေကြောင်းလိုင်း ခရီးစဉ်အမှတ် ၁၇၅ လေယာဉ်သည် တောင်ဘက်တာဝါကို နံနက် ၉နာရီ ၃ မိနစ်တွင် ဝင်တိုက်ခဲ့သည်။

**-- တိုက်ခိုက် --**

အခြား အကြမ်းဖက်သမား အုပ်စုတစ်စုကမူ အမေရိကန်လေကြောင်းလိုင်း ခရီးစဉ်အမှတ် ၇၇ လေယာဉ်ကို နံနက် ၉ နာရီ ၃၇ မိနစ်တွင် ပင်တဂွန်စစ်ဌာနချုပ် အတွင်းသို့ ထိုးဆင်း တိုက်ခိုက်ခဲ့သည်။ စတုတ္ထမြောက်လေယာဉ်ဖြစ်သော ယူနိုက်တက် လေကြောင်းလိုင်း ခရီးစဉ်အမှတ် ၉၃ လေယာဉ်မှာ နံနက် ၁၀ နာရီ ၃ မိနစ်တွင် ပင်ဆယ်ဗေးနီးယားပြည်နယ် ရှန်ငွဲ့ခ်ဗေးလ်ဒေသတွင် ပျက်ကျခဲ့သည်။ လေယာဉ်ပေါ်ရှိ ခရီးသည်များနှင့် အကြမ်းဖက်သမားတို့ တိုက်ခိုက်မှု ဖြစ်ပွားအပြီးတွင် ဖြစ်သည်။ ထိုလေယာဉ်၏ ဦးတည်ရာမှာ အမေရိကန်ကွန်ဂရက်လွှတ်တော်တည်ရှိရာ ကက်ပီတိုလ် အဆောက်အအုံ သို့မဟုတ် အိမ်ဖြူတော်ဖြစ်မည်ဟု ယူဆရသည်။ **ပီတီအိုင်။**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်လာသော ဒေသခံများအား အလှူငွေပေးအပ်ရန် စစ်တွေမြို့သို့သွားရောက်



**စစ်တွေ စက်တင်ဘာ ၁၁**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ခေါင်းဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးပါဝင်သောအဖွဲ့သည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အန္တရာယ်ကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသော ဒေသခံများအား အလှူငွေပေးအပ်ရန်အတွက် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စစ်တွေမြို့သို့ရောက်ရှိသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ကျော်ဇံနှင့် တာဝန်ရှိသူများက စစ်တွေ လေဆိပ်၌ လာရောက်ကြိုဆိုခဲ့ကြသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားတွေက ပြဿနာကို စလုပ်ခဲ့တယ်ဆိုတာ သမိုင်းမှာမရှိခဲ့ဘူး

**ဦးရာဂူးနေမြင့်**

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်တို့ဦးဆောင်၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ရသေ့တောင်၊ ဘူးသီးတောင်နှင့် စစ်တွေမြို့တို့ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ၎င်းတို့၏ လိုအပ်ချက်များအပေါ် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူတချို့၏ ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-**

**ဒေါက်တာသာညဏ်**
**(အထွေထွေအတွင်းရေးမှူး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရစ်ယာန်ဘာသာ)**

ကျွန်တော့်အနေနဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ အစီအစဉ်နဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဩဂုတ် ၂၅ ရက် ဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘာသာပေါင်းစုံအဖွဲ့ အစည်းအဝေး လုပ်တယ်။ အစည်းအဝေးလုပ်ပြီးတဲ့အခါ ဒေသခံတွေရဲ့ အခက်အခဲတွေကို ကူညီဖို့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အဲဒီတော့ မောင်တောဒေသကို သွားဖို့ ၁၀ ဦးပါဝင်တဲ့အဖွဲ့ ဖွဲ့လိုက်တယ်။ ဗုဒ္ဓဘာသာဝင်နှစ်ဦး၊ အစ္စလာမ် ဘာသာဝင်နှစ်ဦး၊ ဟိန္ဒူဘာသာဝင်နှစ်ဦး၊ ခရစ်ယာန်ဘာသာဝင်နှစ်ဦးအပြင် ကျွန်တော်ကတော့ အထွေထွေအတွင်းရေးမှူးတာဝန်နဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကိုယ်စားရောဆိုရင် အားလုံးပေါင်း ၁၀ ဦးလာရောက်ခြင်း ဖြစ်ပါတယ်။

အဲဒီတော့ တစ်ခုခုဖြစ်ပြီဆိုရင် ဒုက္ခသည်ရှိပြီ။ ဒုက္ခသည်တွေကို နေရာချထား ကျွေးမွေးဖို့လိုလာပြီ။ နောက်ပိုင်း ပြန်လည်ထူထောင်ရေး၊ နေရာချထားရေး အဲဒါတွေလည်း လိုပါတယ်။ ဒီဒေသမှာတော့ ကယ်ဆယ်ရေးက တော်တော်လေးကို အရေးကြီးနေပါတယ်။ နောက်ပြီး အထင်မမှားကြဖို့လည်း လိုတယ်။ မောင်တောဒေသမှာ ဖြစ်တဲ့ဖြစ်စဉ်က ဘာသာရေးလည်း မဟုတ်ဘူး။ လူမျိုးရေးလည်း မဟုတ်ဘူး။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိခိုက်စော်ကားနေခြင်းဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာလည်း ဒီလိုဖြစ်နေတာတွေရှိပါတယ်။ ထိုင်းနိုင်ငံတောင်ပိုင်းမှာဆိုလည်း ဒီလိုပြဿနာရှိနေတာပဲ။ အင်ဒိုနီးရှားမှာလည်း အသေးအဖွဲ ပြဿနာရှိနေတာပဲ။ ဒီတော့ ကျွန်တော်တို့နိုင်ငံမှာက ကြိုတင်ကာကွယ်ဖို့ အချိန်မီသေးတယ်။ အဲဒီအချိန်မီသေးတာကို ကျွန်တော်တို့ အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတွေ အတူတကွပူးပေါင်းလုပ်ဆောင်ဖို့လိုပါတယ်။

ဒီမှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေကို ကိုယ်ချင်းစာပါတယ်။ ဒီဒေသက သူတွေအားလုံးငြိမ်းချမ်းဖို့၊ နေရေးထိုင်ရေးမှာ အခက်အခဲမရှိဖို့ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်လေးစားဖို့လိုပါတယ်။ အမှန်မြင်ဖို့လည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ ကူညီဖို့လာခဲ့ခြင်းဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာခင်မောင်ထူး**
**(အဖွဲ့ဝင်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဗုဒ္ဓဘာသာ)**

မောင်တောဒေသမှာ ဖြစ်တဲ့ကိစ္စတွေအပေါ် ကျွန်တော်တို့အနေနဲ့ ဘယ်လိုများ တတ်နိုင်သလောက် ကူညီနိုင်မလဲဆိုတဲ့သဘောနဲ့ လာခဲ့တာပါ။ လိုအပ်ချက်တွေကို ဘယ်လိုများ ဖြည့်ဆည်းပေးနိုင်မလဲဆိုတာကို သိချင်တဲ့ အတွက်လည်း လာခဲ့တာပါ။ ကျွန်တော်တို့ ဒီမှာရောက်ပြီး သိရတာကတော့ အစွန်းရောက်အကြမ်းဖက်သမားတွေက ဘာသာရေးကိုခုတုံးလုပ်ပြီး သူတို့ လိုချင်တာကို အကြမ်းဖက်နည်းနဲ့ ရအောင်ယူမယ်ဆိုတဲ့ သဘောမျိုးနဲ့ လုပ်ကြတာပါ။ ကျွန်တော့်အနေနဲ့လည်း ဒေသခံပြည်သူတွေကို ဗြဟ္မစိုရ်တရား လေးပါးနဲ့ နေပေးဖို့ မှာခဲ့ပါတယ်။ နောက်ပြီး ပြောသမျှ ကောလာဟလတွေကို မယုံကြည်ဖို့၊ စူးစမ်းဆင်ခြင်ဆုံးဖြတ်ပြီးမှလုပ်ဖို့၊ ညီညွတ်ဖို့ ပြောခဲ့ပါတယ်။ နောက်တစ်ချက်က ကျန်းမာရေးနဲ့ပတ်သက်ပြီး တာဝန်ပေးရင်လည်း ကျွန်တော့် အနေနဲ့ လာဦးမှာပါ။ ကျန်းမာရေးအတွက် ဆရာဝန်တွေနဲ့ လိုအပ်တဲ့ ဆေးပစ္စည်းတွေကို ကူညီပေးမယ်။ အစားအစာတွေလည်း ထောက်ပံ့ကူညီပေးဖို့ စီစဉ်ထားပြီးပါပြီ။

**ဦးညွန့်မောင်သိန်း**
**(ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ အစ္စလာမ်ဘာသာ)**

ကျွန်တော်တို့အနေနဲ့ ဩဂုတ် ၂၅ ရက်က ဖြစ်ခဲ့တဲ့အဖြစ်အပျက်တွေ



ဒေါက်တာသာညဏ်



ဒေါက်တာခင်မောင်ထူး



ဦးညွန့်မောင်သိန်း



ဦးရာဂူးနေမြင့်

အားလုံးအပေါ်မှာ စာနာစိတ်ထားပြီးတော့ ဘယ်လိုပံ့ပိုးကူညီဆောင်ရွက် သွားမလဲ။ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ ကောလာဟလသတင်းတွေကို အဖြစ်မှန်တွေနဲ့ ဘယ်လိုဖြေရှင်းပေးနိုင်မလဲ။ ဒီမှာ ဒုက္ခရောက်နေတဲ့ ပြည်သူတွေအားလုံးကို အစွဲမထားဘဲနဲ့ ဘယ်လိုအကူအညီပေးနိုင်မလဲ။ အမြန်ဆုံး သူတို့ရဲ့မူလနေရာတွေကိုရောက်အောင် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတဲ့ ကိစ္စရပ်တွေကို သိရအောင်လာရောက်တာပါ။ ကျွန်တော်တို့လာတာဟာ အကူအညီပေးဖို့ သက်သက်သာဖြစ်ပါတယ်။ ကျန်တာဘာမှ မပါဘူး။ ရသေ့တောင်၊ မောင်တောနဲ့ ဘူးသီးတောင်မြို့တွေကိုသွားပြီး ဒေသခံ ဘာသာပေါင်းစုံက ပြည်သူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ မောင်တောမှာလည်း လူတွေခံစားနေရတာတွေကို တွေ့ရတယ်။ ဒီလိုခံစားနေရတာက အကြမ်းဖက်မှု ကြောင့်ပါ။ ဒီအကြမ်းဖက်မှုတွေကို ကျွန်တော်တို့ လက်မခံပါဘူး။

**ဦးရာဂူးနေမြင့်**
**(အဖွဲ့ဝင်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဟိန္ဒူဘာသာ)**

မြေပြင်မှာ အသက်အိုးအိမ်စည်းစိမ်အတွက် ဒုက္ခရောက်နေတဲ့သူတွေ အတွက် ကူညီကယ်ဆယ်ရေးအပိုင်းတွေ ဘယ်လိုဆောင်ရွက်ပေးရမလဲ။ ကူညီကယ်ဆယ်ရေးအပိုင်းပြီးရင် နောက်ပိုင်းမှာ လိုအပ်ချက်တွေ ဘယ်လို ဖြည့်ဆည်းဆောင်ရွက်ပေးရမလဲ။ အနာဂတ်မှာ သူတို့ရဲ့ ပြန်လည်ထူထောင်ရေး တွေ ဘယ်လိုလုပ်ပေးရမလဲဆိုတာကို လာရောက်လေ့လာတာပါ။

ဒီလိုအချိန်မှာ ဘာသာပေါင်းစုံ ငြိမ်းငြိမ်းချမ်းချမ်းနေရအောင်ဆိုပြီး ဆွေးနွေးဖို့အတွက် မဟုတ်ပါဘူး။ အဖြစ်မှန်ကို သိရဖို့လိုပါတယ်။ ဒါမှလည်း ကျွန်တော်တို့က နိုင်ငံတကာကို ပြန်ပြောပြလို့ရမယ်။ နောက်တစ်ခုက တကယ် လက်တွေ့ အခက်အခဲဖြစ်နေတဲ့၊ ဒုက္ခတွေခံစားနေရတဲ့ နေရပ်ရှောင်တွေကို ဘယ်လိုကူညီရမလဲ။ ပြီးတော့ သူတို့တွေရဲ့အနာဂတ်မှာ ဘယ်လိုပြန်လည် ထူထောင်ရေးတွေ လုပ်ပေးရမလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့တာလည်း ပါပါတယ်။

နိုင်ငံတကာမှာ လူနည်းစုတွေကို လူမျိုးတုံးသတ်ဖြတ်တယ်ဆိုတဲ့ပုံစံမျိုး အထိ ဖော်ပြနေတာတွေရှိတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ လူနည်းစုဆိုတာ ဘင်္ဂါလီလူနည်းစုလို့ သူတို့ကဆိုလိုချင်တာ။ ဒါပေမယ့် အဲဒီထဲမှာ တော်တော် နည်းတဲ့ လူနည်းစုမှာ ကျွန်တော်တို့ ဟိန္ဒူလူမျိုးတွေပါတယ်။ အခု ဒီဖြစ်စဉ်မှာ လည်း ကျွန်တော်တို့ဟိန္ဒူလူမျိုးတွေ တော်တော်အထိနာပါတယ်။ အသတ်လည်း ခံကြရတယ်။ အမျိုးသမီးတွေဆိုလည်း အဓမ္မပြုကျင့်ခံရတယ်။ တချို့ဆို ဘာသာကူးပြောင်းခံရတယ်။ ကျွန်တော်တို့သွားရောက် လေ့လာကြည့်တော့ ကလေးငယ်လေးတွေမှာဆို သေနတ်ဒဏ်ရာတွေရတာတွေ့ရတယ်။ ဘင်္ဂါလီ ရွာတွေထဲမှာက ကျွန်တော်တို့ ဟိန္ဒူလူမျိုးတွေက လူနည်းစုတွေဖြစ်တယ်။ ဟိန္ဒူတွေ အခုလိုထိခိုက်နေတယ်၊ သေကျေပျက်စီးနေတယ်၊ ဒုက္ခရောက်နေတယ် ဆိုတာတွေကို နိုင်ငံတကာမီဒီယာတွေက ပြောဆိုတာမရှိဘူး။

ကျွန်တော်တို့ မောင်တောဒေသခံတွေနဲ့ သွားရောက်တွေ့ဆုံတဲ့အခါမှာ ဟိန္ဒူဘာသာဝင်တွေလည်းပါတယ်။ ခရစ်ယာန်ဘာသာဝင်တချို့လည်းပါတယ်။ အစ္စလာမ်ဘာသာဝင်တွေလည်းပါတယ်။ အများစုကတော့ ရခိုင်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်တွေပါ။ အဲဒီမှာ တကယ်ဖြစ်ပျက်သွားတဲ့ ဖြစ်စဉ်တွေကို အားလုံး ရှေ့မှာ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းမေးကြတယ်။ ရခိုင်တိုင်းရင်းသားတချို့ ဖြစ်သွားတာတွေနဲ့ပတ်သက်ပြီး အတိအကျအသေအချာ ပြန်ပြောတဲ့အခါ အစ္စလာမ်ဘာသာဝင်တွေရှေ့မှာပဲ ပြောတာပါ။ သူတို့မငြင်းခဲ့ကြပါဘူး။ အခုလို ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး စိတ်မကောင်းဘူးဆိုတာကို အစ္စလာမ်ဘာသာဝင် တွေက ပြန်ပြောကြတယ်။

သေချာတာတစ်ခုကတော့ သူတို့ပြောသွားတာ မောင်တောမှာဆို ၉၈ ရာခိုင်နှုန်းက ဘင်္ဂါလီလူမျိုးတွေဖြစ်တယ်။ ရခိုင်တိုင်းရင်းသားတွေက နှစ်ရာခိုင်နှုန်းလောက်ပဲရှိတယ်။ အဲဒီလိုနေခဲ့ရာမှာ လူနည်းစုတိုင်းရင်းသား တွေက ဘယ်သောအခါမှ ပြဿနာကို စလုပ်ခဲ့တယ်ဆိုတာ သမိုင်းမှာမရှိခဲ့ဘူး။ အခုလည်းမလုပ်ဘူး။ နောင်လည်း လုပ်မှာမဟုတ်ဘူး။ ပြဿနာကို စလိုက်တိုင်းက ဒီ ၉၈ ရာခိုင်နှုန်းရှိတဲ့ ဘင်္ဂါလီတွေကစတယ်လို့ သူတို့က အားလုံးရှေ့မှာ ပြောတယ်။ အစ္စလာမ်ဘာသာဝင်တွေ ရှေ့မှာလည်းပြောတယ်။ အစ္စလာမ်ဘာသာဝင်တွေဘက်ကလည်း ငြင်းချက်ထုတ်တာ မတွေ့ရဘူး။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဒီလိုအကြမ်းဖက်တဲ့နည်းနဲ့ဆိုရင် အားလုံးထိခိုက် နစ်နာတယ်။ အကြမ်းဖက်မှုမျိုးကို လုံးဝလက်မခံဘူးဆိုတာ ပြောချင်ပါတယ်။

**သတင်း- တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ- မောင်မွေး**

# နယ်မြေလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မိုးကောင်း စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မြို့အဝင်အထွက်ဂိတ်များ၌ အရေးပေါ်ကာလစီမံချက် ကော်မတီဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က နယ်မြေလုံခြုံရေးအတွက် စက်တင်ဘာ ၁၀ ရက် ညပိုင်းမှစ၍ လှည့်ကင်းများ လှည့်လည်စစ်ဆေးခြင်း၊ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များအား မြို့အဝင်အထွက်ဂိတ်များ၌ ရပ်တန့်စစ်ဆေးခြင်းနှင့် ခိုးဝင်လာသူများ ဖြတ်ကျော်ဝင်ရောက်မှုရှိ၊ မရှိ စစ်ဆေးခြင်း၊ ဖောက်ခွဲဖျက်ဆီးမှုများ မဖြစ်ပေါ်စေရေးအတွက် လှည့်လည်စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**

## တရားမအထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၁**
ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ် အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ် အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်များ

နေပြည်တော် စက်တင်ဘာ ၁၁

**ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်မှုအန္တရာယ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများအား စစ်တွေမြို့နှင့် အခြားမြို့များတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။ အဆိုပါသတင်းတွင် -**



မောင်တောမြို့မှ ထွက်ပြေးတိမ်းရှောင်လာသူများအား ကူညီပေးနေသော ကြက်ခြေနီ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင် စုစုပေါင်း ၂၅ ဦးတို့သည် ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်တန်ရေယာဉ်ဖြင့် ဘူးသီးတောင်၊ မောင်တောဒေသမှ ထွက်ပြေးတိမ်းရှောင်လာသော ပြည်သူများကို စစ်တွေဆိပ်ကမ်းမှ ဘုန်းတော်ကြီးကျောင်းများသို့ ရွှေ့ပြောင်းပေးရန်အတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ပါက ကူညီဆောင်ရွက်ပေးရန် အသင့်ရှိနေပါကြောင်းနှင့် စစ်တွေလူမှုကွန်ရက်အဖွဲ့များနှင့်လည်း ချိတ်ဆက်ပြီး လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ သတင်းစကား**

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် အသက်စွန့်လွှတ်ခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ရခိုင်ပြည်နယ်အတွင်းတွင် လူမှုကရုဏာလုပ်ငန်းများဖြစ်သည့် လူထုအခြေပြု ရှေးဦးပြုစုခြင်း သင်တန်းများပို့ချခြင်း၊ လူထုအခြေပြု ကျန်းမာရေးနှင့် စောင့်ရှောက်မှုပေးခြင်း၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် စစ်တွေ၊ မြောက်ဦးနှင့် မင်းပြားတို့တွင် မြို့နယ်ရုံးခွဲများရှိပြီး ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များ၏ ဘေးကင်းလုံခြုံရေးကို အလေးထားသည့်အတွက် ရုံးခွဲများကို ဖွင့်လှစ်ထားသော်လည်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို ယာယီရပ်တန့်ထားပြီး အခြေအနေပေးလာပါက အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားရသူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ပေးအပ်ရန် အသင့်ရှိနေပါကြောင်း သတင်းစကားပေးပို့ခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက "မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေနဲ့ ထိခိုက်ခံစားရသူတွေကို လူမှုကရုဏာအကူအညီတွေပေးဖို့ အဆင်သင့်ရှိနေပါတယ်။ ရခိုင်ပြည်နယ်က ရုံးခွဲတွေမှာ ဝန်ထမ်းနဲ့ စေတနာလုပ်အားရှင်တွေ ရှိသလို ဌာနချုပ်အနေနဲ့လည်း လိုအပ်လာရင် စေလွှတ်ဖို့အဖွဲ့ကို အဆင်သင့် ပြင်ထားပါတယ်။ နောက်ပြီး အဓိက လိုအပ်လာနိုင်တဲ့ အစားအစာနဲ့ သောက်သုံးရေရရှိစေဖို့လည်း ကြိုတင်ပြင်ဆင်ထားပါတယ်။ ဝန်ထမ်းတွေနဲ့ စေတနာ လုပ်အားရှင်တွေရဲ့ ဘေးကင်းလုံခြုံမှုရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

**အသင့်စားခေါက်ဆွဲခြောက်ထုပ်များ လာရောက်လှူဒါန်း**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသော ပြည်သူများအတွက် ရည်ရွယ်၍ ဩဂုတ် ၃၀ ရက်တွင် Yathar Cho Industry Limited. Yum Yum Factory မှ မန်နေဂျာနှင့်အဖွဲ့သည် ငွေကျပ်သိန်းကိုးဆယ်ခန့် တန်ဖိုးရှိ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၅၆၁၆၀ ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲသို့ လာရောက် လှူဒါန်းခဲ့သည်။

**ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ ဆောင်ရွက်**

မောင်တောနှင့် ဘူးသီးတောင်မြို့တို့မှ ရေယာဉ်ဖြင့် တိမ်းရှောင်



လာသော ပြည်သူများအား ဩဂုတ် ၃၁ ရက်တွင် ရခိုင်အထူးစီမံချက်မှ ဝန်ထမ်းသုံးဦး အပါအဝင် ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့် ကြက်ခြေနီကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များက ယာယီခိုလှုံရာ စခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် နေရပ်စွန့်ခွာသူများ ယာယီနေထိုင်ရာ ဘုန်းကြီးကျောင်းများသို့ ရခိုင်အထူးစီမံချက်မှ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်တို့က လိုအပ်ချက်များကို သွားရောက်ဆန်းစစ်ခဲ့ပြီးနောက် နေရာအခင်းများအတွက် တာပေါ်လင်များ ခင်းပေးခဲ့သည်။

ထို့နောက် ICRC မှ WASH အဖွဲ့နှင့်အတူ အမျိုးသမီးများ ရေချိုးရန် အရေးပေါ်တာပေါ်လင် ရေကန်များနှင့် သောက်ရေအတွက် ဖိုင်ဘာရေပုံးကြီးများကိုလည်း တပ်ဆင်ပေးရန် ဆောင်ရွက်ခဲ့သည်။

တိမ်းရှောင်လာသော ပြည်သူများအတွက် အရေးပေါ်လိုအပ်လျက်ရှိသော တာပေါ်လင်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများနှင့် အစားအစာတို့ကို ထောက်ပံ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး သောက်သုံးရေရရှိရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**လူတိုင်းအတွက် အမြဲကူညီ**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များသည် မောင်တောနှင့် ဘူးသီးတောင်မြို့တို့မှ စစ်တွေမြို့သို့ တိမ်းရှောင်လာသော ပြည်သူများအား ယာယီခိုလှုံရာစခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

စက်တင်ဘာ ၂ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များသည် မောင်တော၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့တို့မှ စစ်တွေမြို့သို့ တိမ်းရှောင်လာသော ပြည်သူများအား ယာယီခိုလှုံရာစခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကယ်ဆယ်ရေးဦးစီးဌာန၏ ချိတ်ဆက်မှုဖြင့် မောင်တောမြို့နယ်ရှိ ယာယီခိုလှုံရေးစခန်းများတွင် အရေးပေါ်အိမ်သာများ ဆောက်လုပ်ရန်အတွက် တာပေါ်လင်များ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၃ ရက်တွင် ဘူးသီးတောင်၊ မောင်တောမြို့တို့မှ စစ်တွေမြို့သို့ အမြန်ရေယာဉ်များဖြင့် တိမ်းရှောင်လာသော ပြည်သူများကို ရခိုင်အထူးစီမံချက်မှ ဝန်ထမ်းများနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များက ယာယီခိုလှုံရာစခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် တာပေါ်လင်ဖြင့် ပြုလုပ်သော ရေကန်များကို ဓမ္မာရာမကျောင်း၌ နှစ်ကန်နှင့် မဏိရတနာကျောင်းတွင် တစ်ကန် ပြုလုပ်ပေးခဲ့ပြီး အဓိဋ္ဌာန်ဘုန်းကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့သည်။

မြောက်ဦးမြို့ လောကမာန်အောင်ဘုရားဓမ္မာရုံ၌ နေရပ်စွန့်ခွာသူ ၃၀ ရောက်ရှိလာပြီး မြောက်ဦးခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမောင်လှဦးဆောင်သော အဖွဲ့တို့မှ အလှူငွေများဖြင့် ဆန်၊ ခြင်ထောင်၊ ခတ်ဆားထုပ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

စက်တင်ဘာ ၅ ရက်တွင် မင်းပြားမြို့နယ် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် CBHFA စီမံချက်မှ ထောက်ပံ့သော ခတ်ဆားထုပ် ၃၀၀ ကို ဘူးသီးတောင်၊ မောင်တောမှ နေရပ်စွန့်ခွာ ရွှေ့ပြောင်းလာသော အိမ်ထောင်စု ၅၃ စု၊ အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ၁၀၇ ဦး စုစုပေါင်း ၁၇၂ ဦးအတွက် ထောက်ပံ့ပေးခဲ့သည်။

စက်တင်ဘာ ၆ ရက်တွင် ဘူးသီးတောင်၊ မောင်တောမြို့တို့မှ စစ်တွေမြို့သို့ အမြန်ရေယာဉ်များဖြင့် တိမ်းရှောင်လာသော ပြည်သူများကို ကြက်ခြေနီစေတနာ လုပ်အားရှင်များက ယာယီခိုလှုံရာစခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး၊ သူနာပြု နှစ်ဦးတို့နှင့်အတူ ကြက်ခြေနီ စေတနာလုပ်အားရှင် နှစ်ဦးတို့သည် နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့သည်။

သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ်တို့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် မအီမြို့ရှိ ဆွေမျိုးများနေအိမ်သို့ ရောက်ရှိနေသည့် မောင်တောမြို့နယ်မှ နေရပ်စွန့်ခွာ ရွှေ့ပြောင်းလာသော အိမ်ထောင်စုကိုးစု၊ လူဦးရေ ၄၂ ဦးတို့ကို လိုအပ်သည်များ ကူညီနိုင်ရန် သွားရောက်ခဲ့ပြီး Family Kit ကိုးခု၊ Hygiene Kit ကိုးခုနှင့် Dignity Kit ကိုးခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ**

စက်တင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှဦးဆောင်သောအဖွဲ့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့်တွေ့ဆုံကာ ပြည်နယ်အတွင်း ရှေ့ဆက်ဆောင်ရွက်မည့် လူမှုကရုဏာလုပ်ငန်းများအကြောင်း ဆွေးနွေးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံချက်လုပ်ငန်းများကိုသာမက အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားရသူများကို လူမှုကရုဏာဆိုင်ရာ အကူအညီများအား ထိထိရောက်ရောက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

စက်တင်ဘာ ၈ ရက်တွင် သံတွဲခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး(ဒုတိယတန်း) ဦးသန်းထွန်းဦးဆောင်၍ တပ်ဖွဲ့ဝင် လေးဦးသည် သံတွဲခရိုင် သံတွဲမြို့ ဒေါ်မြကျေးရွာသို့ နေရပ်စွန့်ခွာတိမ်းရှောင်လာသူ အိမ်ထောင်စု ခြောက်စုအတွက် လိုအပ်သော ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်အတွင်း တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)အဖွဲ့ဥက္ကဋ္ဌ ဦးယွက်စစ်နှင့်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(RCSS/SSA)တို့ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး သဘောတူစာချုပ်ပါ အချက်များအနက် နှစ်ဖက်နားလည်မှုနှင့် အယူအဆကွဲလွဲမှုအပေါ် အသေးစိတ် အပြန်အလှန်ဆွေးနွေးကြပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း ဆက်လက်အတူတကွလျှောက်လှမ်းရေးတို့ကို ဆွေးနွေးကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်း တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေး၊ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းစွာနှင့် ဖိစီးမှုကင်းစွာနေထိုင်နိုင်ရေး၊ လိုအပ်ချက်များ နှစ်ဖက်အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့်လေးစားမှုရှိစွာဖြင့် အပြန်အလှန်ထိတွေ့ဆက်ဆံမှု၊ တွေ့ဆုံဆွေးနွေးမှုများ စဉ်ဆက်မပြတ်လုပ်ဆောင်ခြင်းဖြင့် ခင်မင်ရင်းနှီးမှု၊ ယုံကြည်မှုများ တည်ဆောက်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဒီမိုကရေစီရွှေနိုင်ငံသစ်ဆီသို့ ချီတက်ရာဝယ်

**မောင်ခိုင်မာ(အထက်မင်းလှ)**

ယနေ့စာရေးသူတို့နိုင်ငံဟာ ဒီမိုကရေစီရွှေနိုင်ငံသစ်ဆီသို့ လျှောက်လှမ်းနေတဲ့နိုင်ငံဖြစ်ပါတယ်။ ဒီလိုလျှောက်လှမ်းတဲ့နေရာမှာ လိုအပ်တဲ့ ဒီမိုကရေစီအတွေ့အကြုံတွေ၊ အလေ့အကျင့်တွေဟာ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်တို့မှာ အားနည်းခဲ့တာအမှန်ပါ။ တကယ်တမ်းပြောရပါရင်လည်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအပြောင်းအလဲဟာ (၁၉) ရာစုနှောင်းပိုင်းနဲ့ (၂၀)ရာစုခေတ်ဦးမှာ ပေါ်ပေါက်ခဲ့တဲ့ အမေရိကနဲ့ အနောက်ဥရောပနိုင်ငံများရဲ့ ဒီမိုကရေစီအပြောင်းအလဲတွေလို စံတော်ဝင်ပုံစံ (Classical Model)မျိုးနဲ့ နှိုင်းယှဉ်လို့လည်း မဖြစ်နိုင်သေးကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးမှုနောက်ကျခြင်း၊ လူလတ်တန်းစားအလွှာ အားနည်းချည့်နဲ့နေခြင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပီပီပြင်ပြင်မရှိသေးခြင်းတို့ကြောင့် သတ်မှတ်ပြဋ္ဌာန်းပြီး အပြောင်းအလဲဖြင့်သာ စခန်းသွားရမည်ဖြစ်ကြောင်းကိုလည်း ပညာရှင်အချို့က ဆိုကြပါတယ်။ မည်သို့ဆိုစေ ကျွန်ုပ်တို့သည် ကမ္ဘာ့ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်(Democratization)မှာ လိုက်ပါပြောင်းလဲနေပြီး ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်လျှောက်လှမ်းနေသည့် အခါသမယဝယ် ဒီမိုကရေစီအကြောင်းခြင်းရာများကို လေ့လာသင့်ပါတယ်။

ယနေ့ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအသီးသီးဟာ မိမိနိုင်ငံရဲ့ ပကတိအရှိတရားများအပေါ်မှာ အခြေခံပြီး ဒီမိုကရေစီကို တည်ဆောက်နေပေမယ့် ဒီမိုကရေစီဆိုသည်မှာ နောက်ထပ်ဝေဖန်စရာ၊ သုံးသပ်စရာ၊ ပြင်ဆင်ဖြည့်စွက်စရာ မလိုဘဲ ပြီးပြည့်စုံနေပြီဟူ၍တော့ သတ်မှတ်၍မရပါ။ အားလုံးက တညီတညွတ်တည်း လက်ခံထားတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်မရှိသေးပါ။ ဥပမာ A Dictionary of Politics (Fourth Edition) မှာ "Democracy. From the Greek demos,people, and kratos,power,meaning government by the people. Democracy may be either direct, and exerted by popular assemblies or by plebiscites on all legislation, or indirect, and exerted by representative institutions..." ဟု ဖွင့်ဆိုပြသလို "ချိန်းဘား ၂၀ ရာစုအဘိဓာန်" (Chamber's Twentieth Century Dictionary) တွင် ဒီမိုကရေစီဆိုသည်မှာ ပြည်သူလူထုကြီးကပေးအပ်ထားသော အမြင့်ဆုံးအာဏာနှင့် အုပ်ချုပ်သည့် အစိုးရဖြစ်ပြီး သူတို့ကိုယ်တိုင် သို့မဟုတ် သူတို့က ခန့်အပ်ထားသည့် အရာရှိများမှတစ်ဆင့် အုပ်ချုပ်သည့် အစိုးရမျိုးဖြစ်သည်ဟု ဆို၏။

ဆရာကြီး ဒဂုန်တာရာက "ဒီမိုကရေစီဆိုတာ မတည့်အတူနေ သို့မဟုတ် မတူ၊ အတူနေဝါဒ"ဟု အဓိပ္ပာယ်ဖွင့်ဆိုသလို "ဒီမိုကရေစီစနစ်သည် တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် အခက်ခဲဆုံးစနစ်ဖြစ်သည်"ဟူ၍ စာရေးသူတို့မြန်မာနိုင်ငံသားဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က ဆိုသည်။ ဒီမိုကရေစီကို ယေဘုယျအားဖြင့် ပြည်သူလူထုအုပ်ချုပ်ခြင်းနှင့် ပြည်သူလူထုအတွက် အုပ်ချုပ်ခြင်း (တစ်နည်းအားဖြင့်) "လူအများအုပ်ချုပ်ခြင်း" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနေကြရပေသည်။

ကမ္ဘာ့သမိုင်းစာမျက်နှာများမှာ ဒီမိုကရေစီကို နာမဝိသေသနအမျိုးမျိုးတပ်ပြီး ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီ၊ လမ်းညွှန်ဒီမိုကရေစီ၊ ဒီမိုကရေစီသစ်၊ ပြည်သူ့ဒီမိုကရေစီ၊ အမျိုးသားဒီမိုကရေစီ၊ ပါတီစုံဒီမိုကရေစီဆိုပြီး အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကျင့်သုံးကြပေမယ့် အုပ်စုခွဲလိုက်ရင် တိုက်ရိုက်ဒီမိုကရေစီနဲ့ သွယ်ဝိုက်ဒီမိုကရေစီဆိုပြီး နှစ်မျိုးပဲရှိပါတယ်။ လူတို့ရဲ့ အရေးကိစ္စတွေကို လူတိုင်းက ပါဝင်ဆွေးနွေးပြီး အများက ဆုံးဖြတ်တာကို လူတိုင်းက လက်ခံဆောင်ရွက်တဲ့ တိုက်ရိုက်ဒီမိုကရေစီကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ လောက်က ဂရိမြို့ပြနိုင်ငံတွေမှာ စတင်ကျင့်သုံးနိုင်ခဲ့ပေမယ့် အဲဒီတိုက်ရိုက်ဒီမိုကရေစီကျင့်သုံးတဲ့ အေသင်မြို့ဟာ ဘီစီ ၃၃၂ မှာ မက်ဆီဒိုနီးယား(Macedonia) တွေရဲ့ တိုက်ခိုက်သိမ်းပိုက်တာခံလိုက်ရပြီး တိုက်ရိုက်ဒီမိုကရေစီပါ အဆစ်ပါသွားပါလေရော။

အဲဒီနောက်မှာတော့ ကိုယ်စားပြုဒီမိုကရေစီလို့ခေါ်တဲ့ သွယ်ဝိုက်ဒီမိုကရေစီပေါ်ထွန်းလာပါတယ်။ မြို့ပြနိုင်ငံတွေမှာ လူဦးရေတိုးပွားလာတော့ အရင်လို လူအားလုံးပါဝင်ရေးနဲ့ လူစုရေး၊ လူစုံရေးတို့ဟာ မလွယ်ကူတော့ပါဘူး။ ဒါကြောင့် စုစည်းဖို့အဆင်ပြေမယ့် အရေအတွက်သတ်မှတ်ပြီး ကိုယ်စားလှယ်အဖြစ် ရွေးရတာပေါ့။ ဒါပေမယ့် အင်အားများသူက အနိုင်ကျင့်မှာကို စိုးရိမ်ပြီး ထိန်းထိန်းသိမ်းသိမ်းလေးလုပ်ရအောင် ဖွဲ့စည်းပုံအခြေခံဥပဒေဒီမိုကရေစီပုံစံကို ကျင့်သုံးကြပါတယ်။ ဒီမိုကရေစီသမိုင်းကြောင်းကတော့ ရပ်တန့်မနေပါဘူး။ စီးပွားရေးမှာလည်း ဒီမိုကရေစီရှိရမယ်ဆိုတဲ့ အယူအဆနဲ့ စစ်မှန်သော ဒီမိုကရေစီ၊ တစ်နည်းအားဖြင့် ဆိုရှယ်(ဆိုရှယ်လစ်မဟုတ်ပါ) ဒီမိုကရေစီ (Social Democracy) အဆင့်ကို တက်လှမ်းကြပါတယ်။

ဒီမိုကရေစီဖြစ်ပေါ်ပြောင်းလဲမှုအစဉ်ကို ကြည့်ရင် လူတွေဟာ ဒီမိုကရေစီအဆင့် တစ်ဆင့်ပြီးတစ်ဆင့် ရောက်ရှိကူးပြောင်းဖို့ နှစ်ပေါင်းအတော်ကြာကြိုးစားခဲ့ရတာကို တွေ့ရမှာပါ။ ဥပမာ-တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးခဲ့တဲ့ ရောမအင်ပါယာပြိုကွဲပြီး ဥရောပမှာ အစိတ်အစိတ်အမြွှာမြွှာပြိုကွဲသွားတော့ မြို့ပြနိုင်ငံငယ်လေးတွေဟာ(၁၅)ရာစု၊ (၁၆)ရာစုမှာ ပျောက်ကွယ်သွားခဲ့ရပါတယ်။ (၁၇) ရာစုမှာ သက်ဦးစံပိုင်ဘုရင်စနစ်ပေါ်လာတယ်။ ပြင်သစ်နဲ့ အင်္ဂလန်မှာတော့ ဘုရင်စနစ်က (၁၁) ရာစုကတည်းက ပေါ်ပေါက်ခဲ့ပါတယ်။ ၁၂၁၄ ခုနှစ်မှာ ဘုရင်စနစ်ကနေ မြေရှင်နဲ့ မှူးကြီးမတ်ကြီးများပါဝင်တဲ့ ကိုယ်စားပြုဒီမိုကရေစီဆိုတာ ပေါ်လာပါတော့တယ်။ ဒါကိုကြည့်ရင် တိုက်ရိုက်ဒီမိုကရေစီကျဆုံးပြီး နှစ်ပေါင်း ၁၅၈၆ နှစ်ကြာမှ (အေသင်ကျဆုံးပြီး ဘီစီ ၃၃၂ + ခရစ်သက္ကရာဇ် ၁၂၁၄) ဒီမိုကရေစီရဲ့ ဒုတိယအဆင့်ဖြစ်သော သွယ်ဝိုက်ဒီမိုကရေစီဟာ အင်္ဂလန်သို့ ရောက်ရှိလာခြင်းဖြစ်ပါတယ်။

ဒီမိုကရေစီရဲ့ သဘောတရား အနှစ်သာရက ကောင်းပင်ကောင်းငြားသော်လည်း ကျင့်သုံးကြတဲ့လူတွေရဲ့ ချို့ယွင်းအားနည်းမှုကြောင့် သမိုင်းတစ်ကွေ့မှာ ဒီမိုကရေစီရှင်သန်မှု အားနည်းနွမ်းကွေးခဲ့သည်မှာလည်း အမှန်တရားဖြစ်ပါတယ်။ သမိုင်းကြောင်းတစ်လျှောက် ကမ္ဘာ့မြေပြင်ဝယ် ဒီမိုကရက်တိုက်ဇေးရှင်းဖြစ်စဉ်များကို လှိုင်းကြီး သုံးလှိုင်းဖြင့် ဖော်ပြရာမှာ ၁၉၅၅ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံပေါင်း ၈၆ နိုင်ငံမှာ ဒီမိုကရေစီ ကူးပြောင်းမှု ၁၁၅ ကြိမ် ဖြစ်ပေါ်ခဲ့သော်လည်း အချို့နိုင်ငံများက ဒီမိုကရေစီကို သွင်းကုန်တစ်ရပ်သဖွယ် ဆောင်ရွက်မှုနှင့် အခြေခံဥပဒေပါ ဒီမိုကရေစီကျင့်စဉ် အနှစ်သာရများအပေါ် အကောက်အယူလွဲမှားမှုစသည်တို့ကြောင့် ၁၇ ရာခိုင်နှုန်းလောက်သာ ခိုင်မာပြီး ရေရှည်တည်တံ့တဲ့ ဒီမိုကရေစီအဆင့်ကို ကူးပြောင်းနိုင်တယ်လို့ ပညာရှင်များက ထောက်ပြကြပါတယ်။ ဒါကြောင့်လည်း တွေးခေါ်ပညာရှင်များက ဒီမိုကရေစီရဲ့အနှစ်သာရမချို့ယွင်းရအောင် ထောက်ပြကြတဲ့အထဲက နှစ်ခုလောက်ကို တင်ပြဝေမျှပါရစေ-

ရယ်ဂျီနယ်ဘက်ဆက် (Reginald Basses) က "ဒီမိုကရေစီဆိုတာ အနှစ်သာရအားဖြင့် နိုင်ငံရေးလုပ်ငန်းတွေကို သိမ်သိမ်မွေ့မွေ့၊ ယဉ်ယဉ်ကျေးကျေးနဲ့ ပြီးမြောက်စေခြင်းပဲ ဖြစ်ပါတယ်။ သဘောချင်း မျှတမှုမရမချင်း ဆွေးနွေးကြရတာ၊ အပေးအယူလုပ်ကြရတာဖြစ်တော့ ဒီမိုကရေစီကို စိတ်ရှည်သည်းခံခြင်း၊ အလျှော့အတင်းပြုလုပ်ရခြင်းတို့အပေါ်မှာ အခြေခံရမှာဖြစ်ပါတယ်"လို့ ဆိုပါတယ်ဗျာ။ တောကဗီးလ် (Tocqueville) ကတော့ "အမေရိကန်ဒီမိုကရေစီအကြောင်း"ဆိုတဲ့ နှစ်စောင်တွဲစာအုပ်မှာ "အများ ဆုံးဖြတ်တာနာယူရေးကို အခြေခံတဲ့ ဒီမိုကရေစီဟာ သက်ဦးဆံပိုင်ဘုရင်စနစ်လိုပဲ သေဆိုသေ၊ ရှင်ဆိုရှင်ဆိုတဲ့ အနေအထားထက် ဘာမှပိုနိုင်စရာမရှိဘူး။ အများစုရဲ့ တရားလက်လွှတ်ဖိစီးနှိပ်စက်မှု (Tyramy of the Majority) တွေ မခံရအောင် အစီအမံတွေရှိရမယ်" လို့ ဆိုပြန်ကြောင်း ဖတ်၊ မှတ်ထားမိပါတယ်။ ခုခေတ်လိုဆိုရင်တော့ "ဒီမိုကရေစီအနိုင်ကျင့်မှု"လို့ ခေါ်ဆိုနိုင်မှာပေါ့။

ဒီမိုကရေစီဖြစ်ထွန်းမှု အဆင့်ဆင့်ရဲ့ လက်ရှိအနေအထားကို ကြည့်မယ်ဆိုရင် ၁၉၉၇ ခုနှစ် စက်တင်ဘာလမှာ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ ကျင်းပတဲ့ "အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ"အခမ်းအနားက အတည်ပြုပြီးနောက် ၁၀ နှစ်အကြာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှာ ကျင်းပတဲ့ ကုလသမဂ္ဂ (၆၂) ကြိမ်မြောက် အထွေထွေညီလာခံကြီးက "ဒီမိုကရေစီကြေညာစာတမ်း" ကို အတည်ပြုခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ကိုင်ရို အခမ်းအနားကျင်းပခဲ့တဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်စက်တင်ဘာ ၁၅ ရက်ကို "အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့" အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒီလိုသတ်မှတ်ပြီး ၂၀၀၈ ခုနှစ်ကစလို့ "ဒီမိုကရေစီနိုင်ငံများကို ဂုဏ်ပြုရန်၊ ဒီမိုကရေစီကျင့်စဉ်များကို မြှင့်တင်ပေးရန်၊ ပြည်သူတို့အကြား ဒီမိုကရေစီစိတ်ဓာတ်အစဉ်နိုးကြားနေစေရန်၊ အနာဂတ်ကာလများတွင်လည်း ဒီမိုကရေစီကျင့်စဉ်များကို စဉ်ဆက်မပြတ်ဖော်ဆောင်ရန်" စသည့် ရည်ရွယ်ချက်များဖြင့် ဒီမိုကရေစီနေ့အခမ်းအနားများကို ကျင်းပကြလျက်ရှိပါတယ်။ အဆိုပါ အခမ်းအနားတိုင်းမှာ ရှေ့လုပ်ငန်းစဉ်အဖြစ် ဆောင်ပုဒ်တစ်ခုချမှတ်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းပါဝင်စို့"ဟူ၍ ဖြစ်ပါတယ်။

တကယ်တော့ ဒီမိုကရေစီရဲ့ အနှစ်သာရဟာ လွတ်လပ်စွာ. . .၊ လွတ်လပ်စွာ. . .၊ လွတ်လပ်စွာ. . . တို့ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ဒီမိုကရေစီအရေးမှာ ပြည်သူတွေလွတ်လပ်မှု ရှိကိုရှိရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလွတ်လပ်မှုတွေကို အာမခံပေးနိုင်ဖို့ကတော့ ယဉ်ကျေးမှုအစဉ်အလာ၊ ဓလေ့ထုံးတမ်း၊ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေ (တရားဥပဒေစိုးမိုးရေး) နဲ့ ထိန်းသိမ်းကြရမှာပါ။ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ကျင့်ဝတ်စတာတွေနဲ့ ဝန်းရံပေးကြရမှာပါ။ ကမ္ဘာ့နိုင်ငံအသီးသီးဟာ နိုင်ငံနဲ့ ပြည်သူကောင်းစားရေးအတွက် နည်းလမ်းတွေ၊ နည်းစနစ်တွေ၊ ဝါဒစနစ်တွေ ကောင်းသည်ထက်ကောင်းအောင် စဉ်းစားဖော်ထုတ်ကြိုးပမ်းနေကြပေမယ့် ကျေနပ်လောက်တဲ့၊ ပြီးပြည့်စုံတဲ့အဆင့်မျိုးတော့ မရကြသေးပါဘူး။ စနစ်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်ကို နှိုင်းယှဉ်ပြီး ကိုယ့်နိုင်ငံကိုယ့်လူမျိုးနဲ့ သင့်လျော်အပ်စပ်မယ်ထင်တာတွေကို ရွေးချယ်ပုံဖော်နေကြရတဲ့အဆင့်နဲ့ပဲ ကျေနပ်နေကြရတာပါ။

တစ်ဖက်မှာလည်း နိုင်ငံအသီးသီးဟာ သူ့နိုင်ငံရဲ့ ပကတိသမိုင်းရေးရာ အကန့်အသတ်တွေနဲ့ ငြိမ်းချမ်းရေးအပါအဝင် ပေးထားချက်တွေက ရှိနေပြန်တော့ နိုင်ငံအတွင်းမှာ ရှိနေကြတဲ့ ပြည်သူတွေ၊ ပါတီတွေနဲ့ အစိုးရဆိုတဲ့ ဒီမိုကရေစီ ဒေါက်တိုင် သုံးတိုင်ရဲ့ စိတ်နေသဘောထားတွေ၊ အသိအလိမ္မာတွေအပေါ် အခြေပြုပြီး ရင့်ကျက်သော၊ ကျစ်လျစ်သော ဒီမိုကရေစီကိုတည်ဆောက်နိုင်မှသာလျှင် ဒီမိုကရေစီ ရွှေနိုင်ငံသစ်ဆီသို့ ဘေးမသန်း အေးချမ်းစွာနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိမှာဖြစ်တယ်ဆိုတာ ဒီမိုကရေစီဖြစ်စဉ် သမိုင်းကြောင်းများက မီးမောင်းထိုးပြနေကြောင်းပါခင်ဗျား. .။ ။

ဒီမိုကရေစီအရေးမှာ ပြည်သူတွေလွတ်လပ်မှု ရှိကိုရှိရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလွတ်လပ်မှုတွေကို အာမခံပေးနိုင်ဖို့ကတော့ ယဉ်ကျေးမှုအစဉ်အလာ၊ ဓလေ့ထုံးတမ်း၊ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေ(တရားဥပဒေစိုးမိုးရေး)နဲ့ ထိန်းသိမ်းကြရမှာပါ။ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ကျင့်ဝတ်စတာတွေနဲ့ ဝန်းရံပေးကြရမှာပါ။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှု အခြေအနေများ၊ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နေမှု အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

# ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဝန်ထမ်းများအားစုဖွဲ့၍ အလှည့်ကျစေလွှတ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ထမ်းများအားစုဖွဲ့၍ ရခိုင်ပြည်နယ်သို့ အလှည့်ကျစေလွှတ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။



အဆိုပါဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စက်တင်ဘာ ၁၀ ရက်တွင် စစ်တွေမြို့ လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မောင်တောဒေသမှ လူနည်းစု ဒေသခံတိုင်းရင်းသားများဖြစ်သော မြို၊ သက်၊ ဒိုင်းနက်၊ ခမီ၊ မရမကြီး လူမျိုးများနှင့် ဟိန္ဒူဘာသာဝင်များသည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် စိုးရိမ်ထိတ်လန့်ပြီး မိမိတို့နေရပ်များကိုစွန့်ခွာကာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ ဘူးသီးတောင်၊ မောင်တောမြို့ပေါ်များရှိ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပါကြောင်း။

နေရပ်စွန့်ခွာလာသူများကို ရိက္ခာနှင့်အခြားလိုအပ်သည်များအား ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးခြင်းလုပ်ငန်းများ၊ ကလေးများအတွက် ကလေးပျော်နေရာများ ဖန်တီးခြင်းနှင့်ကလေးများကျန်းမာကြံ့ခိုင်စေရန် ဆောင်ရွက်ပေးခြင်းနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းဆက်တက်နိုင်ရေးအတွက်လည်း ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဦးချင်းစီအတွက် အသေးသုံးထောက်ပံ့ငွေနှင့် လိုအပ်သော လူသုံးကုန်ပစ္စည်းများကို ဝန်ကြီးဌာနသို့ အလှူရှင်များက လှူဒါန်းထားရှိသော လှူဒါန်းငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူနှင့်တစ်သားတည်းဖြစ်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကလည်း အဆိုပါ အလှည့်ကျတာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ဒေသအခြေအနေများကို ရှင်းလင်းပြောကြားကာ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)မှ ညီအစ်ကိုများနှင့် မိသားစုများ၏ လှူဒါန်းငွေကျပ် ၁၀ သိန်းကို စက်တင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမဆောင်၌ အလှူရှင်များကိုယ်စား ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)ကလည်းကောင်း၊ ယနေ့တွင် နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ တောင်တွင်းကြီးမြို့နယ် ရခိုင်ဒေသ ဒုက္ခသည်များကူညီထောက်ပံ့ရေးအဖွဲ့က အလှူငွေကျပ် ၁၈၈၅၀၀၀၀ ကို မကွေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်နှင့် အလှူရှင်များက လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က လည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ကျန်းမာရေးစောင့်ရှောက်မှုအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြန်မာခရီးသွားဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်)၊ တံတားဦးဟိုတယ်စီမံကိန်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့က လှူဒါန်းသော စုစုပေါင်း အလှူငွေကျပ် ၇၆၀၅၀၀၀၀ တို့ကို တာဝန်ရှိသူများက လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လှူဒါန်းပစ္စည်းနှင့် လှူဒါန်းငွေများကို ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများအတွက် လိုအပ်သောကူညီထောက်ပံ့မှုများတွင် စနစ်တကျထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြစ်ရေကြီးမှုအခြေအနေ

### စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် တောင်ငူမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# မောင်တောဒေသလုံခြုံရေး၊ နယ်မြေစိုးမိုးရေး၊ အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် နေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ စက်တင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မောင်တောဒေသအတွင်း ပျက်စီးသွားသောကျေးရွာများ၊ အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် နေရပ်စွန့်ခွာဒေသခံများ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ မောင်တောဒေသသို့ သွားရောက်ကြည့်ရှုသည်။

ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်တောခရိုင်အတွင်းရှိ အငူမော်၊ ကျောက်ပန္ဒု၊ အလယ်သံကျော်၊ ဥဒေါင်း၊ ကိုင်းကြီး၊ သရေကုန်းဘောင်၊ ကျီးကန်းပြင်၊ လောင်းဒုံ၊ ကြိမ်ချောင်း၊ တရိန်း၊ ဝက်ကြိမ်း၊ သက်ကိုင်ညာ၊ နန်းရာကိုင်း၊ ခမောင်းဆိပ်၊ အောင်ဇံကျေးရွာများကို ရဟတ်ယာဉ်ဖြင့်လှည့်လည်ကြည့်ရှုပြီး ဘူးသီးတောင်မြို့၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောနှင့်တွေ့ဆုံကာ ဒေသလုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် နယ်စပ်ခြံစည်းရိုး၊ နယ်စပ်ပတ်လမ်း၊ ချဉ်းကပ်လမ်း ပြုပြင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသတွင်းနေထိုင်လျက်ရှိကြသည့် ပြည်သူလူထုအတွက် စားနပ်ရိက္ခာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(သတင်းအဖွဲ့)**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

**✱ ရခိုင်ပြည်နယ်မှ**

အင်အားချည့်နဲ့သွားစေရန် ကြံရွယ်ဆောင်ရွက်ခဲ့သည်မှာ သိသာထင်ရှားပါသည်။

မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် ဥပဒေစည်းမျဉ်းစည်းကမ်းများအား တိတိကျကျလိုက်နာကြရန်နှင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန်အတွက်လည်းကောင်း၊ တည်ငြိမ်မှု ပြန်လည်ရရှိရေးအတွက် မိမိတို့၏ တရားသောတာဝန်ကို ထမ်းဆောင်ကြရာတွင် အပြစ်မဲ့ပြည်သူများအား မထိခိုက်စေရေးနှင့် မလိုလားအပ်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အပြည့်အဝ ကြိုးပမ်းဆောင်ရွက်ကြရန်လည်းကောင်း ညွှန်ကြားထားရှိပြီး ဖြစ်ပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိလျှင်လည်းကောင်း၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်အားနည်းစေနိုင်သော လုပ်ရပ်မှန်သမျှကိုလည်းကောင်း တရားဥပဒေစံနှုန်းများနှင့်အညီ တိကျစွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်စေခဲ့ပြီး အကျိုးဆက်အနေဖြင့် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် လူနည်းစုတိုင်းရင်းသားများဖြစ်ကြသည့် မြို၊ ဒိုင်းနက်နှင့် ကမန်တို့အပါအဝင် လူမှုအသိုင်းအဝိုင်းအားလုံးမှ ပြည်သူများလည်း မိမိတို့၏နေရပ်ကို စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ သို့သော် ၎င်းလူနည်းစုတိုင်းရင်းသားများ၏ ဒုက္ခကံကြမ္မာများကိုမူ နိုင်ငံတကာက မသိကျိုးကျွံပြုခဲ့ကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရပါသည်။

ဖြစ်ပေါ်နေသည့် ရှုပ်ထွေးသိမ်မွေ့သည့် အခြေအနေများအပေါ် ဘက်လိုက်မှုမရှိဘဲ မျှမျှတတပြည့်ပြည့်စုံစုံ ရှုမြင်နိုင်ကြစေရေးအတွက် အစိုးရအနေဖြင့် ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းထောက်များကို ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ကြရသည့် ပြည်သူများအားလုံး၏ အခက်အခဲများ လျော့ပါးသက်သာစေရန်အတွက် မြန်မာအစိုးရအနေဖြင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို မဆိုင်းမတွ ထောက်ပံ့ပေးလျက်ရှိပါသည်။

နေရပ်စွန့်ခွာ တိမ်းရှောင်ကြရသည့် လူမှုအသိုင်းအဝိုင်းများ အားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဘက်လိုက်ခွဲခြားမှုမရှိစေဘဲ ပေးအပ်သွားမည်ဖြစ်ပါသည်။ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်ထားသော မြန်မာအစိုးရဦးဆောင်သည့် အကူအညီပေးရေး ယန္တရားတစ်ရပ်မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ အဆိုပါ အကူအညီပေးရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ကူညီပံ့ပိုးရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများ၏ ကမ်းလှမ်းမှုများကို မြန်မာအစိုးရအနေဖြင့် ကြိုဆိုသွားမည်ဖြစ်ပါသည်။

မြန်မာအစိုးရအနေဖြင့် မစ္စတာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို ကြိုဆိုကြောင်း ဩဂုတ်လ ၂၄ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အကြံပြုချက်များအား အကောင်အထည်ဖော် တိုးတက်မှုအခြေအနေကို လေ့လာစောင့်ကြည့်မည့် ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်ကိုလည်း ဆောလျင်စွာ ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ ကော်မတီလုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ပြည်တွင်းပြည်ပမှ ထင်ရှားသူများပါဝင်မည့် အကြံပေးအဖွဲ့တစ်ရပ်ကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ပံ့ပိုးပေးကြခြင်းသည်သာ ဤကိစ္စဖြေရှင်းရေးအတွက် အကောင်းဆုံး ကူညီနိုင်မည့်နည်းလမ်းဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်။**

# တောင်တွင်းကြီးမြို့ ဆူပူမှုတွင် ပါဝင်သူများအား ဖမ်းဆီးရမိ၊ ကျန်ရှိသူများ ဆက်လက်ဖော်ထုတ်၊ ဥပဒေနှင့်အညီ အရေးယူမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

တောင်တွင်းကြီးမြို့ အုန်းတော (၁)ရပ်ကွက် တောင်တွင်းကြီး - မကွေး ကားလမ်းမပေါ်ရှိ နေအိမ်အား ယမန်နေ့ညပိုင်းက မျက်နှာတွင် နှာခေါင်းစည်းပါ လူငယ် ၅၀ ခန့် (စိစစ်ဆဲ)မှ ခဲများဖြင့် ပစ်ပေါက်ခဲ့ပြီး နိုင်ငံတော်သီချင်းသီဆို ကြွေးကြော်ကာ ရွှေကြာအင်း (၁)ရပ်ကွက်ရှိ ဗလီဘက်သို့ ထွက်ခွာသွားခဲ့ကြောင်း။

အဆိုပါအဖွဲ့သည် ည ၈ နာရီခန့်တွင် မကွေး-တောင်တွင်းကြီး ကားလမ်း ရွှေကြာပင် (၂)ရပ်ကွက်ရှိ ဗလီတံခါးကိုလည်းကောင်း၊ ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် ၎င်းကားလမ်းဘေးရှိ သမာအာဇီဝစတိုးဆိုင်ကိုလည်းကောင်း ခဲများဖြင့် ပစ်ပေါက်ခဲ့ကြောင်း။

ဖြစ်စဉ်များကြောင့် ည ၉ နာရီခန့်တွင် ဗလီ၏မြောက်ဘက် မကွေး-တောင်တွင်းကြီး ကားလမ်းမပေါ်၌ လေးခွများ၊ ကျောက်ခဲများကိုင်ဆောင်ထားသည့် လူ ၇၀ ခန့်၊ ဗလီ၏ အရှေ့တောင်ဘက် လမ်းမပေါ်၌ လာရောက်ကြည့်ရှုသည့် လူ ၄၀၀ ခန့် စုဝေးလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် အသံချဲ့စက်ဖြင့် အကြိမ်ကြိမ်သတိပေးခဲ့ကြောင်း။

သို့သော် လူစုမခွဲသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ညာသံပေးပြီး ဒိုင်းများဖြင့် တွန်းထုတ်ခဲ့ရာ ၉ နာရီ မိနစ် ၃၀ ခန့်တွင် လူစုခွဲ ထွက်ပြေးသွားခဲ့ကြောင်း၊ ခဲဖြင့်ပစ်ပေါက်သည့်အဖွဲ့မှ မောင်းတိုင် (၂)ရပ်ကွက် တောင်တွင်းကြီးမြို့နေ နှင်းကိုကိုလင်း (ခေါ်) နှင်းကိုကိုအား လေးခွ တစ်လက်၊ အုတ်နီခဲ တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ ခဲဖြင့်ပစ်ပေါက်သည့် ရည်ရွယ်ချက်မှာ မောင်တောဒေသရှိ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသောကြောင့် ပစ်ပေါက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဦးစိုးမြင့်လေး၏ လိုင်းသစ်မိုဘိုင်းဖုန်းနှင့် အပိုပစ္စည်းအရောင်းဆိုင်၊ ကိုဟာနစ် (စိစစ်ဆဲ)၏ လက်ဖက်ရည်ဆိုင်၊ ဒေါ်မျိုးမျိုးဝင်း (စိစစ်ဆဲ)၏ ကုန်စုံဆိုင်၊ ကိုအောင်ဝင်း (စိစစ်ဆဲ)၏ အိရတနာဖြိုးထမင်းဆိုင်၊ ဦးမြင့်စိုး (စိစစ်ဆဲ)၏ ကွမ်းယာခုံ၊ ဦးသန်းလှိုင်(စိစစ်ဆဲ)၏ နေအိမ်၊ ဦးအေးလွင် (စိစစ်ဆဲ)၏ နေအိမ်နှင့် ဦးမွတ်တား (စိစစ်ဆဲ)၏ နေအိမ်တို့ ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် နှင်းကိုကိုလင်း(ခေါ်) နှင်းကိုကိုအား ယမန်နေ့ ညက ဖမ်းဆီးရမိခဲ့ပြီးနောက် ယနေ့နံနက်ပိုင်း၌ တောင်တွင်းကြီးမြို့ ရွှေအိုး (၂)ရပ်ကွက်နေ အဖ ဦးမာ၏သား စိုးသူ (၃၃)နှစ်နှင့် အဖ ဦးလှအောင်၏သား သိန်းဇံဌေး (၂၂)နှစ်၊ ရွှေကြာအင်း (၁)ရပ်ကွက်နေ အဖ ဦးတင်မောင်လင်း၏သား နိုင်အောင်ထက် (၂၇)နှစ်နှင့် အဖ ဦးအောင်ကျော်မိုး၏ သား စည်သူအောင် (၁၈)နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ငါးဦးကို ထိန်းသိမ်း၍ စိစစ်မေးမြန်းလျက်ရှိသည်။

ဖြစ်စဉ်တွင် ပါဝင်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း၊ လူအုပ်စုဖြင့် မတည်မငြိမ်ဖြစ်စေရန် ဆောင်ရွက်ခဲ့သူများအားလုံးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤဖြစ်စဉ်ကို ဥပမာထား၍ ပြည်သူများအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် သတိရှိရှိ ဆင်ခြင်သုံးသပ်၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းထားကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သိရှိရသည်။ **(သတင်းစဉ်)**

နေအိမ်နှင့်စျေးဆိုင်ခန်းများ ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ



**❍ မြန်မာမှ**

**မြန်မာ - ခုနစ်ဂိုး**
**ဖိလစ်ပိုင် - ဂိုးမရှိ**

မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သောကြောင့် နောက်ဆုံးပွဲတွင် ဗီယက်နမ်အသင်းကို အနိုင်ရမှသာ ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးပေါက်ပျောက်ဆုံးခဲ့ပြီး ဒုတိယပိုင်းမှသာ ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဘရူနိုင်းအသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအနည်းငယ်ပြုလုပ်ခဲ့သည်။ ပထမပွဲတွင် ဗီယက်နမ်အသင်း အနိုင်ရခဲ့သောကြောင့် မြန်မာအသင်းသည် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူရမည်ဖြစ်ရာ ယင်းဖိအားကြောင့် ဖိကစားနိုင်သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်များ မဖန်တီးနိုင်ခဲ့ပေ။ ပထမပိုင်းတွင် မြန်မာအသင်း တိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ ခေါင်းတိုက်ဂိုး၊ မြတ်ကောင်းခန့်၏ ကန်သွင်းချက်များ လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။

ပထမပိုင်းတွင် ဂိုးမရခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် ပြည့်စုံနိုင်ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ၅၁ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး လူစားဝင် ကစားသမား ပြည့်စုံနိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၅ မိနစ်တွင် ဝင်းနိုင်ထွန်းက ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း စိတ်ကြိုက်ကစားသွားပြီး ဖိလစ်ပိုင်နောက်တန်းပြိုဆင်းသွားခဲ့သည်။

၆၃ မိနစ်တွင် ဝင်းနိုင်ထွန်းက တတိယဂိုးသွင်းယူခဲ့ပြီး မိနစ် ၇၀ ကျော်မှ ဂိုးများထပ်ရခဲ့သည်။ ၇၃ မိနစ်တွင် ပြည့်စုံနိုင်၊ ၇၅ မိနစ်တွင် မြတ်ကောင်းခန့်တို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ မြန်မာကစားသမားများမှာ ဂိုးထပ်ရရန်အားထည့်လာခဲ့ပြီး ၈၄ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၈၈ မိနစ်တွင် မြတ်ကောင်းခန့်တို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

ပထမပွဲတွင် ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း ဗီယက်နမ်အသင်းက အဆုံးသတ် သေချာခဲ့၍ ဂိုးပြတ်ခဲ့ခြင်းဖြစ်ပြီး လီမင်နမ်က နှစ်ဂိုး၊ မူဟောင်ဗီအန်က တစ်ဂိုးတို့ သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲကစား ကိုးမှတ်၊ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့က သုံးပွဲကစား ခြောက်မှတ်စီ၊ ဘရူနိုင်းအသင်းက သုံးပွဲကစားသုံးမှတ်ရထားပြီး ဖိလစ်ပိုင်အသင်းက လေးပွဲကစားလေးပွဲစလုံးရှုံးပြီး အမှတ်မရရှိခဲ့ပေ။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

**● ကျောဖုံးမှ**

မကွေးအသင်းသည် နိုင်ငံခြားသားကစားသမားများအပါအဝင် ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်ဇင်လွင်၊ ဆက်ဖြိုးဝေတို့ဖြင့် လူစုံပါဝင်ခဲ့ပြီး Southern အသင်းတွင်လည်း ဂူစတာဗိုမှလွဲ၍ အမာခံကစားသမား အစုံအလင် ပါဝင်ခဲ့သည်။ ပထမပိုင်းတွင် မကွေးအသင်းက ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးချိုထွန်း အပိုင်အခွင့်အရေး နှစ်ကြိမ်လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ Southern အသင်းသည် အဝေးကွင်း၌ ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဂူစတာဗိုမပါသောကြောင့် အားပျော့ခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် မကွေးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ပင်နယ်တီဧရိယာစည်းထိပ်တွင်ရရှိသည့် ပြစ်ဒဏ်ဘောကို တိုက်စစ်မှူး အဗ္ဗဒူလာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် Southern အသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၇၉ မိနစ်တွင် ဆီမွန်က ချေပဂိုးပြန်သွင်းခဲ့သည်။ မကွေးအသင်းသည် အနိုင်ဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးထပ်မသွင်းနိုင်၍ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပွဲစဉ်(၁၇)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၁ မှတ်ဖြင့်ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၃၉ မှတ်၊ ရတနာပုံအသင်းက ၃၈ မှတ်၊ ရခိုင်အသင်းက ၂၇ မှတ်၊ ဧရာဝတီအသင်းက ၂၆ မှတ်၊ မကွေးအသင်းက ၂၄ မှတ်၊ ဟံသာဝတီအသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၇ မှတ်၊ Southern အသင်းက ၁၆ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ GFA အသင်းက ၁၀ မှတ် ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# အထောက်အထားမဲ့ သုံးဦးအား မြဝတီမြို့မရဲစခန်းတွင် အရေးယူထား

**မြဝတီ စက်တင်ဘာ ၁၁**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အေးသာယာ(၂)လမ်းရှိ ဦးစည်သူ၏နေအိမ်တွင် ဘင်္ဂါလီလူမျိုးများ ရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်စိုးဦးစီးပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် သောင်ရင်းမြစ်ကို စက်လှေဖြင့်ဖြတ်ကူး၍ ဝင်ရောက်လာသည့် ဘင်္ဂါလီသုံးဦးအား ဖမ်းဆီးရမိခဲ့သည်။

စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီ မိနစ် ၄၀ ခန့်က ဒုရဲအုပ် သက်နိုင်စိုးဦးစီးပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာ အောင်ကိုဟိန်း(ခ)အာဂျင်၊ ကျော်ကျော်ဝင်း(ခ)ဂျလား၊ တင်အောင်မွန် (ခ)မာနက်စင်တို့သုံးဦးအား ရှာဖွေစစ်ဆေးတွေ့ရှိရသည်။

စစ်ဆေးချက်အရ အဆိုပါသုံးဦးမှာ ၂၀၁၅ ခုနှစ်ခန့်မှစတင်၍ မလေးရှားနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် သောင်ရင်းမြစ်ကို စက်လှေဖြင့်ဖြတ်ကူး၍ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တရားဝင်အထောက်အထား တစ်စုံတစ်ရာမရှိဘဲ မလေးရှားနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ပြီး မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသူ အောင်ကိုဟိန်း (ခ)အာဂျင်၊ ကျော်ကျော်ဝင်း(ခ)ဂျလား၊ တင်အောင်မွန်(ခ)မာနက်စင်တို့သုံးဦးနှင့် နေအိမ်တွင် လက်ခံထားသူ စည်သူတို့ လေးဦးအား စက်တင်ဘာ ၈ ရက်က မြဝတီမြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားသည်။ **မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်လှုပ်ရှားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကွမ်းယာနှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်လှုပ်ရှားပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ "ကွမ်းယာနှင့်ဆေးရွက်ကြီး ထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်လှုပ်ရှားပွဲစတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနား"သို့ ပေးပို့သောသဝဏ်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဖတ်ကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် အားလုံးပူးပေါင်းပါဝင် လုပ်ဆောင်မှသာလျှင် ရည်မှန်းချက်များကို ရောက်ရှိမှာဖြစ်ကြောင်း၊ မကူးစက်တတ်သောရောဂါများကြောင့် သေဆုံးရမှုအခြေအနေသည် မြန်မာနိုင်ငံတွင် သိသိသာသာ များပြားလာကြောင်း၊ သေဆုံးရခြင်းအကြောင်းရင်း အများစုသည်လည်း ကွမ်းစားခြင်းနှင့်ဆေးရွက်ကြီးထွက် ပစ္စည်းမျိုးစုံသုံးစွဲမှုကြောင့် ဖြစ်ပွားသောရောဂါများကြောင့် ဖြစ်ကြောင်း၊ အများပြည်သူ နားလည်သဘောပေါက်ပြီး ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ကင်းစင်သည့် ပတ်ဝန်းကျင်ကိုဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်စေမည့်အန္တရာယ်များကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း၊ မီဒီယာများသည် ပြည်သူများအား အသိပညာပေးရာတွင် အလွန်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အားလုံးအတူတကွပူးပေါင်းပါဝင်၍ ကွမ်းယာနှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ စားသုံးခြင်း၊ သုံးစွဲခြင်းများလျော့နည်းစေရန် လှုံ့ဆော်သွားမည်ဖြစ်ကြောင်း။

မြန်မာပြည်သူများအား ကွမ်းစားခြင်းကြောင့်ဖြစ်ပေါ်နိုင်သော ဆိုးကျိုးအန္တရာယ်များအကြောင်းကို အသိပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နှီးနွှယ်ဝန်ကြီးဌာနများနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် ကွမ်းယာနှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပွဲများကို ရက်သတ္တခြောက်ပတ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများအား "နောင်တမရအောင် ကွမ်းယာကိုရှောင်" အသံဖိုင်နှင့် ဗီဒီယိုဖိုင်ကို ဖွင့်လှစ်ပြသသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုရှောင်ပြည်သူများနှင့် တပ်မတော်သားများအတွက် ဘောင်ဦးမြို့နယ်အတွင်း အလှူခံလှည့်လည်ထွက်ရှိ

**ဘောင်ဦး စက်တင်ဘာ ၁၁**

ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုရှောင် ပြည်သူများနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေကြသည့် တပ်မတော်သားများအတွက် စားနပ်ရိက္ခာနှင့် လိုအပ်သည့် အကူအညီများထောက်ပံ့လှူဒါန်းပေးနိုင်ရန် ဘောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်နှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယနေ့နံနက် ၈ နာရီမှ စတင်ကာ တေးဂီတအစီအစဉ် မော်တော်ယာဉ်များဖြင့် မြို့နယ်အတွင်း လှည့်လည်ကာ အလှူငွေများ လိုက်လံကောက်ခံလျက်ရှိသည်။

"ကျွန်တော်တို့ ပုဂံဘောင်ဦးမြို့နယ်မှာလည်း အခြားမြို့နယ်တွေလို လတ်တလောဖြစ်ပေါ်နေတဲ့ ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေနဲ့ လုံခြုံရေးအတွက်တာဝန်ယူ ဆောင်ရွက်ပေးနေတဲ့ တပ်မတော်သားတွေအတွက် လိုအပ်တဲ့စားနပ်ရိက္ခာတွေ ထောက်ပံ့လှူဒါန်းပေးနိုင်ဖို့ရည်ရွယ်ပြီး ဒီနေ့မနက်မှာပဲ တေးဂီတအစီအစဉ်တွေနဲ့ မော်တော်ယာဉ်တွေနဲ့ မြို့နယ်အတွင်း အလှူငွေတွေ လိုက်လံကောက်ခံသွားမှာပါ" ဟု ရခိုင်ပြည်နယ် အကြမ်းဖက်မှုရှောင် ပြည်သူများအတွက် အလှူငွေ ကောက်ခံသည့် ပရဟိတအဖွဲ့မှ ဦးဇော်ပွေးက ပြောသည်။ **ရဲဝင်းနိုင်(ဘောင်ဦး)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။



Due Beauty Cream



Momiji 66 Sixty Six
Everday Fancy Girl

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းသုံးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ)ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူ သုံးစွဲရန်မသင့်တော်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အဆိပ်သင့်ဓာတုပစ္စည်း မာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



HUASHUZI Ginseng Bright White Spots-removing Set

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Due Beauty Cream | Kreative Cosmetics (Pvt) Ltd., Pakistan | Mercury (+) |
| ၂။ | Momiji 66 Sixty Six Everday Fancy Girl | Made in Thailand | Mercury (+) |
| ၃။ | HUASHUZI Ginseng Bright White Spots-removing Set | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |

အတွေးအမြင်

# ပန်းငုံများရဲ့ မိုးလေပြည်

တစ်စတစ်စလွင့်ပါးသွားတဲ့ မိုးတိမ်တွေကိုကြည့်ပြီး ဦးခင်မောင်ထွန်းတစ်ယောက် သက်ပြင်းမောတွေကို အကြိမ်ကြိမ်ချနေမိသည်။ ရွှာမည်ဟန်ပြင်ကာ မာန်အပြည့်နဲ့ ခြိမ်းလေသမျှသော မိုးရိပ်ညိုတို့သည်လည်း အဖူးသာသာ အပွင့်လောင်းလေးတို့ကို မျှော်လင့်ချက်မက်လုံးပေးရုံမှတစ်ပါး တခြားသောအပျက်သဘောကို မေ့လျော့ထားတယ်ထင်ပ။ အဖြစ်အပျက်သဘောကို လောကကြီးက သရုပ်ပြနေမိမှ မိုးရိပ်သာသာ အယောင်ဆောင်မျက်နှာဖုံးတွေနဲ့ မျှော်လင့်ချက်မဲ့နေတဲ့ စိတ်အငုံ သူ့ကျေးရွာလူထုကို မျက်လုံးထဲမြင်ယောင်လာမိသည်။ ထို့နောက် စိတ်အငုံလေးများကို ပန်းပွင့်လာစေချင်သည့် ဆန္ဒတစ်စုံလည်း ရှင်သန်လာမိသည်။

ဦးခင်မောင်ထွန်းဆိုတာ ပေါက်မြို့နယ် နွယ်ခေါင်ကျေးရွာလေးတစ်ရွာက ရွာသားတစ်ဦး ဖြစ်ပါသည်။ ပြောင်းလဲလာသော ဒီမိုကရေစီခေတ်သစ်နှင့်အညီ လိုက်လျောညီထွေစွာပြောင်းလဲလိုသော လူတစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့် သူသည် မိမိကျေးရွာလေးကို ပြောင်းလဲတိုးတက်လာအောင် ဘက်ပေါင်းစုံ၊ နည်းပေါင်းစုံမှ အချိန်ပြည့်ကြံစည် တွေးတောနေလေသည်။ ထိုသို့ ပြောင်းလဲရာတွင် ခေတ်အဆက်ဆက်ကွင်းကျန်ရစ်သော မပြောရဲမဆိုရဲကြောက်ရွံ့သော စိတ်နေစိတ်ထားများ၊ မမှန်မကန်ပြုမူခြင်းများ၊ တစ်ဦးတစ်ယောက်တည်း စိတ်ဆန္ဒဖြင့် တစ်ဦးကောင်း ဦးတည်လုပ်ဆောင်ခြင်းများ၊ အခွင့်အာဏာပြ အမိန့်ပေးစေခိုင်းခြင်းများ၊ ဝေဖန်ပိုင်ခွင့်၊ ပြောဆိုပိုင်ခွင့် ပျောက်ဆုံးနေခြင်းများ၊ ပွင့်လင်းမြင်သာမှုပျောက်ရှနေခြင်းများ စသည် စသည် ငုပ်ဝင်နေသော စိတ်ရဲ့အဖူးလေးများကို အဓိကပြုပြင်ပြောင်းလဲပေးရန် အထူးလိုအပ်လျက်ရှိကြောင်း ဦးခင်မောင်ထွန်းတစ်ယောက် ရိပ်စားမိလေသည်။

ဤသို့ ကျေးရွာလူထု၏ စိတ်ဓာတ်ရေးရာဖွံ့ဖြိုးဖို့၊ ကျေးရွာဖွံ့ဖြိုးဖို့ကို အချိန်ရှိတိုင်း စဉ်းစားနေသည့် ဦးခင်မောင်ထွန်းအတွက် အခွင့်အရေးတစ်ခု ရောက်ရှိလာခဲ့ပေတော့သည်။ အဲဒီအခွင့်အရေးမှာ ကျေးရွာလူထု၏ သဘောဆန္ဒ၊ ကျေးရွာလူထု၏ ဦးဆောင်ဦးရွက်မှုတို့ကို အခြေခံပြီး ကျေးရွာတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန်နှင့် အရေးပေါ်အခက်အခဲ ပြဿနာများကို အလျင်အမြန် တုံ့ပြန်တတ်စေရန် ဆိုသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် လူထုဗဟိုပြုစီမံကိန်းဆိုသည့် အဖွဲ့ကြီးပင် ဖြစ်ပေတော့သည်။

လူထုဗဟိုပြုစီမံကိန်းဆိုတာ ကျေးရွာလူထုကို ဦးစီးဦးဆောင်ပြုစေပြီး ကျေးရွာအတွင်း လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံတို့ကို ပြုလုပ်ရသည့် စီမံကိန်းတစ်ခုဖြစ်လေသည်။ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်မှ ကူညီထောက်ပံ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေသော နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုဖြစ်သည်။

ပွင့်လင်းမြင်သာမှု၊ ဝေဖန်အကြံပြုတိုင်ကြားနိုင်မှု၊ ကျား၊ မရေးရာ တန်းတူညီမျှမှု စသည့် အချက်အလက်တွေကို အခြေခံထားသည့် လူထုဗဟိုပြုစီမံကိန်းသည် ဦးခင်မောင်ထွန်းအကြိုက် ဘက်မလိုက်တရားမျှတမှုကို ဦးတည်လျက်ရှိသောကြောင့် လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်တစ်ဦးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့လေသည်။ ဆင်းရဲချမ်းသာမရွေး၊ ဘာသာလူမျိုးမခြား တန်းတူညီမျှမှုထားပြီး စီမံကိန်းအတွင်းသာမက တခြားသောအဖွဲ့အစည်း လုပ်ဆောင်မှုများပါ ပွင့်လင်းမြင်သာမှုရှိစေအောင် ညွှန်ပြနိုင်သည်အထိ ရည်ရွယ်ချက်ကြီးမားသည့် လူထုဗဟိုပြုစီမံကိန်း၏ နည်းစနစ်၊ နည်းပရိယာယ်တို့မှာလည်း လေးစားအတုယူစရာ ကောင်းလှသည်။ ထိုသို့ပွင့်လင်းမြင်သာမှု၊ ဝေဖန်အကြံပြုနိုင်မှုတို့ကြောင့်လည်း ကျေးရွာရှိလူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုအဖွဲ့သာမက အခြားသော ဘာသာရေး၊ သာရေးနာရေးအဖွဲ့များပါ တာဝန်ယူမှု၊ တာဝန်ခံမှုအသိစိတ်ဓာတ်တို့ မြင့်တက်လာရုံမက ငွေကြေးစာရင်းဇယားများကိုပါ စနစ်တကျ သုံးစွဲဖော်ပြတတ်ခဲ့လေသည်။

ဒါတင်လားဆိုတော့ မဟုတ်သေးပေ။ ထိုဖော်ပြပါ အကျိုးကျေးဇူးများအပြင် ဦးခင်မောင်ထွန်းတစ်ယောက် အလိုချင်ဆုံးသော ကျေးရွာလူထုမှ မဟုတ်မမှန်သည့်ကိစ္စများတွင် လည်းကောင်း၊ မကျေနပ်ခြင်း၊ ကျေနပ်ခြင်းကိုလည်းကောင်း၊ သိလိုသည့်အကြောင်းအရာတို့ကို လည်းကောင်း အထိုက်အလျောက် ရဲရဲဝံ့ဝံ့ ဆွေးနွေးတင်ပြလာခဲ့သည်မှာ အားအရကြီးမဟုတ်သော်လည်း ကျေနပ်ပီတိဖြစ်ရသည့်အဆင့်အထိ တိုးတက်လာခဲ့ပြီဟုဆိုလျှင် မှားလိမ့်မည်မထင်။ ပီတိအပြုံးတွေနှင့် ခေါင်းလေးတညိတ်ညိတ်ဖြစ်နေသော ဦးခင်မောင်ထွန်းတစ်ယောက် ဟိုယခင်ကလို အရာရာကိုတွန့်ဆုတ်တွန့်ဆုတ်ရှိမနေတော့တဲ့ မိမိကျေးရွာက ရွာသူ ရွာသားတွေကိုကြည့်ပြီး ကျေနပ်ဝမ်းမြောက်နေခဲ့မိသည်မှာ အမှန်ပါ။ ထိုခဏအုံ့မှိုင်းလာသည့် ကောင်းကင်ယံထက်က မိုးရိပ်မိုးစက်တို့ကို သူမော့ကြည့်လိုက်ပြီး နှုတ်မှလည်းစကားလုံးအနည်းငယ်ကို ရေရွတ်မိလိုက်လေသည်။ ဦးခင်မောင်ထွန်းစိတ်မှာ တိုးတိုးလေးရေရွတ်လိုက်သည့်စကားလေးက လူထုဗဟိုပြုစီမံကိန်းဆိုသည့် မိုးကြီးရွာလိုက်မှပဲ သိမ်ငယ်နေသော ကျေးရွာလူထု၏ စိတ်အဖူးအငုံလေးတွေ ပွင့်လန်းလာဖို့ အားယူနေကြပါရောလားနော်။ နောက်ဆုံးပြောလိုက်သည့် စကားလေးတစ်ခွန်းကတော့ "ကျေးဇူးပါ လူထုဗဟိုပြုစီမံကိန်းရယ်" တဲ့။ ။

**ပေါက်ကလေး(ဖန်ခါးမြေ)**

ရုပ်ရှင်ပွဲတော်

သရာစောထီ
ဒီမိုရပ်ကွက်
တိမ်ပြာသောနေ
နေခြည်မှာ ရွှေရည်လောင်း
ကြီးမြတ်သော မြန်မာ
ဝအ
ရုပ်ရှင်ဇာတ်ကား ၆ ကားကို
မြန်မာတနိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင်
ပြသပါမည်။

နေ့ရက် - (၁၅.၉.၂၀၁၇) မှ (၂၁.၉.၂၀၁၇) ထိ
အချိန် - ရုပ်ရှင်ပွဲချိန်များအတိုင်း
နေရာ - သတ်မှတ် ရုပ်ရှင်ရုံများ




ပဒေသာကပွဲ

ရုပ်ရှင်၊ ဂီတ၊ သဘင်
နိုင်ငံကျော် အနုပညာရှင်များ
များစွာ ပါဝင် ဖျော်ဖြေပါမည်။

နေ့ရက် - (၁၅.၉.၂၀၁၇) (၁၆.၉.၂၀၁၇)
အချိန် - ည ၇:၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

အငြိမ့်ပြိုင်ပွဲ

ခေတ်သစ်ကြေးမုံ
လူငယ်စတား
ရွှေညာမြေရဲ့ ကြယ်ပွင့်များ
ဖူးသစ်ကြယ်စင်
ဖွဲ
မန်းစတား
စကားဝါမြေ
မော်ဒယ်လ်ဟား အငြိမ့်အဖွဲ့ (၈) ဖွဲ့တို့က
ဒိုလ်လုပွဲ ယှဉ်ပြိုင်ကြပါမည်။

နေ့ရက် - (၂၀.၉.၂၀၁၇) (၂၁.၉.၂၀၁၇)
အချိန် - ည ၆:၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

## ချင်းတွင်းမြစ်ရေတက်ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ၂၈ မြို့နယ်တွင် သီးနှံဧက ၃၀၀၀၀ ခန့် ပျက်စီး

**စစ်ကိုင်း စက်တင်ဘာ ၁၁**

မိုးသည်းထန်စွာရွာသွန်း၍ ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် စိုက်ပျိုးထားသော နှမ်းစပါး၊ မိုးစပါး၊ နှမ်းနှမ်း၊ မိုးနှမ်း၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံ၊ မိုးကြိုပဲတီစိမ်း၊ မိုးပဲတီစိမ်း၊ မတ်ပဲနှင့် အခြားသီးနှံစုစုပေါင်း ၂၉၅၆၄ ဧက ပျက်စီးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၏ စက်တင်ဘာ ၉ ရက်အထိ ကောက်ယူရရှိထားသော စာရင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ၂၈ မြို့နယ်တွင် စိုက်ပျိုးထားသော နွေစပါး ၁၇၄၉ ဧက၊ မိုးစပါး ၁၂၂၅၂ ဧက၊ နွေနှမ်း ဧက ၁၀၈၀၀၊ မိုးနှမ်း ၁၃၂၇ ဧက၊ မြေပဲ ၁၂၉ ဧက၊ နေကြာ ၂၃ ဧက၊ ပဲစင်းငုံ ၉၃ ဧက၊ မိုးကြိုပဲတီစိမ်း ၁၅၄၉ ဧက၊ မိုးပဲတီစိမ်း ၂၂၁ ဧက၊ မတ်ပဲ ၁၀၈၉ ဧက၊ အခြားသီးနှံ ၂၂၁ ဧက၊ အခြားနှစ်ရှည်ဧက ၁၀၂ ဧက၊ အစေ့ထုတ်ပြောင်း ခုနစ်ဧက စုစုပေါင်း ၂၉၅၆၄ ဧက ပျက်စီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပျက်စီးသော ၂၉၅၆၄ ဧက အနက် စက်တင်ဘာ ၉ ရက်အထိ ၁၉၅၁၇ ဧက အစားထိုးစိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

❑

| မြန်မာ့ပင်လယ်ပြင် အခြေအနေ | လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ |
| --- | --- |

၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနား




လွှတ်တော်ဝင်း၊ နေပြည်တော် ၁၅-၉-၂၀၁၇



## ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**ထီးချိုင့် စက်တင်ဘာ ၁၁**

သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ထီးချိုင့်မြို့ အမှတ်(၃) ရပ်ကွက် သဘော်ဆိပ်ကမ်း၌ကျင်းပသည်။

"ကျွန်တော်တို့အနေနဲ့ ဆည်၊ ချောင်း၊ အင်းအိုင်တွေထဲမှာလည်း အခြားငါးမျိုးစိတ်တွေ အများကြီး လွှတ်ပေးခဲ့ပါပြီ။ အဓိကကတော့ သယံဇာတထိန်းသိမ်းသွားနိုင်ဖို့၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး စားသုံးတဲ့ပြည်သူတွေ ဈေးနှုန်းချိုသာစွာဝယ်ယူစားသုံးနိုင်ဖို့ရည်ရွယ်ပြီး ငါးမျိုးစိုက်ထည့်တာ ဖြစ်ပါတယ်"ဟု မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်မိုးက ပြောသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦးအောင်မိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရေလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အိပေမာကျော်နှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ငါးမြစ်ချင်းသားပေါက်ကောင်ရေ သုံးသိန်းနှင့် ငါးခုံးမကောင်ရေ တစ်သိန်းတို့ကို ဧရာဝတီမြစ်အတွင်းသို့ စိုက်ထည့်ပေးကြကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

## မှုခင်းအသိပညာပေးယာဉ် လှည့်လည်ပြသ

**ဘီးလင်း စက်တင်ဘာ ၁၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းနယ်မြေရဲစခန်းမှူး ရဲအုပ် ဟန်တင့်နှင့်အဖွဲ့သည် မှုခင်းပြခန်းယာဉ်ဖြင့် စက်တင်ဘာ ၈ ရက်က ဇုတ်သုတ်ကျေးရွာသို့ လှည့်လည်ပြသခဲ့သည်။

အဆိုပါမှုခင်းပညာပေးယာဉ်၌ပါဝင်သည့် မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများ၊ မှတ်တမ်းဓာတ်ပုံများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများက စိတ်ဝင်တစားလာရောက်ကြည့်ရှုကြပြီး တောင်စွန်းနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးကောင်းမြို့၌ မူလတန်းဆင့် ရုပ်ပုံကြည့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မိုးကောင်း စက်တင်ဘာ ၁၁**

မူလတန်းဆင့်ရုပ်ပုံကြည့် စာစီစာကုံး ပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက မိုးကောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မဏိပညာကျောင်းဆောင်၌ ပြုလုပ်သည်။



အဆိုပါရုပ်ပုံကြည့်စာစီစာကုံးပြိုင်ပွဲကို ကလေးများ ပညာသင်ကြားရာတွင် ကျောင်းစာများအပြင် ကိုယ်ပိုင်အသိပညာ ဗဟုသုတ၊ စဉ်းစားတီထွင်ခြင်းတို့အပြင် ကိုယ်ပိုင်အတွေးဖြင့် စာစီစာကုံးများရေးသားနိုင်စေရန်နှင့် စာပေဖတ်ရှုမှု အလေ့အထ ရစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို မြို့နယ်အတွင်းရှိ မူလတန်းကျောင်းများမှ မူလတန်းကျောင်းသားကျောင်းသူ ၅၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်အလိုက် ပြိုင်ပွဲပြုလုပ်ပြီးပါက မြို့နယ်အကဲဖြတ်ဒိုင်အဖွဲ့မှ စိစစ်၍ ပညာတန်ဆောင်စာစဉ်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**(မင်းမင်းဦး)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်းဆင်း

**ဖားဆောင်း စက်တင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာ၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပညာအပ်ချုပ်စက်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စု လိုခါးလိုကျေးရွာ လိုလော်ထီး ခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းဝင်းစိုးနှင့် လိုခါးလိုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစောအယ် ကော်ထူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောသည်။



သင်တန်းဆင်းပွဲသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို တစ်လကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ခိုးထွက်သူတစ်ဦးအား လုံခြုံရေးရဲကင်းက ထိန်းသိမ်းခဲ့





မောင်တောမြို့နယ် ကျီးကျွန်းရဲကင်းစခန်းရှေ့ရှိ အလယ်ချောင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဖြတ်ကူးမည့် လောင်းလှေနှစ်စင်းနှင့် ဖမ်းဆီးရမိသူများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၁၁**
စက်တင်ဘာ ၁၀ ရက်က စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်နေသူတစ်ဦးသည် သတ်မှတ်နေရာမှ ခိုးထွက်၍ ဈေးသွားဝယ်ရာမှ ဒေသခံတိုင်းရင်းသားများက ဝိုင်းဖမ်းစဉ် ကြည့်ရှုသူများဖြင့် လူအုပ်စုဖြစ်ပေါ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်မင်္ဂလာရပ်ကွက်နေသူ အီစွတ် (ခ) ပိုင်ပြည့်စုံသည် ရပ်ကွက်အတွင်းမှ စက်ဘီးဖြင့် ခိုးထွက်၍ ဈေးသွားဝယ်ရာ ဒေသခံတိုင်းရင်းသား သုံးဦးက တွေ့ရှိပြီး ဝိုင်းဝန်းဖမ်းဆီးသဖြင့် ၎င်းအား မာရာကန်ရဲကင်းမှ ထိန်းသိမ်းထားစဉ် ဒေသခံတိုင်းရင်းသားများက လာရောက်ဝိုင်းအုံကြည့်ရှုရာ လူအုပ်စုအင်အား ၃၀ ခန့် ဖြစ်ပေါ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရကြောင်း၊ အီစွတ် (ခ) ပိုင်ပြည့်စုံအား ရပ်မိရပ်ဖများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**ယမ်းမှုန့်များထည့်ထားသည့် ပလတ်စတစ်ဘူးနှစ်ဘူး တွေ့ရှိ**

စက်တင်ဘာ ၁၁ ရက် နံနက် ၃ နာရီခွဲခန့်တွင် မင်းပြားမြို့နယ် သင်္ဂဇာကျေးရွာရှိ ဦးညွန့်သာအောင်၏နေအိမ်အမိုးပေါ်တွင် မီးစတစ်ခုကို တွေ့ရှိခဲ့သည်။

အဆိုပါနေရာသို့ သံရှင်ရဲကင်းစခန်းမှူးနှင့်ရာအိမ်မှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ကြည့်ရှုခဲ့ရာ နေအိမ်ခေါင်မိုးပေါ်မှ အရှည်နှစ်လက်မခန့်ရှိ အစိမ်းတစ်ပိုင်း၊ အနီတစ်ပိုင်း ပလတ်စတစ်ဘူး၏ထိပ်ပိုင်းတွင် စနက်တံတပ်ဆင်ကာ ဘူးထဲ၌ယမ်းမှုန့်များ ထည့်ထားသည့် ဘူးနှစ်ဘူးကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

သိမ်းဆည်းရမိသည့် ဘူးနှစ်ဘူးအား ပေါက်ကွဲစေနိုင်သော၊ မီးလောင်စေနိုင်သော လက်လုပ်ဗုံး ဟုတ်မဟုတ် စိစစ်ခဲ့ရာ မီးလောင်လွယ်အောင် ပြုလုပ်ထားသည့်ပစ္စည်းဖြစ်ကြောင်း သိရသည်။

**တောင်ပြိုလက်ဝဲမြို့ဆေးရုံသို့ အလောင်းတစ်လောင်း ရောက်ရှိ**

မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ဆေးရုံသို့ စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီက လူသေလောင်းတစ်လောင်း ရောက်ရှိလာကြောင်း သိရသည်။

တောင်ပြိုလက်ဝဲမြို့ဆေးရုံသို့ လူသေလောင်းတစ်လောင်း ရောက်ရှိလာသဖြင့် နယ်မြေရဲစခန်းက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တောင်ပြိုလက်ဝဲ (၁)ရပ်ကွက်နေသူ ဘတ်တာယ်(ခ) ဒီမာမောက် (၄၉)နှစ်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က တောင်ပြိုလက်ဝဲမြို့(၂)ရပ်ကွက်အတွင်း အကြမ်းဖက်သမား သုံးဦးရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေစဉ် ARSA အစွန်းရောက် အကြမ်းဖက်သမား သုံးဦးက သေနတ်ဖြင့် စတင်ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းပစ်ခတ်ရာမှ သေနတ်ထိမှန်ခဲ့သော ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျီးကျွန်းရဲကင်းစခန်း၌ လောင်းလှေနှစ်စင်းနှင့် လှေပေါ်ပါ မသက်ာသူများအား ဖမ်းဆီးထိန်းသိမ်း**

မောင်တောမြို့နယ် ကျီးကျွန်း ရဲကင်းစခန်း၌ လောင်းလှေနှစ်စင်းနှင့် လှေပေါ်ပါရှိသူ အလောင်းတစ်လောင်းနှင့် လူ ၁၆ ဦးအား စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ ကျီးကျွန်းရဲကင်းစခန်းနယ်မြေတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က အလယ်ချောင်းအတိုင်း တောင်ဘက်မှ ကျီးကျွန်းရဲကင်းဘက်သို့ လောင်းလှေနှစ်စင်းလှော်ခတ်လာသည်ကိုတွေ့ရ၍ ရပ်တန့်ရန် ဟန့်တားခဲ့သည်။

ထိုသို့ ဟန့်တားသော်လည်း ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်လှော်ခတ်သဖြင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်စဉ် ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည့် ဂုံးနားကျေးရွာနေ ဇာဟတ်တူဆောင်းပါ မသက်ာသူလေးဦး၊ ဓားရှည်လေးလက်ကိုလည်းကောင်း၊ ကျန်လှေပေါ်မှ ကျွန်းခေါင်းကျေးရွာနေ မဆန်နာဝါရာဘေဂွပ်ပါ အမျိုးသားတစ်ဦး၊ အမျိုးသမီးသုံးဦး၊ ကလေး ရှစ်ဦး စုစုပေါင်း လှေနှစ်စင်းပေါ်ပါရှိသူ ၁၆ ဦးအား ထိန်းသိမ်းခဲ့သည်။ ၎င်းတို့အား စစ်မေးရာ နယ်မြေ (၅) လောင်းဒုံမှ ထွက်ပြေးလာခြင်းဖြစ်ပြီး နတ်မြစ်ကို ဖြတ်၍ ကျီးကျွန်းရဲကင်းစခန်းအနီး အလယ်ချောင်းအတိုင်း ဝင်ရောက်လာခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင် လူသုံးကုန်ပစ္စည်းများ သယ်ဆောင်လာမှုကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စက်တင်ဘာ ၁၀ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင်စစ်ဆေးရေး စခန်းကို ရှောင်ကွင်းသည့် ကျိုက္ကသာ-မုပွလင်လမ်း ခလွန်ကျေးရွာတွင် သစ်ကိုင်းများဖြင့် ဖုံးအုပ်ထားသောယာဉ်ကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း ၁၀ မျိုးနှင့်တင်ဆောင်လာသည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၇၈ သန်းကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။



တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၇၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၇၉၈ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၆၆၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(၀၀၁)**

○



# မူဆယ်၌ စိတ်ကြွရူးသွပ်ဆေးပြားတစ်သန်းခန့် သိမ်းဆည်းရမိ

**မူဆယ် စက်တင်ဘာ ၁၁**
ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် ရှမ်းရိုးမစစ်ဆင်ရေးအရ ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ ဒု-ရဲမှူးကျော်ဌေးနှင့် ခရိုင်မှုခင်းအကူဌာနမှ ရဲအုပ်ကျော်မင်းအောင်တို့ဦးစီးသော တပ်ဖွဲ့ဝင်များသည် သတင်းအရ မူဆယ် (၁၀၅)မိုင် မူဆယ်အထွက် တိုးဂိတ်အနီးတွင် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် မူဆယ်ဘက်သို့ ရန်ဝေဖန်းမောင်းနှင်ပြီး ဟွမ်အားကွေး လိုက်ပါလာသည့် YGN 4G---- Toyota Hilux ကားကို ရပ်တန့်စစ်ဆေးရာ ကား၏အလယ်ခန်းနှင့် နောက်ခန်းအတွင်း သိုဝှက်သယ်ဆောင်လာ သည့် ပီနံအိတ်သုံးအိတ်ဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၉၃၉၆ သိန်း (ကာလတန်ဖိုး ငွေကျပ် ၁၄၉၀၉ ဒသမ ၄ သိန်း) ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူနှစ်ဦးထွက်ဆိုသည့် အမှုနှင့်ဆက်စပ်သူ လီအားချိန်မှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သော်လည်း ၎င်းတို့သုံးဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

❐

## သမီးရည်းစားချိန်းတွေ့နေစဉ် လူသတ်မှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် စက်တင်ဘာ ၁၀ ရက် ည ၇ နာရီခွဲခန့်တွင် အမှတ်(၉၂)ရပ်ကွက် သပြေခြံနောက်ကျော ကွန်ကရစ်လမ်းဘေး အုတ်ပုံအနီးတွင် လူငယ်တစ်ဦး လဲကျနေကြောင်း သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးရာ ရင်ဝ ထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

မောင်ကမ်းဝင်းမွန်(ခ)မွန်ပီးနှင့် မ ---- တို့ ချိန်းတွေ့စဉ် လူနှစ်ဦး ရောက်ရှိလာပြီး တစ်ဦးက မောင်ကမ်းဝင်းမွန်၏ လည်ပင်းကို ဓားဖြင့်ထောက်၍ မင်းတို့ဘာလုပ်နေတာလဲဟုပြောချိန် နှစ်ဦးသား လုံးထွေးသွားခဲ့ပြီး အဆိုပါလူက မောင်ကမ်းဝင်းမွန်၏ ရင်ညွန့်ကို ဓားဖြင့်ထိုးသဖြင့် လဲကျသွားခဲ့သည်။ မ----က ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းနေစဉ် ထိုသူက မ----၏ ကျောရိုးအောက်ခါးဆစ်ရိုးအနီးသို့ ဓားဖြင့်ထိုးကာ ထွက်ပြေးသွားခဲ့သည်။ ကျူးလွန်သူများအား အမြန်ဆုံးဖမ်းမိနိုင်ရေး စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

○

## ပူတာအိုမြို့နယ် ဂျူဗလီကျေးရွာတွင် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ ဖမ်းဆီးရမိ

**ပူတာအို စက်တင်ဘာ ၁၁**
မူးယစ်တပ်ဖွဲ့စု(၂) ပူတာအိုလှုပ်ရှားအဖွဲ့မှ ရဲအုပ်ထွန်းထွန်းဝင်း ဦးစီးအဖွဲ့နှင့် ပူတာအိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်မြင့်ဇော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်တွင် ပူတာအိုမြို့နယ် ဂျူဗလီကျေးရွာနေ ဦးထီအောင်ရှင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ကြောင်း သိရသည်။

ရှာဖွေရာတွင် ၎င်းအိပ်သည့် အိပ်ခန်းခြေရင်း ဝဲဘက်ထောင့် ကြမ်းခင်းပေါ်မှ အဖြူရောင်ပလတ်စတစ်ဖြင့် ထုပ်ထားသည့်ပိတ်စပေါ်တွင် ဘိန်းရည်များသုတ်လိမ်းထားသည်ဟုယူဆရသည့် အဝတ်ဘိန်း (အဆင့်နိမ့်ဘိန်း) အလေးချိန် ၁ ဒသမ ၅ ဂရမ်ပါတစ်ထုပ်၊ ၎င်းနေအိမ်မီးဖိုအတွင်းရှိ ပြာများအတွင်း သိုဝှက်ထားသော အဖြူရောင်စက္ကူအပိုင်းအစဖြင့် ထုပ်ထားသည့် ဘိန်းဖြူဟု ယူဆရသည့် ဖြူ/ဝါကျားမှုန့်တစ်ထုပ်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ဒီထက်ကောင်းဖို့ လိုအပ်နေသေးတဲ့ မြန်မာအသင်း၊ ဇီဒန်းရဲ့အလှည့်ကျမူဝါဒ၊ ယူအက်စ်အိုးပင်းချန်ပီယံ နာဒယ်လ်

*ဒီရက်သတ္တပတ်မှာတော့ တင်ပြစရာတွေ အတော်များများရှိနေပါတယ်။ မြန်မာယူ-၁၈အသင်းအကြောင်း၊ ဇီဒန်းရဲ့ အလှည့်ကျမူဝါဒကြောင့် အဆိပ်မရှိတဲ့ အသင်းဖြစ်နေတဲ့ ရီးယဲလ်စတဲ့ သတင်းတွေအပြင် အခြားစိတ်ဝင်စားဖွယ် အားကစားသတင်းအချို့ကို သုံးသပ်တင်ပြပါမယ်။*

## တိုက်စစ်ပိုင်းလိုအပ်ချက်ရှိနေဆဲ မြန်မာ ယူ-၁၈

မြန်မာ ယူ-၁၈အသင်းအကြောင်းပြောမယ်ဆို ဘရူနိုင်း၊ ဖိလစ်ပိုင်တို့ကို ခုနစ်ဂိုးသွင်း နှစ်ပွဲ ၁၄ဂိုး ဆိုတဲ့ ရလဒ်နဲ့ ပြတ်ပြတ်သားသားအနိုင်ရခဲ့ပေမယ့် အဆုံးသတ်ပိုင်း လိုအပ်ချက်တွေကတော့ ရှိနေဆဲဆိုတာကိုတော့ ထောက်ပြလိုပါတယ်။ မြန်မာအသင်းက ကိုယ့်အသင်းထက် ခြေစွမ်းပိုင်းနိမ့်တဲ့ ဘရူနိုင်း၊ ဖိလစ်ပိုင်တို့ကို ဒီထက်မက ဂိုးပြတ်သွင်းနိုင်ခဲ့သင့်ပေမယ့် မြန်မာကစားသမားတွေ ဂိုးရဖို့ စိတ်လောနေတတ်တာ၊ နည်းပြဘန်လာဘီက ပထမပိုင်းဆိုရင် သွေးတိုးစမ်းသလို ဗျူဟာနဲ့ ပြိုင်ဘက်ကို ရင်ဆိုင်တတ်တာစတာတွေကြောင့် ရလဒ်ပိုင်း ဒီထက်ပြတ်သားသင့်တဲ့အချိန်မှာ ထင်သလောက် ခရီးမပေါက်ခဲ့တာလို့ ဆိုရမှာဖြစ်ပါတယ်။ မြန်မာအနေနဲ့ အင်ဒိုနီးရှားကို အရေးနိမ့်ထားပေမယ့် အဝေးကန်ချက်တွေနဲ့ ဂိုးရမယ့် အခွင့်အရေးတွေ ဖြုန်းတီးနေတတ်ပြီး တစ်ခါတစ်ရံ ကစားသမားတွေ တစ်ကိုယ်တော် အစွမ်းပြချင်နေတာကြောင့် လိုအပ်ချက်ရှိနေသေးတာလို့ ပြောရပါမယ်။

ဘရူနိုင်းနဲ့ ဖိလစ်ပိုင်တို့နဲ့ ပွဲမှာဆို ဝင်းနိုင်ထွန်းတစ်ဦးတည်း ခုနစ်ဂိုးသွင်းတယ်၊ နိုင်ကိုကို၊ ပြည့်စုံနိုင်၊ မြတ်ကောင်းခန့်တို့လို ကစားသမားတွေကလည်း ဂိုးသွင်းစွမ်းရည်မြင့်မားတယ်လို့ ပြောနိုင်ပေမယ့် နှစ်ပွဲစလုံး ပထမပိုင်းမှာ ကစားသွားခဲ့တဲ့ ပုံစံတွေကကျေနပ်လောက်စရာ မဟုတ်လောက်ပါဘူး။ အမှတ်လိုအပ်ချက်မြင့်မားနေတဲ့ အနေအထားမှာတော့ ဘောလုံးအလဟဿ ဖြုန်းရာရောက်တဲ့ အဝေးကန်ချက်တွေနဲ့ ထိုးဖောက်မှုကို လျှော့မခိုင်းတဲ့ နည်းပြဘန်လာဘီရဲ့ ဆုံးဖြတ်ချက်က ဘဝင်ကျစရာမရှိသလို မြန်မာအသင်းအနေနဲ့ ကိုယ်အားသာတဲ့ တွဲလုံးတွေနဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုကိုပဲ အသုံးပြုတာက နောက်ပွဲတွေအတွက် ပိုပြီးခရီးရောက်ပါလိမ့်မယ်။

မြန်မာအသင်းက ဖိလစ်ပိုင်ကို နိုင်လိုက်တာကြောင့် ဂိုးကွာခြားချက်နဲ့ အုပ်စုရဲ့ ဒုတိယနေရာကို တက်လှမ်းလာနိုင်ပါတယ်။ မြန်မာအသင်းအနေနဲ့ ကံကောင်းသွားခဲ့တာက ဗီယက်နမ်က အင်ဒိုနီးရှားအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရသွားတာကြောင့် ဗီယက်နမ်ကိုသာ နောက်ဆုံးပွဲမှာ အနိုင်ကစားနိုင်မယ်ဆို အုပ်စုကနေ တက်ရောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာအသင်းအနေနဲ့ အခုအချိန်မှာ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရသွားပြီလို့ ဆိုရမှာဖြစ်ပြီး ဗီယက်နမ်လို အသင်းကောင်းတစ်သင်းကို ရင်ဆိုင်ရချိန်မှာ နည်းပြဘန်လာဘီအနေနဲ့ စွန့်စားရာကျတဲ့ ဗျူဟာမျိုးထပ်မသုံးဖို့ မျှော်လင့်ရပါတယ်။

ဒီနေရာမှာ ပြောစရာရှိတာက တိုက်စစ်မှူး ဝင်းနိုင်ထွန်းဟာ အင်ဒိုနဲ့ ပွဲမှာ ခြေမပေါ်ခဲ့ပေမယ့် ဘရူနိုင်း၊ ဖိလစ်ပိုင်တို့နဲ့ပွဲမှာ ခြေစွမ်းကောင်းသလို သူ့ဆီရောက်လာတဲ့ အခွင့်အရေးတိုင်းကို ဂိုးအဖြစ်ပြောင်းလဲနိုင်တဲ့ ဗဟိုတိုက်စစ်မှူးစစ်စစ် ကစားသမားတစ်ဦးရဲ့ အရည်အသွေးအပြည့်ရှိနေတယ်ဆိုတာ ချန်ထားလို့ မရပါဘူး။ မြန်မာအသင်းမှာ အောင်သူ၊ ကျော်ကိုကို၊ သန်းပိုင်တို့လို တိုက်စစ်ကစားသမားတွေရှိပေမယ့် သူတို့တွေက အသင်းရဲ့ လိုအပ်ချက်ကြောင့် ဗဟိုတိုက်စစ်မှာ ဝင်ကစားနေကြရတာဖြစ်ပါတယ်။ ဒါကြောင့် အချို့ပွဲတွေမှာ ဒီကစားသမားတွေ ခြေမပေါ်ရင် ပရိသတ်တွေ စိတ်တိုဒေါသဖြစ်ကြပေမယ့် ဗဟိုတိုက်စစ်မှူးရှားပါးတဲ့ ပြဿနာကြောင့် သူတို့ဟာ သူတို့အားသန်တဲ့ နေရာမှာ မကစားရဘဲ နည်းပြရဲ့ အလိုကျနေရာ အပြောင်းအလဲ လုပ်ကစားရတယ်ဆိုတာကို နားလည်ပေးစေချင်ပါတယ်။ ဝင်းနိုင်ထွန်းကတော့ ဗဟိုတိုက်စစ်ကစားသမား စစ်စစ်ဖြစ်ပြီး မျိုးလှိုင်ဝင်းနောက်ပိုင်း ပေါ်ထွက်လာခဲ့တဲ့ ဗဟိုတိုက်စစ်မှူးစစ်စစ်လို့ ပြောရမှာဖြစ်ပြီး ဗဟိုတိုက်စစ် ကစားသမား ရှားပါးနေတဲ့ မြန်မာအသင်းအတွက်တော့ အားထားရမယ့် တိုက်စစ်ကစားသမားပေါ်ထွက်လာပြီလို့ ဆိုရမှာဖြစ်ပါတယ်။

## ဇီဒန်းရဲ့အလှည့်ကျမူဝါဒနဲ့ ရီးယဲလ်နစ်မြုပ်တော့မလား

ရီးယဲလ်မက်ဒရစ်အသင်းဆိုတာ နည်းပြ ဇီဒန်း လက်ထက်မှာ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်ဆက်တိုက် ရရှိခဲ့ပြီး လက်ရှိ ဥရောပရဲ့ အကောင်းဆုံးအသင်းဖြစ်ပါတယ်။ ဒါပေမယ့် ဇီဒန်းဟာ ယခုနှစ် နွေဈေးကွက်မှာ ကစားသမားအင်အားသစ်ခေါ်ယူမှု သိပ်မလုပ်ခဲ့ဘဲ မိုရာတာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကို ထွက်ခွာခွင့်ပေးခဲ့တာကြောင့် ဒီနှစ်ရာသီ ရီးယဲလ် ဘယ်လိုခရီးဆက်မလဲဆိုတာ အစောပိုင်းကတည်းက စိတ်ဝင်စားနေသူတွေ အတော်များပါတယ်။ ဒါပေမဲ့ ဥရောပစူပါဖလားမှာ မန်ယူကို အနိုင်ယူ၊ စပိန်စူပါဖလားမှာ ဘာစီလိုနာကို နှိပ်ကွပ်ပြခဲ့တာကြောင့် ဇီဒန်းရဲ့ ရီးယဲလ် အားကောင်းကောင်းခရီးဆက်နိုင်ဆဲပဲလို့ ယူဆခဲ့ကြပါတယ်။ ဒါပေမယ့် နွေဈေးကွက်အတွင်း




တောက်လျှောက်ပစ်မှတ်ထားခဲ့တဲ့ မက်ပီကိုလည်း မရ၊ စီရိုနယ်လ်ဒို ပွဲပယ်ပြစ်ဒဏ်ကျခံရချိန်၊ ဘင်ဇီမာ ဒဏ်ရာရသွားချိန် စတဲ့အကြောင်းတွေ တိုက်ဆိုင်သွားချိန်မှာတော့ ရီးယဲလ်တိုက်စစ်ပိုင်းက အလုပ်မဖြစ်ခဲ့ဘဲ လီဗန်တေးလို အသင်းကိုတောင် သရေကျသွားပါတယ်။ ရီးယဲလ်ဟာ ပွဲစဉ်(၂)မှာလည်း ဗလင်စီယာအသင်းကို နှစ်ဂိုးစီ သရေကျခဲ့တာကြောင့် လီဗန်တေးနဲ့ပွဲမှာ ရီးယဲလ် တင်ကစားမယ်လို့ ပရိသတ်တွေကထင်ခဲ့ပေမယ့် ဂိုးသမားနေရာ ကာဆီလာ၊ ဗဟိုခံစစ်နေရာမှာ နာချိုဖာနန်ဒက်ဇ်၊ တောင်ပံခံစစ်အတွက် သီယိုဟာနန်ဒက်ဇ်တို့လို ကစားသမားတွေကို ပွဲထွက်စေခဲ့တဲ့ ဇီဒန်းရဲ့ လူထုတ်ပုံကတော့ အငြင်းပွားစရာ ဖြစ်ပါတယ်။

အထူးသဖြင့် ဘင်ဇီမာ ဒဏ်ရာရသွားပြီးနောက် လူစားဝင်လာတဲ့ ဂါရတ်ဘေးလ်က ခြေစွမ်းပျောက်ဆုံးနေခဲ့တာကြောင့်လည်း ရီးယဲလ်အတွက် ဂိုးရဖို့ ပိုခက်ခဲခဲ့တာ ဖြစ်ပါတယ်။ ရီးယဲလ်က အရင်ကဆိုရင် ဘင်ဇီမာ အခုလို ဒဏ်ရာရသွားရင် မိုရာတာကို သုံးလို့ရသလို စီရိုနယ်လ်ဒို မကစားနိုင်ချိန် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို သုံးရင်ရနိုင်ပေမယ့် အခုတော့ အရန်အင်အား မပြည့်စုံမှုဒဏ်ကို စတင်ခံစားနေရတာဖြစ်ပါတယ်။ ရီးယဲလ်ဟာ ပြီးခဲ့တဲ့နှစ်တုန်းက စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်တို့ မပါဝင်နိုင်ရင်တောင် အစ္စကို၊ ဂျိမ်းစ်နဲ့ မိုရာတာတို့အားနဲ့ အကောင်းဆုံးခရီးဆက်နိုင်ခဲ့တဲ့အသင်းပါ။ ရီးယဲလ်တိုက်စစ်ပိုင်းဟာ မနှစ်က စီရိုနယ်လ်ဒို ဝင်မကစားရင် သိသိသာသာကျသွားတာ မရှိပေမယ့် ဒီနှစ်တော့ လုံးဝကို ကျဆင်းသွားတဲ့ သဘော ဖြစ်သွားပါပြီ။ အရင်က ရီးယဲလ် စပိန်တိုက်စစ်အတွဲဖြစ်တဲ့ မိုရာတာ၊ အစ္စကို၊ အဆန်စီယိုတို့ စုံစုံညီညီရှိနေပေမယ့် ဒီနှစ်တော့ ဘက်ပဲ့သွားတဲ့ သဘော။ မနှစ်က ဇီဒန်း ထိုင်ခဲ့တဲ့ ဒုတိယလူစာရင်း(Plan B)ကို မှီတည်ပြီး ကစားကွက်ချနေတဲ့ စပိန်နည်းပြ လိုပက်ဇ်တက်ဂွေတောင် အတော်လေးအလုပ်ဖြစ်ခဲ့ပြီး အီတလီလို ထိပ်တန်းအသင်းကို သုံးဂိုးပြတ်သွင်းတာကိုကြည့်ရင် မိုရာတာကို ထွက်ခွာခွင့်ပေးခဲ့တာ မှားတယ်ဆိုတာ သိနိုင်ပါတယ်။

ဒီကြားထဲ ဇီဒန်းက လီဗန်တေးနဲ့ပွဲမှာ အစ္စကိုကို ပွဲထွက်စာရင်းမှာ ထည့်မသုံးခဲ့တာ၊ နည်းဗျူဟာ အသစ်နဲ့ ပွဲတွေကို ချဉ်းကပ်နေတာတွေက ဇီဒန်းပဲ ရဲရင့်တာလား၊ အလောင်းအစားဆန်လွန်းတာလား ဒါလည်း မတင်မကျပါပဲ။ ဒါပေမယ့် ရီးယဲလ်နည်းပြဆိုတာ မန်ယူ၊ အာဆင်နယ်တို့လို အကြာကြီး စမ်းသပ်ခွင့်ပေးတဲ့နေရာ မဟုတ်ဘူးဆိုတာ ဇီဒန်း သဘောပေါက်ရပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရီးယဲလ်ကို ဘောလုံးရာသီက အခုမှ အစပဲရှိသေးတာဆိုတော့ ဘယ်လိုပဲဇီဒန်း နောက်ပွဲတွေမှာ ဒါမျိုးထပ်မလုပ်ဘူးလို့ မျှော်လင့်ရပါတယ်။

## ယခုရက်သတ္တပတ်ပရီမီယာလိဂ်

ဒီရက်သတ္တပတ်အတွင်းယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်တွေမှာတော့ မန်စီးတီး၊ ချယ်လ်ဆီး၊ စပါးနဲ့ အာဆင်နယ်တို့ နိုင်ပွဲတွေ့ခဲ့ပြီး မန်ယူကတော့ စတုတ်ကို အမှတ်ခွဲပေးခဲ့ရသလို လီဗာပူးကလည်း မာနေး အထုတ်ခံရမှုနဲ့အတူ မန်စီးတီးကို ဂိုးပြတ်အရေးနိမ့်သွားခဲ့ပါတယ်။ မန်စီးတီးကတော့ လူတစ်ယောက်အသာနဲ့ ကစားခဲ့ရတာကြောင့် စိတ်ကြိုက်ကစားခွင့်ရခဲ့ပြီး ဂိုးရသလောက်သွင်းကာ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် စတုတ်နဲ့ သရေကျသွားတဲ့ မန်ယူက နှစ်ဂိုးသွင်းနိုင်တာကြောင့် မန်ယူက ဂိုးကွာခြားချက်အသာနဲ့ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ထားနိုင်ဆဲပါပဲ။

မန်ယူဟာ စတုတ်အသင်းကို နှစ်ဂိုးခွင့်ပြုလိုက်ရတာကြောင့် ပြိုင်ဘက်ပရီမီယာလိဂ်အသင်းတွေ မန်ယူကို ဂိုးဘယ်လို သွင်းရင်ရသလဲဆိုတဲ့နည်းလမ်းကို ရှာတွေ့သွားပြီလို့ ပြောရမှာဖြစ်ပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုကတော့ ဒီဂိုးတွေအတွက် ဖီးလ်ဂျုံးစ်ကို ပြစ်တင်ခဲ့ပြီး ကစားသမားကလည်း သူဘာမှားတယ်ဆိုတာ သူကိုယ့်သူသိတယ်လို့ ဆိုလိုက်ပါတယ်။ ဒီပွဲစဉ်အတွင်း ကွင်းဘေးစည်းမှာ စတုတ်နည်းပြ မားဟုချ်နဲ့ မန်ယူနည်းပြ မော်ရင်ဟိုတို့ ပြဿနာဖြစ်ခဲ့သေးပြီး မားဟုချ်က မော်ရင်ဟိုကို တွန်းထိုးခဲ့သလို မော်ရင်ဟိုကလည်း ပွဲအပြီး မားဟုချ်ကို လက်ဆွဲနှုတ်ဆက်ဖို့ ငြင်းဆန်ခဲ့ပါတယ်။

ဒါ့အပြင် မာနေးရဲ့ခြေထောက်စွမ်းပြခဲ့လို့ ဒဏ်ရာအပြင်းအထန်ရပြီး ကွင်းထဲက ထွက်ခွာသွားခဲ့ရတဲ့ ဒက်ဒါဆန်က မန်ချက်စတာ ဆေးရုံက ပြန်ဆင်းလာပြီဖြစ်ပေမယ့် အခြေအနေစောင့်ကြည့်နေရဆဲ ဖြစ်ပါတယ်။ ဒီအတွက်တော့ မန်စီးတီးနည်းပြ ဂွါဒီယိုလာရော၊ လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်ကရော ရည်ရွယ်ချက်ရှိရှိနဲ့ မာနေးလုပ်တာမဟုတ်ဘူးလို့ ထောက်ခံမှုပေးခဲ့သလို မာနေးကလည်း အက်ဒါဆန်အတွက် တောင်းပန်စာတစ်စောင် ရေးသားခဲ့တယ်။ မာနေးက "အက်ဒါဆန်ရေ ခင်ဗျား အမြန်ဆုံးကြံ့ခိုင်မှု ပြည့်ဝလာမယ်လို့ မျှော်လင့်ပါတယ်" အစချီပြီး ရေးသားခဲ့တာဖြစ်ပါတယ်။ ကာယကံရှင်ဖြစ်တဲ့ အက်ဒါဆန်က ဒီကိစ္စရပ်ကို ရေငုံနှုတ်ပိတ်နေပေမယ့် မန်စီးတီးဂိုးသမားဟောင်း ဘရာဗိုကတော့ မမှားသင့်တဲ့ အမှားဖြစ်ပြီး မာနေးအနေနဲ့ ခြေထောက်ကို ရုပ်ခဲ့လို့ရသလို ဒါမျိုးက ဂိုးသမားတွေအတွက် အလွန်အန္တရာယ်ကြီးတာပါလို့ ဝေဖန်ခဲ့ပါတယ်။

နှစ်ပွဲဆက်တိုက်အရေးနိမ့်ခဲ့တဲ့ အာဆင်နယ်လည်း နိုင်ပွဲပြန်တွေ့ခဲ့သလို ချယ်လ်ဆီးနဲ့ စပါးတို့ကလည်း နိုင်ပွဲရခဲ့တာကြောင့် ယခုရက်သတ္တပတ်မှာ လီဗာပူး၊ မန်ယူတို့ကလွဲရင် ကျန်ပရီမီယာလိဂ်အသင်းကြီးတွေ အခြေအနေကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ ဘန်လေကို တစ်ဂိုး-ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့ပြန်တာကြောင့် ရာသီအစ လေးပွဲကစား လေးပွဲရှုံးသွင်းဂိုးမဲ့အသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ရာသီအစ လေးပွဲကစားပြီးချိန် ပွဲတိုင်းရှုံးနိမ့်တဲ့အသင်းတွေ တန်းမဆင်းရတဲ့ အစဉ်အလာရှိပေမယ့် ဒီအသင်းတွေက ပွဲစဉ်တိုင်း ဂိုးပေါက်ပျောက်တဲ့အသင်းတွေတော့ မဟုတ်ကြပါဘူး။ ဒါကြောင့် နည်းပြ ဖရန့်ဒီဘိုးဝါးရဲ့ နည်းစနစ်ဟာ ပရီမီယာလိဂ်နဲ့ အံမဝင်တာက အဓိကပြဿနာဖြစ်





နေပြီး ပရီမီယာလိဂ်ရဲ့ အရင်ဆုံးထုတ်ပယ်ခံရတဲ့ နည်းပြဟာ ဖရန့်ဒီဘိုးဝါးဖြစ်ဖို့ အလားအလာတွေမြင်နေရပြီလို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

## နာဒယ်လ်ရဲ့ Sweet 16

လက်ရှိကမ္ဘာ့အဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ စပိန်သား ရာဖေးလ်နာဒယ်လ် တစ်ယောက် ရာသီသိမ်းဂရင်းစလင်းဖြစ်တဲ့ ယူအက်စ်အိုးပင်းကို ဆွတ်ခူးသွားပါတယ်။ နာဒယ်လ်ဟာ သူ့အတွက် သုံးကြိမ်မြောက် ယူအက်စ်အိုးပင်းအဖြစ်သာမက (၁၆)ကြိမ်မြောက် ဂရင်းစလင်းဖလားကို ရရှိသွားတာကြောင့် ဒီယူအက်စ်အိုးပင်း ချန်ပီယံဆုကို နာဒယ်လ်ရဲ့ Sweet 16 လို့ ရေးသားမှုတွေလည်း မြင်တွေ့နေရပါတယ်။

နာဒယ်လ်ဟာ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်ကြားကာလတွေမှာ ဒဏ်ရာပြဿနာတွေနဲ့ လုံးလည်ချာလည်လိုက်နေခဲ့ပြီး ပြီးခဲ့တဲ့နှစ်က ကမ္ဘာ့ထိပ်တန်း အမျိုးသားတင်းနစ်ကစားသမား ရှစ်ယောက်ပြိုင်တဲ့ ရာသီပိတ်အေတီပီဖလားကိုတောင် ဝင်ပြိုင်ခွင့်မရခဲ့ပေမယ့် ဒီနှစ်တော့ အခြေအနေတွေ လုံးဝပြောင်းလဲသွားခဲ့တာဖြစ်ပါတယ်။ ဩစတြေးလျအိုးပင်းမှာ ဗိုလ်လုပွဲ၊ ပြင်သစ်အိုးပင်းမှာ ဗိုလ်စွဲခဲ့သေးသလို အခုလည်း ယူအက်စ်အိုးပင်းမှာ အောင်ပွဲခံနိုင်ခဲ့ပြန်တာဖြစ်ပါတယ်။ ဒီနှစ် တင်းနစ်လောကဟာ အတော်လေး ထူးခြားမှုတွေ ဖြစ်နေတယ်လို့ ပြောလို့ရပြီး လွန်ခဲ့တဲ့ ဆယ်စုနှစ်ကနေ တောက်လျှောက်လွှမ်းမိုးခဲ့တဲ့ နာဒယ်လ်နဲ့ ဖက်ဒဲရာတို့ တစ်ခေတ်ဆန်းချိန်ပြန်ရောက်လာတာကို မြင်တွေ့ရတာဖြစ်ပါတယ်။ အသက်(၃၆)နှစ်အရွယ် ဖက်ဒဲရာက ဩစတြေးလျအိုးပင်းနဲ့ ဝင်ဘယ်လ်ဒန်အိုးပင်းမှာ ဗိုလ်စွဲ၊ နာဒယ်လ်က ပြင်သစ်အိုးပင်းနဲ့ ယူအက်စ်အိုးပင်းတို့မှာ အောင်ပွဲခံသွားတာကြောင့်ပါ။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ဂျိုကိုဗစ်ခေတ်ရောက်လာခဲ့တယ်။ မနှစ်ကတော့ ဂျိုကိုဗစ် ဒဏ်ရာပြဿနာရှိနေချိန်မှာ အန်ဒီမာရေးက ၂၀၁၆ ခုနှစ်ကို ဦးဆောင်ခဲ့တယ်။ ဒီနှစ်တော့ ဖက်ဒဲရာ-နာဒယ်လ် ခေတ်ပြန်ရောက်လာတာကြောင့် ၂၀၁၇ ခုနှစ်ကို တင်းနစ်လောကရဲ့ အကောင်းဆုံးတွေ တစ်ကျော့ပြန်အစွမ်းပြတဲ့နှစ်လို့ ဆိုရမှာဖြစ်ပါတယ်။

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး

ASEAN 50
PHILIPPINES 2017
PARTNERING FOR CHANGE, ENGAGING THE WORLD

ယခင်အပတ်မှ အဆက်

**(၃) အာဆီယံပေါင်းစည်းဆက်နွယ်ရေးဆိုင်ရာ မဟာစီမံကိန်း**

၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၂၈ ရက်ကနေ ၂၉ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကနေ အာဆီယံပေါင်းစည်းဆက်နွယ်ရေးဆိုင်ရာမဟာစီမံကိန်း (Master Plan on ASEAN Connectivity) ကို အတည်ပြုခဲ့ပါတယ်။

အာဆီယံအဖွဲ့ကြီးဟာ ၂၀၁၅ ခုနှစ်မှာ အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ထောင်နိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်ခဲ့တာနဲ့အညီ အာဆီယံအသိုက်အဝန်းအတွင်းမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများဟာ ပိုမိုလွတ်လွတ်လပ်လပ် စီးဆင်းသွားလာနိုင်ကြမှာဖြစ်တဲ့အတွက် အာဆီယံအဖွဲ့ကြီးရဲ့ ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုတိုးတက်ကောင်းမွန်လာစေမှာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံနိုင်ငံများအကြား ပေါင်းစည်းဆက်နွယ်မှု အဆင့်မြင့်မားလာရေးဟာ လိုအပ်ချက်တစ်ရပ် ဖြစ်တာကြောင့် အာဆီယံပေါင်းစည်းဆက်နွယ်ရေးဆိုင်ရာ မဟာစီမံကိန်းဟာ အာဆီယံရဲ့ ရည်မှန်းချက်ကို အထောက်အကူပြုမှာဖြစ်ပါတယ်။

အာဆီယံပေါင်းစည်းဆက်နွယ်ရေးဆိုင်ရာ မဟာစီမံကိန်းမှာ (၁) လမ်းတံတားများ တိုးတက်ကောင်းမွန်လာစေရေး (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာ ပေါင်းစည်းဆက်နွယ်ရေး၊ (၂) မူဝါဒများ တစ်ပြေးညီဖြစ်လာစေရေး (သို့မဟုတ်) အဖွဲ့အစည်းဆိုင်ရာ ပေါင်းစည်းဆက်နွယ်ရေးနဲ့ (၃) အာဆီယံပြည်သူများအကြား ပေါင်းစည်းဆက်နွယ်ရေးဆိုပြီး သုံးမျိုးခွဲခြားထားပါတယ်။ စီမံကိန်းပါလုပ်ငန်းစဉ်တွေကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကို စီမံကိန်းအကောင်အထည်ဖော်ရေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။

**(၁) ရုပ်ပိုင်းဆိုင်ရာပေါင်းစည်းဆက်နွယ်ရေး**
(Physical Connectivity)

အာဆီယံဒေသတွင်းမှာ ရှိနေသေးတဲ့ အခက်အခဲတစ်ခုကတော့ လမ်းတွေရဲ့ အရည်အသွေးနိမ့်ကျမှု၊ လမ်းမကြီးများနဲ့ မီးရထားလမ်းကြောင်းများအကြား အချိတ်အဆက် ပြတ်တောက်နေမှု၊ ရေကြောင်းပို့ဆောင်ရေးနဲ့ ဆိပ်ကမ်းလုပ်ငန်းများ၊ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ လုံလုံလောက်လောက်မရှိမှု၊ သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးမှုအဆင့် ကွာဟနေမှုတို့ကို ကျော်လွှားနိုင်ရေးဖြစ်ပါတယ်။

ဒါကြောင့် ဒေသတွင်းမှာ ရှိပြီးသားဖြစ်တဲ့ အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်သွားဖို့၊ အခြေခံ အဆောက်အအုံအသစ်တွေကို တိုးချဲ့တည်ဆောက်သွားဖို့ လိုအပ်လာပါတယ်။ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ဖို့ မဟာဗျူဟာလုပ်ငန်းစဉ် ခုနစ်ရပ်ကို ချမှတ်ထားရှိပါတယ်။ ရည်မှန်းချက်ကတော့ ဒေသတွင်းမှာ နည်းလမ်းပေါင်းစုံသယ်ယူပို့ဆောင်မှုစနစ် (multimodal transport system)၊ သတင်းအချက်အလက်နဲ့ နည်းပညာ ပိုမိုအဆင့်မြှင့်တင်ခြင်းနဲ့ ဒေသတွင်း စွမ်းအင်လုံခြုံမှုဆိုင်ရာ မူဘောင်လုပ်ငန်းစဉ်တွေကတစ်ဆင့် ဒေသတွင်း ရုပ်ပိုင်းဆိုင်ရာ ဆက်နွယ်ပေါင်းစည်းမှု ချောမွေ့လာစေရေး ဖြစ်ပါတယ်။




tmqD,Hotwifo,f,ykd/mqmifa&;vrf;ref,fukvmapa&;twuf
aqmifxm;ukvfuGufpD;yGm;a&;puuefuGif;/

**(၂) အဖွဲ့အစည်းဆိုင်ရာပေါင်းစည်းဆက်နွယ်ရေး**
(Institutional Connectivity)

ဒီကဏ္ဍရဲ့ ရည်မှန်းချက်တွေကတော့ သယ်ယူပို့ဆောင်မှုမော်တော်ယာဉ်များ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနဲ့ ကျွမ်းကျင်လုပ်သားတွေဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား လွယ်လွယ်ကူကူ ဖြတ်သန်းစီးဆင်းနိုင်စေဖို့ အတားအဆီးဖြစ်နေသေးတဲ့ ကိစ္စရပ်တွေကို ဖြေရှင်းသွားနိုင်ဖို့ ဖြစ်ပါတယ်။ ဒီလိုဖြေရှင်းသွားနိုင်ဖို့ အဖွဲ့ဝင်နိုင်ငံတွေအကြား ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လွယ်ကူချောမွေ့စွာ စီးဆင်းနိုင်စေဖို့ အခွန်အကောက်မဟုတ်တဲ့ အတားအဆီးတွေ (non-tariff barriers) ကို လျှော့ချသွားရမှာဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ၊ မူဝါဒတွေ၊ စံနှုန်းစံထားတွေ၊ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်တွေ တစ်ပြေးညီဖြစ်လာစေဖို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် အာဆီယံဆိုင်ရာ သဘောတူညီချက်တွေ အသက်ဝင်လာစေဖို့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်သွားနိုင်ဖို့ မဟာဗျူဟာလုပ်ငန်းစဉ် ၁၀-ရပ်ကို ချမှတ်ထားရှိပါတယ်။



အာဆီယံပြည်သူများအကြား ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် အာဆီယံပေါင်းစည်းဆက်နွယ်ရေးကို အထောက်အကူပြုစေမည်ဖြစ်သည်။

**(၃) ပြည်သူများအကြားပေါင်းစည်းဆက်နွယ်ရေး**
(People-to-People Connectivity)

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား လူမှုရေးနဲ့ယဉ်ကျေးမှုအရ အပြန်အလှန်ကူးလူးဆက်ဆံမှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားဖို့နဲ့ အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူတွေအကြား ပိုမိုထိတွေ့ဆက်ဆံမှုတွေ ပြုလုပ်သွားနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒီလိုဆောင်ရွက်သွားနိုင်ဖို့ အဖွဲ့ဝင် နိုင်ငံတွေအကြား ပြည်ဝင်ခွင့်ဆိုင်ရာ ဗီဇာလိုအပ်ချက်တွေ ဖြေလျှော့ပေးရေး၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးစတဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်သွားဖို့ မဟာဗျူဟာလုပ်ငန်းစဉ် ၂-ရပ်ကို ချမှတ်ထားပါတယ်။

ဒီပေါင်းစည်းဆက်နွယ်ရေး လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်နိုင်ဖို့ အဓိကလိုအပ်ချက်ကတော့ ရန်ပုံငွေရရှိရေးပဲဖြစ်ပါတယ်။ ရန်ပုံငွေရရှိရေးအတွက် အာဆီယံအဖွဲ့ကြီးအနေနဲ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရန်ပုံငွေ (ASEAN Fund for Infrastructure Development) တစ်ရပ်တည်ထောင်ရေးအပါအဝင် အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍအကြား လက်တွဲဆောင်ရွက်မှု (Public-Private Partnership-PPP) နည်းလမ်းတွေအပြင် အခြားဖြစ်နိုင်ခြေရှိမယ့် နည်းလမ်းတွေကို လေ့လာသုံးသပ်ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒါ့အပြင် အာဆီယံအဖွဲ့ကြီးရဲ့ ဆွေးနွေးဖက်မိတ်ဖက်နိုင်ငံများ (Dialogue Partners)၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ စတဲ့ ဒေသပြင်ပက မိတ်ဖက်အဖွဲ့အစည်းများနဲ့လည်း ဆက်သွယ်ဆောင်ရွက်မှုတွေကို တိုးချဲ့သွားမှာ ဖြစ်ပါတယ်။

အာဆီယံပေါင်းစည်းဆက်နွယ်ရေးဆိုင်ရာ မဟာစီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (Coordinating Committee) တစ်ရပ်ကို ဖွဲ့စည်း ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒီကော်မတီမှာ အဖွဲ့ဝင်တွေအဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီးများ (ဒါမှမဟုတ်) အဖွဲ့ဝင်နိုင်ငံတွေက သီးခြားခန့်အပ်တဲ့ အထူးကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စီမံကိန်း အကောင်အထည်ဖော်ရာမှာ လုပ်ငန်းစဉ်တွေရဲ့တိုးတက်မှုနဲ့ ကြုံတွေ့လာရမယ့် အခက်အခဲတွေကို လေ့လာစောင့်ကြည့်နိုင်ဖို့ တိုးတက်မှုမှတ်တမ်းစဉ် (score card mechanism) တစ်ရပ်ကိုလည်း ထားရှိသွားမှာဖြစ်ပါတယ်။

အာဆီယံပေါင်းစည်းဆက်နွယ်ရေးဆိုင်ရာ မဟာစီမံကိန်းရဲ့ အဓိကရည်မှန်းချက်ကတော့ အာဆီယံအဖွဲ့ကြီးအတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုနဲ့ ဖြန့်ဖြူးမှုကွန်ရက်တွေ ပိုမိုတိုးတက်လာစေဖို့နဲ့ တိုးချဲ့သွားနိုင်ဖို့ဖြစ်ပါတယ်။ နောက်ရည်မှန်းချက်တစ်ခုကတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ အလုပ်အကိုင် ပိုမိုရရှိလာမှုတွေကတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုအဆင့် ကွာဟချက်တွေ လျော့နည်းလာစေဖို့ဖြစ်ပါတယ်။ အလားတူပဲ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား စီးပွားရေးအရ အပြန်အလှန်တိုးတက်ဆက်ဆံမှု၊ ပြည်သူတွေအကြား ပိုမိုထိတွေ့ဆက်ဆံမှုတွေကတစ်ဆင့် ၂၀၁၅ ခုနှစ်မှာ အာဆီယံအသိုက်အဝန်းတစ်ရပ် အောင်မြင်စွာ တည်ထောင်နိုင်ရေး ရည်မှန်းချက်ကို အထောက်အကူပြုစေဖို့ ဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်းတစ်ရပ် အောင်မြင်စွာ တည်ထောင်နိုင်ခြင်းဖြင့် အာဆီယံအဖွဲ့ကြီးဟာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပေါင်းစည်းရေး လုပ်ငန်းစဉ်တွေမှာ ဗဟိုအချက်အချာနေရာကနေ ဆက်လက်ပါဝင်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့

# ဆီထွက်သီးနှံများနှင့် အစားထိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူလယ်သမားများနှင့် တွေ့ဆုံ

**ဝါးခယ်မ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံတောင်သူလယ်သမားများ၏ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုသာမက ဆီထွက်သီးနှံများ၊ အစားထိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားစေရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကြာဖြူကျေးရွာအုပ်စု သဲကုန်းကျေးရွာ တောင်သူနည်းပညာပေးစခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးဘဟိန်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က မိုးစပါးသီးနှံ၊ မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ် ရောင်းချခြင်း၊ မြေဆီလွှာ၊ မြေဩဇာ၊ ပိုးသတ်ဆေး သုံးစွဲမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ ဒေသခံတောင်သူလယ်သမားများက မိမိတို့ကြုံတွေ့ရသော အခက်အခဲများကို တင်ပြကြသည်။

ဆက်လက်၍ တောင်သူလယ်သမားများ အနေဖြင့် စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုသာမက အခြားသီးနှံများကိုပါ တွဲဖက်စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း၊ မိမိတို့ ကြုံတွေ့ရသည့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာအခက်အခဲများ ရှိပါက မြို့နယ်ရှိ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း လမ်းညွှန်မှာကြားကာ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များက ၂၀၁၇-၂၀၁၈ မိုးစပါးရာသီ မျိုးသန့်ပွားများရေးအတွက် RS-CS မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်နှင့် စမ်းသပ်ကွက်များ၊ တောင်သူမျိုးသန့်ထုတ် စိုက်ခင်း၊ ကောက်စိုက်စက်ဖြင့် စမ်းသပ်စိုက်ပျိုးခြင်းဖြင့် အောင်မြင်နေသော စပါးခင်းများအား ကြည့်ရှုအားပေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကြာဖြူ ၊ သဲကုန်း၊ ကြက်ခကုန်း၊ အူကျွန်းနှင့် ရေလိုန်ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ နိုင်ငံတကာစီးပွားရေးစီမံခန့်ခွဲမှုအတတ်ပညာ(အခမဲ့)သင်တန်းဆင်းပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံခန်းမ၌ w.Com Co. LTD နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)တို့ပူးပေါင်းဖွင့်လှစ်ရှိသည့် ကွန်ပျူတာဘာသာရပ်၊ အင်္ဂလိပ်စာ(သဒ္ဒါ) ဘာသာရပ်နှင့် စီးပွားရေးစီမံခန့်ခွဲမှုအတတ်ပညာဘာသာရပ် (အခမဲ့)သင်တန်းဆင်းပွဲကို စက်တင်ဘာ ၉ ရက်မွန်းလွဲ ၁ နာရီက အဆိုပါသင်တန်းခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အစိုးရအဖွဲ့ လီဆူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအားတီယောဟန် တက်ရောက်၍ w.Com Co. LTD တာဝန်ခံ ဦးဝဏ္ဏထွန်းက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

အဆိုပါ ကွန်ပျူတာဘာသာရပ်နှင့် အင်္ဂလိပ်စာ(သဒ္ဒါ) ဘာသာရပ်တို့ကို ဇွန် ၁၈ ရက်မှ ဩဂုတ် ၂၇ ရက်အထိ w.Com Co. LTD မှတာဝန်ယူဖွင့်လှစ်ခဲ့ကာ စီးပွားရေးစီမံခန့်ခွဲမှုအတတ်ပညာဘာသာရပ်အား ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၉ ရက် အထိ ILO မှ တာဝန်ယူဖွင့်လှစ်ပေးခဲ့ပြီး ဘာသာရပ်အလိုက် အချိန်ပိုင်းသင်တန်းများ ဖွင့်လှစ်ပေးခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စိတ်ပါဝင်စားသည့်လူငယ် မောင်မယ် အင်အား ၁၇၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်သင်တန်းတာဝန်ခံနည်းပြများ စေတနာရှင်သင်တန်းသား၊ သင်တန်းသူများ စုပေါင်း၍ မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်အုပ်စု အေးမြသာယာနယ်မြေရှိ မျှော်လင့်ခြင်းအသစ်မိသားစု မိဘမဲ့ဂေဟာ မိဘမဲ့ကလေး ၂၇ ဦးအတွက် လိုအပ်သည်များ ဝယ်ယူသုံးစွဲနိုင်ရန် ငွေကျပ် ၁၅ သိန်းနှင့် ကလေးငယ်များအတွက် အဝတ်အထည်နှင့် ကျောင်းသုံးလွယ်အိတ်များပါဝင်သည့် အထုပ် ၁၇ ထုပ်အား ဂေဟာတာဝန်ခံ ဦးဇော်မိုင်နှင့် ဆရာမ ဒေါ်နန်းဆိုင်ထွေးတို့ထံ ပေးအပ်လှူဒါန်းရာ ဂေဟာတာဝန်ခံက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလှူရှင်အဖွဲ့သည် အေးမြသာယာနယ်မြေရှိ စိန်ရတနာယောကျောင်းတိုက်ရှိ မိဘမဲ့ကျောင်းသား ၁၀ ဦးနှင့် ကိုရင်ငါးပါးတို့အတွက် လိုအပ်သည်များ ဝယ်ယူသုံးစွဲနိုင်ရန် အလှူငွေကျပ် ငါးသိန်းအား လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**



# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ပခုက္ကူ စက်တင်ဘာ ၁၁**

ပခုက္ကူမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အမှတ်စဉ် (၁/၂၀၁၇) လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲကိုစက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ပခုက္ကူခရိုင်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများ၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအပါအဝင် အခြားသော ဘေးအန္တရာယ်များကျရောက်နေစဉ် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ခရိုင်မီးသတ်စခန်း ၇၃ စခန်း၊ မြို့နယ်မီးသတ်စခန်း ၃၃၀၊ နယ်မြေမီးသတ်စခန်း ၇၀၃ စခန်း စုစုပေါင်း ၁၁၀၆ စခန်းအထိ တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ပခုက္ကူမြို့နယ်အတွင်း မီးဘေးအန္တရာယ်အပြင် သဘာဝဘေးအန္တရာယ်နဲ့ အခြား ရုတ်တရက်ဖြစ်ပွားသည့် ဘေးအန္တရာယ်များကို အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ပြည်တွင်းပြည်ပသင်တန်းများတက်ရောက်စေခြင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို အကြိုအခြေခံမီးသတ်ပညာ သင်တန်းများ၊ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပြီးစဉ်ဆက်မပြတ်လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အရန်မီးသတ်တူညီဝတ်စုံများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြသည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းနည်းပြနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဖွင့်



**နေပြည်တော် စက်တင်ဘာ ၁၁**

၂၀၁၇ ခုနှစ် နဝမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၁၁ နံနက် ၈ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B) ၌ ကျင်းပခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ယခုပြိုင်ပွဲကို ကျင်းပရခြင်းမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး (National Fitness) အတွက် အထောက်အကူဖြစ်စေပါကြောင်း၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအတွက် အပန်းဖြေမှု ဖြစ်သလို ပျော်ရွှင်မှု၊ စည်းလုံးမှုနှင့် ချစ်ခင်ရင်းနှီးမှု ရရှိမည်ဖြစ်ကြောင်း၊ ဘော်လီဘော အားကစားနည်းသည် နည်းစနစ်ကို အခြေခံပြီး တစ်ဦးနှင့်တစ်ဦး ကျွမ်းကျင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ သက်လုံနှင့် ကြံ့ခိုင်မှုစသည့်အချက်များ ပြည့်ဝရမည့်အပြင် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ၊ အပေးအယူမျှမျှနှင့် ယှဉ်ပြိုင်ကစားရန် လိုအပ်ကြောင်း၊ ဘော်လီဘော အားကစားနည်းဖြင့် နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးပြည့်ဝ၍ ထူးချွန်ထက်မြက်သော ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက အမျိုးသားပွဲစဉ်အဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ဝန်ကြီးဌာနအသီးသီးမှ အမျိုးသား ကိုးသင်းနှင့် အမျိုးသမီး ငါးသင်းဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး စက်တင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ (B) ၌ ကျင်းပသွားမည်ဖြစ်ရာ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# ငါးသိုင်းချောင်းမြို့၌ ကိုယ့်အားကိုယ်ကိုး မိုးလုံလေလုံအားကစားရုံသစ်ဖွင့်

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြည်သူ့အားကစားကွင်းအတွင်း ဆောက်လုပ်ပြီးစီးခဲ့သော ကိုယ့်အားကိုယ်ကိုး မိုးလုံလေလုံ အားကစားရုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဒေသခံပြည်သူလူထုနှင့် မျိုးဆက်သစ်လူငယ်လူရွယ်တို့ ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၈ ပေရှိ အဆိုပါ မိုးလုံလေလုံ အားကစားရုံအား ၂၀၁၆ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီဝင် ဦးမင်းလှိုင်က ငွေကျပ်သိန်း၈၀၀မတည်ခဲ့ပြီး ဒေသခံပြည်သူလူထု၊ စေတနာရှင်အလှူရှင်များ၊ အားကစားဝါသနာရှင်များနှင့် မြို့နယ် အား/ကာ ကော်မတီဝင်များက စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၀၀၀ ခန့် အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောက်လုပ်ခဲ့ကြောင်း၊ အားကစားရုံသစ် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရုံတွင်းအားကစားနည်းများကို ဒေသခံပြည်သူများနှင့် မျိုးဆက်သစ်အားကစားသမားများ ရာသီမရွေး စနစ်တကျပုံမှန်လာရောက်ကစားနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ် အား/ကာ ကော်မတီမှ အတွင်းရေးမှူး ဦးအောင်ဆန်းမင်းက ပြောကြားခဲ့သည်။

လတ်တလော အခြေအနေတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထောက်ပံ့သော ကိုယ်ကာယလေ့ကျင့်ခန်းသုံးကိရိယာ (စက်ပစ္စည်း)များကို အားကစားရုံအတွင်း၌ တစ်နေရာနှင့် ဒေသခံပြည်သူများ လွတ်လပ်စွာ ကိုယ်လက်လှုပ်ရှားကစားနိုင်ရန် အများပြည်သူစည်ကားရာ ပြည်သူ့အားကစားကွင်းအတွင်း တစ်နေရာ၊ ငါးသိုင်းချောင်းမြို့အဝင်လမ်းဆုံ၌တစ်နေရာ၊ ငဝန်မြစ်ကူးတံတားထိပ်၌ တစ်နေရာနှင့် မြို့တွင်းရှိ အများပြည်သူ စည်ကားရာလမ်းဆုံတို့တွင် တပ်ဆင်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ကိုယ်ကာယကျန်းမာရေး လေ့ကျင့်ခန်းများကို လွတ်လပ်စွာ အခမဲ့ လာရောက် ကစားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး အားကစားရုံသစ်ဖွင့်ပွဲနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် မြို့ဌာနဆိုင်ရာများ၊မြို့နယ် အား/ကာ ကော်မတီဝင်များ၊ ဒေသခံအားကစားသမားများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



စာမျက်နှာ ၁၅ မှ

၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးကနေ အာဆီယံပေါင်းစည်းဆက်နွယ်ရေးဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ ကို အတည်ပြုပေးခဲ့ပါတယ်။ ဒီစီမံကိန်းအရ အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိရေး (Sustainable Infrastructure)၊ ဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်တီထွင်မှုရှိရေး (Digital Innovation)၊ ထောက်ပံ့ပို့ဆောင်မှုစနစ်တွေ ချောမွေ့မှုရှိရေး (Seamless Logistics)၊ ဥပဒေလုပ်ထုံးလုပ်နည်းများ သာလွန်ကောင်းမွန်မှုရှိရေး (Regulatory Excellence)နဲ့ ပြည်သူများလွယ်ကူစွာသွားလာနိုင်ရေး (People Mobility) ကဏ္ဍကြီး ငါးရပ်အပေါ်မှာ အလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အာဆီယံဒေသဟာ အခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏ နှစ်စဉ်ဒေါ်လာ သန်း ၁၁၀ လိုအပ်မှုရှိနေတာကြောင့် ဒီကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုဆွဲဆောင်လာနိုင်ရန် ရည်ရွယ်ပြီး စီမံကိန်းဆိုင်ရာပြင်ဆင်မှုတွေ တိုးတက်ကောင်းမွန်လာစေဖို့၊ အခြေခံအဆောက်အအုံကဏ္ဍမှာ ကုန်ထုတ်လုပ်မှု တိုးတက်လာစေဖို့နဲ့ အာဆီယံဒေသမှာရှိတဲ့ မြို့ကြီးတွေအနေနဲ့ စဉ်ဆက်မပြတ် တိုးတက်မှုရှိတဲ့ လုပ်ငန်းစဉ်တွေကို အလေးထားဆောင်ရွက်သွားဖို့ အကူအညီပေးသွားမှာ ဖြစ်ပါတယ်။ အလားတူ အာဆီယံဒေသဟာ ဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်တီထွင်မှုကဏ္ဍမှာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်ကုန်အသစ်များနဲ့ ဝန်ဆောင်မှုအသစ်များကြောင့် ၂၀၃၀ ပြည့်နှစ်အရောက်မှာ ဒီကဏ္ဍမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံအထိ ရှိလာနိုင်တဲ့အတွက် အာဆီယံနိုင်ငံတွေအကြား ဥပဒေလုပ်ထုံးလုပ်နည်းတွေ ပိုမိုကောင်းမွန်ဆီလျော်မှု ရှိလာစေဖို့၊ သတင်းအချက်အလက်လွတ်လပ်စွာဖလှယ်မှုလုပ်ငန်းစဉ်တွေ ပိုမိုကောင်းမွန်လာစေဖို့၊ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းတွေ၊ နည်းပညာသစ်တွေကို ပိုမိုအသုံးပြုလာနိုင်စေဖို့ အကူအညီပေးသွားမှာဖြစ်ပါတယ်။

ထောက်ပံ့ပို့ဆောင်မှုစနစ်တွေ ချောမွေ့မှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားခြင်းဟာ အာဆီယံဒေသတွင်းမှာ ကုန်ပစ္စည်းတွေ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေးကို အထောက်အကူပြုစေမှာဖြစ်သလို အာဆီယံပြည်သူတွေအတွက် စီးပွားရေးအခွင့်အလမ်းကောင်းတွေကိုလည်း ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်အာဆီယံဒေသတွင်းရှိ အရေးကြီးတဲ့ ကုန်သွယ်မှုလမ်းကြောင်းတွေမှာ အဓိကအတားအဆီးပိတ်ဆို့မှု ဖြစ်နေတဲ့ကဏ္ဍတွေကို ဖော်ထုတ်ဖြေရှင်းပေးသွားမှာဖြစ်ပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းများကဏ္ဍမှာ အာဆီယံအဖွဲ့ဝင်တွေအကြား အခွန်အကောက်နှုန်းထားတွေကို သိသိသာသာ လျှော့ချပေးခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် စံနှုန်းစံထားတွေ တညီတညွတ်တည်းဖြစ်လာစေဖို့၊ အပြန်အလှန်အသိအမှတ်ပြုမှုနဲ့ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေစတဲ့ကဏ္ဍတွေမှာ ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့ ကူညီသွားမှာ ဖြစ်ပါတယ်။ ပြည်သူများလွယ်ကူစွာ သွားလာနိုင်ရေးနဲ့ပတ်သက်လို့ အာဆီယံဒေသဟာ ၂၀၂၅ ခုနှစ်မှာ ပြည်ပနိုင်ငံတွေကနေ လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း သန်း ၁၅၀ အထိ ရှိလာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ ဒါကြောင့် အာဆီယံဒေသတွင်း ခရီးသွားကဏ္ဍဆိုင်ရာ သတင်းအချက်အလက်ရရှိမှုတွေ တိုးတက်ကောင်းမွန်လာစေဖို့၊ ပြည်ဝင် ဗီဇာလျှောက်ထားမှု လုပ်ငန်းစဉ်တွေ လွယ်ကူလာစေဖို့အပြင် အာဆီယံပြည်သူတွေအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းဆိုင်ရာ အရည်အသွေးသတ်မှတ်တဲ့မူဘောင်တွေတိုးတက်ကောင်းမွန်လာစေဖို့နဲ့ အာဆီယံပြည်သူများအကြား ပိုမိုလွယ်ကူစွာသွားလာနိုင်စေဖို့ အကူအညီပေးသွားမှာဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

## နာမည်အသစ်ဖြင့် iPhone X နှင့်အတူ အခြား iPhone နှစ်မျိုးစက်တင်ဘာ၁၂တွင်မိတ်ဆက်မည်




Apple ၏ ၁၀နှစ်ပြည့် iPhone အသစ်ဖြစ်သည့် iPhone X ဟုအမည်ပေးထားသော စမတ်ဖုန်းအမျိုးအစားသစ်တစ်မျိုးနှင့် iPhone 8 နှင့် 8 Plus အမျိုးအစားသစ်နှစ်မျိုးကို စက်တင်ဘာ ၁၂ ရက်တွင် ထူးခြားစွာ မိတ်ဆက်ပေးတော့မည်ဖြစ်သည်။ ၂၀၁၇ ခုနှစ် အစောပိုင်းကာလများကတည်းက သတင်းများပျံ့နှံ့နေသော အဆိုပါအမည်သစ်နှင့် iPhone ကို လေ့လာသူများက အမျိုးမျိုးခန့်မှန်းပြောဆိုနေကြပြီး ယခုအမှန်တကယ်ကြေညာပေးလိုက်သည့်အခါတွင် လွဲမှားမှုများစွာရှိနေခဲ့သည်။ Apple ၏ အခြားထုတ်ကုန်များနှင့်အတူ တရားဝင်မိတ်ဆက်ပေးတော့မည့် ၎င်းနည်းပညာမြင့် စမတ်ဖုန်းများကို စက်တင်ဘာ ၁၂ ရက် ည ၁၁ နာရီဝန်းကျင်တွင် အွန်လိုင်းနှင့်အခြားမီဒီယာများပေါ်တွင် တိုက်ရိုက်ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ပြီး အဆိုပါ Apple ထုတ်ကုန်သစ်များတွင် ပါဝင်မည့်နည်းပညာနှင့်အချက်အလက်များကို တရားဝင်ကြေညာပေးသွားမည်ဟုသိရသည်။ ယခင်ကာလများက အဆိုပါ Apple ထုတ်ကုန်သစ်များအတွက် ခန့်မှန်းအချက်အလက်များကိုသာ သိရှိခဲ့ရပြီး Apple မှ အဆိုပါ ခန့်မှန်းထွက်ပေါ်သည့်သတင်းများအတွက် မည်ကဲ့သို့မှတ်ချက်မျိုးကိုမှ ပြန်လည်ပြောဆိုခြင်းမရှိဘဲ ယခုတရားဝင်ကြေညာသည့်အချိန်မှသာ အတိအကျပြောဆိုသွားမည်ဟု သိရသည်။ နာမည်သစ် iPhone X တွင် မျက်နှာပြင် ၅ ဒသမ ၈ လက်မနှင့် Apple A11 Chip ကိုထည့်သွင်းပေးသွားနိုင်ဖွယ်ရှိပြီး RAM 4 GB နှင့် ထွက်ပေါ်လာဖွယ်ရှိသည်ဟု လေ့လာသူများက ခန့်မှန်းထားကြပြီး iPhone 8 နှင့် 8 Plus တွင် ပါဝင်မည့် အချက်အလက်များကိုလည်းခန့်မှန်းချက်များထွက်ပေါ်ခဲ့ပြီးဖြစ်သည်။

ALEX



## စက်တင်ဘာ ၁၁ ရက်တွင် မိတ်ဆက်ပေးလိုက်သည့် Xiaomi Mi Notebook Air 2

ခန့်မှန်းထွက်ပေါ်ထားသည့်သတင်းများအရ အဆိုပါ Xiaomi Mi Notebook Air 2 တွင် မျက်နှာပြင် ၁၃ ဒသမ ၆ လက်မပါဝင်လာမည်ဟု သိရပြီး RAM နှင့် သိုလှောင်သိမ်းဆည်းမှု ပမာဏများအတွက် အမျိုးအစားကွဲများကို ထုတ်လုပ်ပေးသွားမည်ဟုဆိုသည်။ ၎င်း Notebook အသစ်နှင့်အတူ Xiaomi ၏ စမတ်ဖုန်းသစ် နှစ်မျိုး Mi Mix 2 နှင့် Mi Note 3 ကိုပါမိတ်ဆက်ပေးသွားပြီး ပါဝင်သည့်အသေးစိတ်အချက်အလက်များကိုပါကြေညာပေးခဲ့သည်။

လည်ပတ်မှုစနစ် Window 10 ပါဝင်ပြီး ဒီဇိုင်းလှပသေသပ်ကာ ပေါ့ပါးစွာသယ်ဆောင်သွားနိုင်ပြီး လုပ်ဆောင်မှုစွမ်းရည်များကိုလည်း နည်းပညာသစ်များပူးပေါင်းကာ အဆင့်မြှင့်တင်ပေးထားသည်။ Apple ထက် တစ်ရက်စောကာ မိတ်ဆက်မှုပြုလုပ်လိုက်သော Xiaomi သည် တရုတ်နိုင်ငံ၏ iPhone ဈေးကွက်ကို စတင်စိန်ခေါ်လိုက်ပြီဖြစ်ကာ အရှိန်ပြင်းသည့် မိုဘိုင်းလ်ပြိုင်ဆိုင်မှုများစွာ မြင်တွေ့နေရသောကာလဖြစ်သည်။

4G LTE စနစ်ပါဝင်သောကြောင့် အင်တာနက်ကို ကြိုးမဲ့စနစ်အပြင် 4G စနစ်ဖြင့်လည်း အသုံးပြုနိုင်မည်ဖြစ်ကာ 45W နှင့် 60W ပါဝါစနစ်နှစ်မျိုးအသုံးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ Notebook ကို ၂၀၁၇ ခုနှစ် အစောပိုင်းကာလကတည်းက ထုတ်လုပ်သွားမည်ဟု သတင်းများ ထွက်ပေါ်ထားခဲ့ခြင်းရှိခဲ့သည်။

ALEX

# ရန်ကုန်မြို့တွင် လမ်းနယ်ကျူးကျော်မှုပပျောက်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် မြို့တော်နယ်နိမိတ်အတွင်းလမ်းနယ်ကျူးကျော်မှုများ ပပျောက်စေရန် အများပြည်သူပိုင်လမ်းများအပေါ်တွင် အမိုး၊ အဖီ၊ အဆွယ်များ ပြုလုပ်၍ဈေးရောင်းချနေမှုနှင့် ဈေးခုံများခင်းကျင်းခြင်း၊ ကုန်ပစ္စည်းများ စုပုံထားခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်စေပြီး ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေသဖြင့် ယင်းကဲ့သို့ပြုမူဆောင်ရွက်ခြင်းမပြုလုပ်ရန် ကြိုတင်အသိပေးပြီး စည်းကမ်းလိုက်နာမှုမရှိပါက စည်းကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် လမ်းနယ်ကျူးကျော်မှုများအား စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေမှုတို့ကိုမြင်တွေ့ရသည်။

"အများပြည်သူပိုင် လမ်းနယ်နိမိတ်ကို ကျူးကျော်ပြီး အမိုး၊ အဖီ၊ အဆွယ်တွေ ဆောင်ရွက်ထားကြတယ်။ အချို့စားသောက်ဆိုင်တွေက လမ်းပေါ်မှာ ဈေးခုံတွေခင်းကျင်းပြီး ရောင်းဝယ်နေကြတော့ လမ်းပိတ်ဆို့သွားတာပေါ့။ ဒါကြောင့်ကြိုတင်အသိပေးမှု လုပ်ငန်းတွေဆောင်ရွက်ပြီး စည်းကမ်းလိုက်နာမှုမရှိတဲ့ လမ်းပေါ်ကပစ္စည်းတွေကို အမှိုက်အဖြစ်မှတ်ယူပြီး ဖယ်ရှားရှင်းလင်းဆောင်ရွက်နေပါတယ်"ဟု လှိုင်မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ပြောသည်။



ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် လှိုင်မြို့နယ်၌ အမှတ် (၇)ရပ်ကွက်မှ သံလမ်း၊ ဗဟိုလမ်းနှင့် အမှတ်(၁)ရပ်ကွက်မှ ဘုတာရုံလမ်းတစ်လျှောက် လမ်းနယ် ကျူးကျော်မှုများအား စည်းကမ်း ထိန်းသိမ်းဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မရမ်းကုန်းမြို့နယ်တွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ် (၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်း၍ အမှတ် (၁)ရပ်ကွက်အတွင်း လမ်းနယ်နိမိတ်ကျူးကျော် ရောင်းဝယ်နေမှုများအား နို့တစ်စာများဖြင့် လိုက်လံအသိပေးမှုများ ဆောင်ရွက်ခဲ့ကြသည်ဟုဆိုသည်။

"လမ်းနယ်နိမိတ် ကျူးကျော်မှုပပျောက်စေဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ပူးပေါင်းပြီး အမှတ် (၁)ရပ်ကွက်အတွင်းမှာ လမ်းနယ်ကျူးကျော်နေသူတွေကို နို့တစ်စာတွေပေးပြီး ကြိုတင်အသိပေးမှုတွေ ဆောင်ရွက်နေပါတယ်။ စည်းကမ်းလိုက်နာမှု မရှိရင်တော့ စည်းကမ်းထိန်းသိမ်းဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအေးသောင်းကပြောသည်။

မျက်မှောက်ကာလတွင် ရန်ကုန်မြို့၌ ပျံ့ကျဈေးသည်အချို့သည် အများပြည်သူပိုင်လမ်းများပေါ်တွင် ဈေးခုံများ ခင်းကျင်းရောင်းဝယ်ခြင်း၊ အချို့သောအိမ်ဆိုင်များက လမ်းနယ်နိမိတ်အထိ အမိုး၊ အဖီ၊ အဆွယ်များပြုမူဆောင်ရွက်ထားခြင်း၊ အချို့သောစီးပွားရေးလုပ်ငန်းရှင်များက လူသွားစင်္ကြံလမ်းနှင့်လမ်းပေါ်တွင် ကုန်ပစ္စည်းများ စုပုံထားခြင်းနှင့်ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူဆောင်ရွက်ထားမှုများရှိနေသဖြင့် မူလလမ်းနယ်နိမိတ်ကို အပြည့်အဝအသုံးပြု၍မရဘဲ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည်ဟုဆိုသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှလမ်းနယ်နိမိတ်ကျူးကျော်မှုပပျောက်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ဟုသိရသည်။

**သတင်း-မောင်သုည**
**ဓာတ်ပုံ-ဖူးပွင့်ဝေ**



## သက်ငယ်မုဒိမ်းပပျောက်ရေးပညာပေး

**မင်္ဂလာတောင်ညွန့် စက်တင်ဘာ ၁၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၉ ရက် ည ၇ နာရီက မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှူး ဒု-ရဲမှူး ဇော်ဝင်းနိုင်က ရပ်ကွက်နေ အမျိုးသမီးငယ်များနှင့် အုပ်ထိန်းသူမိဘများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးထူးနှင့်အဖွဲ့ဝင်များအား သက်ငယ်မုဒိမ်းပပျောက်ရေး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(၁၁၈)

# YouTube ရဲ့ ထိပ်တန်းတေးသီချင်းစာရင်းမှာပါဝင်လာတဲ့ Black Pink

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ဖြစ်တဲ့ “Black Pink”ဟာ နောက်ဆုံးထုတ်လွှင့်ထားတဲ့တေးသီချင်း “As If It's Your Last” နဲ့ YouTube ရဲ့ လာမယ့်နွေရာသီအတွက် အကျော်ကြားဆုံးသောတေးသီချင်း ၂၅ ပုဒ်စာရင်းမှာ ပါဝင်နေတာဖြစ်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာတော့ YouTube ရဲ့ တေးဂီတဝက်ဘ်ဆိုက်ပေါ်မှာ အကျော်ကြားဆုံးဖြစ်နေတဲ့ ထိပ်တန်းတေးသီချင်းတွေရဲ့စာရင်းကို အဲဒီဝက်ဘ်ဆိုက်က ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြရာမှာတော့ ကမ္ဘာတစ်ဝန်းမှ တေးသံရှင်တွေရဲ့ ပရိသတ်အများဆုံးရရှိခဲ့တဲ့ တေးသီချင်း ၂၅ ပုဒ်ကို ရွေးချယ်ဖော်ပြခဲ့တာဖြစ်ပါတယ်။ အဆိုပါစာရင်းမှာတော့ တောင်ကိုရီးယားတေးဂီတအဖွဲ့တွေအနက် “Black Pink”က ထိပ်တန်းတေးသီချင်းစာရင်းမှာ ပါဝင်နိုင်ခဲ့ပြီး အကျော်ကြားဆုံးတေးသီချင်းတွေအနက် “ Black Pink ”ရဲ့ “As If It's Your Last” ဟာ နံပါတ် (၁၅) နေရာမှာ ရပ်တည်နေတာလည်း တွေ့ရပါတယ်။ ယင်းတေးဂီတဇယားမှာ နံပါတ်(၁)နေရာကို ရယူထားနိုင်ခဲ့တဲ့ တေးသီချင်းကတော့ “Despacito”ဖြစ်ပြီး တေးသံရှင်ကတော့ လူးဝစ်ဖွန်ဆိုင်း ဖြစ်ပါတယ်။ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ဒ်ရှီရန်ရဲ့ ကျော်ကြားတဲ့တေးသီချင်း “Shape of You”ကတော့ နံပါတ်(၂)နေရာကို ပိုင်ဆိုင်ထားနိုင်ခဲ့တာလည်း တွေ့ရပါတယ်။

“ Black Pink” တေးဂီတအဖွဲ့ဟာ အချိန်တိုအတွင်း အောင်မြင်လာတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး စတင်တည်ထောင်ခဲ့ပြီးနောက် တစ်နှစ်ကျော်ကာလအတွင်းမှာ ယခုလိုအောင်မြင်မှုတွေ ရရှိခဲ့တာဖြစ်ပါတယ်။ အဖွဲ့ဝင်လေးဦးနဲ့ ဖွဲ့စည်းထားတဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ တစ်ချိန်က တောင်ကိုရီးယားတေးဂီတလောကမှာသာမက အာရှကိုပါလွှမ်းမိုးနိုင်ခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ “2NE1”နဲ့ နှိုင်းယှဉ်ခြင်းခံခဲ့ရပြီး ခေတ်သစ် “2NE1”ရယ်လို့ တောင် ထင်ကြေးပေးခံခဲ့ရတဲ့ တေးဂီတအဖွဲ့လည်း ဖြစ်ပါတယ်။



## ပရိသတ်တွေ ရွေးချယ်လိုက်တဲ့ အချောဆုံးကေပေါ့ပ် အမျိုးသားတေးသံရှင်

တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တွေများစွာရှိသလို တေးသံရှင်တွေလည်း များပြားလွန်းလှပြီး အဲဒီအထဲကမှ အချောဆုံး အယောက် ၂၀ ကိုရွေးချယ်က ကိုရီးယားဘိုးဒေါ့ကွန်းမှာ ဖော်ပြခဲ့တာတွေ့ရပါတယ်။ ဒီလိုရွေးချယ်ရာမှာလည်း တောင်ကိုရီးယားပရိသတ်တွေရဲ့ ရွေးချယ်ပေးမှုဖြစ်ပြီး ယခုနှစ်အတွက် အချောဆုံးသော ကေပေါ့ပ်အမျိုးသားတေးသံရှင်ကတော့ “Super Junior”အဖွဲ့မှ ချာစီဝန်ပဲ ဖြစ်ပါတယ်။

အဆိုပါစာရင်းရဲ့ ထိပ်တန်း ၁၀ ဦးစာရင်းမှာ ပါဝင်ခဲ့ကြတဲ့သူတွေကတော့ ဒုတိယမြောက်နေရာမှာ “Big Bang”မှ T. O. P၊ သူ့နောက်မှာတော့ ဂျေဝိုင်ဂျေမှ ဂျေဂျောင်၊ စတုတ္ထနေရာမှာတော့ “SHINee”မှ မင်ဟို၊ ပဉ္စမနေရာမှာတော့ “EXO”မှ ဆယ်ဟွန်း၊ အဲဒီနောက်မှာတော့ "BTS"မှ ဂျန်ကွတ်ခ်၊ “Infinite”မှ အယ်လ်၊ “Big Bang”မှ G-Dragon၊ “EXO”မှ စူဟိုနဲ့ “NCT”မှ တေးယွန်တို့က အသီးသီးရပ်တည်နေတာတွေ့ရပါတယ်။

ယခုနှစ်အတွက် ရွေးချယ်ခံခဲ့တဲ့အချောဆုံးသော ကေပေါ့ပ်အမျိုးသားတေးသံရှင် အယောက် ၂၀ စာရင်းမှာတော့ EXO တေးဂီတအဖွဲ့မှ အဖွဲ့ဝင် ငါးဦး၊ “BTS”၊ “BIG BANG”၊ “Super Junior”တို့မှ နှစ်ဦးစီ ပါဝင်နေကြတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် တောင်ကိုရီးယားရဲ့ လတ်တလောမှာ အအောင်မြင်ဆုံးအဖွဲ့တွေအနက် တစ်ဖွဲ့ဖြစ်တဲ့ “EXO”ကတော့ အဖွဲ့ဝင် ကိုးဦးရှိတဲ့အနက် ငါးဦးဟာ အဆိုပါစာရင်းမှာ ထည့်သွင်းဖော်ပြခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။

ဒီလိုရွေးချယ်ခံခဲ့ရာမှာတော့ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ ထူးခြားတဲ့ကိုယ်ပိုင်ဟန်ရှိမှု၊ ကျော်ကြားမှု၊ ပရိသတ်တွေနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိခြင်း စတာတွေပါ ထည့်သွင်းစဉ်းစားရွေးချယ်ခဲ့ကြတာဖြစ်ပြီး အဆိုပါကေပေါ့ပ်တေးသံရှင်တွေဟာ တောင်ကိုရီးယားရဲ့ အလှဆုံးသော အမျိုးသားတွေလည်းဖြစ်တယ်လို့ဆိုရမှာပဲ ဖြစ်ပါတယ်။



## ပါပါရာဇီတွေကို ရှောင်ရှားခဲ့ကြတဲ့ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ ယခင်က သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ကြော်ကြားတကြားဖုံးကွယ်ဖို့ မကြိုးစားခဲ့ပေမယ့် လက်ရှိချစ်သူ ဂျိုးအော်ဝင်န်နဲ့ပတ်သက်လာရင်တော့ အချိန်တိုင်း ဖုံးကွယ်ထားဖို့ကြိုးစားခဲ့ပါတယ်။ ဒါ့အပြင် လတ်တလောမှာတော့ ပါပါရာဇီတွေရဲ့လက်ကလွတ်ဖို့အတွက် ထူးကြောင်ကြောင်အပြုအမူတွေ ပြုလုပ်ခဲ့တာတွေ့ရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၉ ရက်မှာတော့ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်တို့ဟာ နယူးယောက်ခ်က သူတို့နှစ်ဦးနေထိုင်နေတဲ့ တေလာဆွစ်ရဲ့တိုက်ခန်းကို အတူပြန်လည်ရောက်ရှိလာခဲ့ချိန်မှာတော့ ပါပါရာဇီတွေနဲ့ တိုးခဲ့တာဖြစ်ပါတယ်။ ဒီလိုရုတ်တရက်ဓာတ်ပုံသတင်းထောက်တွေနဲ့ တိုးတဲ့အချိန်မှာတော့ နှစ်ဦးစလုံးဟာ ဝတ်ဆင်ထားတဲ့ အင်္ကျီခေါင်းစွပ်တွေနဲ့ မျက်နှာတွေကိုကွယ်ထားခဲ့ပြီး တိုက်ခန်းအတွင်းကို အလျင်အမြန်ပြေးဝင်သွားခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမယ့် တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် “Reputation”မှာ ပါဝင်မယ့်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Ready For It” ဟာလည်း တေလာရဲ့ လက်ရှိချစ်သူ ဂျိုးအော်ဝင်န်ကို ရည်ရွယ်ထားတာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပြီး ပရိသတ်တစ်ဦးက လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထောက်ခံရေးသားဖော်ပြချက်ကိုလည်း တေလာကိုယ်တိုင်က ကြိုက်နှစ်သက်ကြောင်း ပြန်လည်ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

တေလာဆွစ်ဟာ နာမည်ကျော်အနုပညာရှင်တွေနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ဖူးတာဖြစ်ပြီး ဂျိုးအော်ဝင်န်မတိုင်မီတွဲခဲ့သူတွေကတော့ မင်းသားတွမ်ဟစ်ဒဲလ်စတန်(၃၆)နှစ်၊ ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ် (၃၃)နှစ်၊ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျွန်မေယာ(၃၉)နှစ်နဲ့ ဗြိတိန်အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့ “One Direction”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်(၂၃)နှစ်တို့ပဲ ဖြစ်ကြပါတယ်။ တေလာဆွစ်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်း “Ready For It”ရဲ့ စာသားအချို့အရ ချစ်သူတွေအနက် အသက်အငယ်ဆုံးဖြစ်ကြောင်း ညွှန်းဆိုရေးသားထားတာကြောင့် ယင်းတေးသီချင်းဟာ ဟယ်ရီစတိုင်ကို ရည်ရွယ်တာဖြစ်တယ်လို့လည်း ဝေဖန်သံတွေ တစ်ပြိုင်နက်ပေါ်ထွက်ခဲ့ပါတယ်။



## ချစ်သူတွေ မဟုတ်ပါဘူးလို့ ဆိုလာတဲ့ ကန်ဟာနူး

တောင်ကိုရီးယားသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကန်ဟာနူးကတော့ သူနဲ့ တေးသံရှင်လည်းဖြစ်၊ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ လှုပ်ရှားနေတဲ့ အိုင်ယူနဲ့ အတူတွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေနဲ့အတူ ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေပေါ်ထွက်လာချိန်မှာတော့ အဆိုပါကောလာဟလတွေဟာ မှန်ကန်မှုမရှိကြောင်း ချက်ချင်းဆိုသလို ငြင်းချက်ထုတ်ခဲ့တာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ စစ်မှုထမ်းဆောင်နေပြီဖြစ်တဲ့ ကန်ဟာနူးဟာ စစ်မှုစတင်ထမ်းဆောင်ခြင်းမပြုမီ နောက်ဆုံးသောနေ့ရက်တွေကို မိသားစုနဲ့ အိုင်ယူအတွက်အချိန်ပေးခဲ့တာကြောင့် ယခုလို သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ ဖြစ်ပေါ်စေခဲ့တာဖြစ်ပါတယ်။ မင်းသားဟာ စစ်မှုစတင်ထမ်းဆောင်ခြင်းမပြုမီ ပြီးခဲ့တဲ့ စက်တင်ဘာ ၉ ရက်မှာ မိသားစုတွေနဲ့အတူရှိနေခဲ့တာတွေ့ရပြီး နောက်နေ့မှာတော့ အိုင်ယူနဲ့အတူ ကော်ဖီဆိုင်တစ်ဆိုင်မှာ ရှိနေခဲ့ပြန်တာဖြစ်ပါတယ်။

ကော်ဖီဆိုင်ကို သူတို့နှစ်ဦးဟာ အခြားသောသူတွေနဲ့အတူလာရောက်ခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးကသာ အနုပညာကြယ်ပွင့်တွေဖြစ်ကြောင်း၊ နှစ်နာရီခန့် အတူရှိနေကြပြီးနောက် ပြန်လည်ထွက်ခွာသွားခဲ့တာဖြစ်ကြောင်းလည်း မျက်မြင်တွေ့ရှိခဲ့သူတစ်ဦးက ထုတ်ဖော်ပြောကြားလာခဲ့ပြီး အဲဒီနောက်ပိုင်းမှာတော့ ကောလာဟလတွေဟာ ပျံ့နှံ့လာခဲ့တာဖြစ်ပါတယ်။

ဒီလိုကောလာဟလတွေပေါ်ထွက်လာချိန်မှာတော့ ကန်ဟာနူးဘက်က စတင်တုံ့ပြန်ခဲ့တာဖြစ်ပြီး မင်းသားရဲ့ ကိုယ်စားလှယ်က အဆိုပါကောလာဟလတွေဟာ မှန်ကန်မှုမရှိကြောင်း၊ သူတို့နှစ်ဦးဟာ လတ်တလောမှာ ရုပ်ရှင်သစ်အတွက် အတူရှိနေတာဖြစ်ကြောင်းနဲ့ နှစ်ဦးအကြား ဆက်ဆံရေးဟာလည်း သူငယ်ချင်းတွေသာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ကန်ဟာနူးကိုယ်တိုင်ကလည်း ကောလာဟလတွေနဲ့ပတ်သက်ပြီး “အိုင်ယူနဲ့ ကျွန်တော်က သူငယ်ချင်းတွေပါ။ ယခုလို ကောလာဟလတွေ ပေါ်ထွက်လာတာကို ကျွန်တော်တို့နှစ်ယောက်စလုံး သတိထားမိပါတယ်။ ကျွန်တော်တို့နှစ်ယောက်တည်းတွေ့ဆုံနေတဲ့ ဓာတ်ပုံတွေရှိရင် အဲဒါတွေကို ကျွန်တော်အရင်ဆုံးတွေ့မြင်ချင်ပါတယ်”လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ကန်ဟာနူးဟာ စက်တင်ဘာ ၁၁ ရက်မှာ စစ်မှုစတင်ထမ်းဆောင်ခဲ့တာဖြစ်ပြီး လတ်တလောပေါ်ထွက်လာတဲ့ ကောလာဟလတွေနဲ့ ပတ်သက်ပြီး အိုင်ယူဘက်ကတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးတာလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

## ပြန်လည်လက်တွဲလိုက်ပြီလား

ဟောလိဝုဒ်နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီယိုနာဒိုဒီကာပရီယိုနဲ့ သူ့ရဲ့ချစ်သူဟောင်းတစ်ဦးဖြစ်တဲ့ တိုနီဂါန်တို့ကို လတ်တလောမှာတော့ နယူးယောက်ရဲ့လမ်းတွေပေါ်မှာ အတူတွဲကာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် တစ်ချိန်က ချစ်သူနှစ်ဦးအနေနဲ့ လက်ရှိမှာ လက်ချင်းတွဲကာ ပြန်လည်တွေ့မြင်လိုက်ရတာဟာ သူတို့နှစ်ဦးရဲ့ဇာတ်လမ်း ပြန်လည်စတင်လာခဲ့ပြီဖြစ်တယ်လို့ ဆိုရမှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၉ ရက် နံနက်ခင်းမှာတော့ လီယိုနာဒိုနဲ့ တိုနီတို့နှစ်ဦးကို နယူးယောက်ခ်မှာရှိတဲ့ ကလပ်တစ်ခုကနေပြန်လည်ထွက်ခွာလာတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ချစ်သူဟောင်းတွေ ပြန်လည်ချိန်းဆိုတွေ့ဆုံနေပုံရပြီး နှစ်ဦးသားလက်ချင်းတွဲထားတာဖြစ်တဲ့အတွက်ကြောင့်လည်း ယခင်ကဇာတ်လမ်းကို တစ်ဖန်ပြန်လည်ဆက်ကြဖို့ စိုင်းပြင်းနေတာဖြစ်တယ်လို့ ဆိုရမှာပါ။

လတ်တလောမှာ အသက် (၄၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ အော်စကာဆုရှင် မင်းသား လီယိုနာဒိုနဲ့ (၂၅)နှစ်အရွယ် မော်ဒယ်လ်တစ်ဦးဖြစ်တဲ့တိုနီတို့ဟာ သူတို့နှစ်ဦးကို ချောင်းမြောင်းဓာတ်ပုံရိုက်နေပြီဖြစ်ကြောင်း သတိရလိုက်တဲ့အချိန်မှာတော့ လက်တွဲဖြုတ်ကာ တစ်လမ်းစီသွားခဲ့ပါတယ်။ ဒါကြောင့် အဆိုပါကြယ်ပွင့်နှစ်ဦးကတော့ သူတို့ရဲ့အချစ်ဇာတ်လမ်းနဲ့ ပတ်သက်ပြီး လျှို့ဝှက်လှုပ်ရှားချင်သူတွေဖြစ်တာကိုလည်း တွေ့ရပါတယ်။

## ကြော်ငြာ

**သီတဂူရွှေပြည့်ဟိန်း စက္ခုဒါနဆေးရုံ စက်တင်ဘာလ ၁၆၊ ၁၇ (၈၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

စက်တင်ဘာလ ၂ ရက်တွင် စတင်လက်ခံ၍ စက်တင်ဘာလ ၁၆၊ ၁၇ ရက်များတွင် ၈၃-ကြိမ်မြောက် ဦးရေ (၁၀၅၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည့်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည့်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကုန်။** (ကျိုက္ကဆံဘုရားပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒမာသီရိလင်္ကာ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။







### အမည်မှန်၊ ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့၊ အထက(၁)၊ ဒသမတန်း(B)မှ မောင်အောင်အောင်၏ အမည်မှန်မှာ မိုင်းလုမ်စံအေးဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးအိုက်ပူးဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ (၅-၁-၁၉၉၉)ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)၊ အဌမတန်း(C)မှ လွေးခမ်းမွန်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ယီပွဲ ဖြစ်ပါကြောင်း။

**ဦးအိုက်ယီပွဲ**

**တက်နေဝန်း**

**အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း**

**(10'/14')Box ကားများဖြင့်**

**လုပ်သားအပြီးအစီး**

**ဝန်ဆောင်မှုပေးသည်။**

**09-442076599**

**09-400448695**

**09-33100721**

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁) ဒသမတန်း(A)မှ လွေးဖြူဖြူအေး၏ဖခင်အမည်မှန်မှာ ဦးညမ်းတုတ် ဖြစ်ပါကြောင်း။

**ဦးညမ်းတုတ်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက် အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏ စီမံချက်)၊ မြေကွက်အမှတ်(၁၇၃)၊ မြေကွက်တည်နေရာအမှတ် (၁၇၃)၊ အင်ကြင်းလမ်းသွယ်၊ ပေါင်းကူညာဏ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးကျော်လွင် [၁၂/တတန(နိုင်)၀၄၄၂၇၅] ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)၊ ဒသမတန်း(A)မှ မိုင်းယိုင်ချစ်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ရီအွယ် ဖြစ်ပါကြောင်း။

**ဦးအိုက်ရီအွယ်**

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)၊ ဒသမတန်း(D)မှ မအေးကြည်၏ ဖခင်အမည်မှန်မှာ ဦးဝမ်ကျုံ ဖြစ်ပါကြောင်း။

**ဦးဝမ်ကျုံ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈/သမိုင်း၊ မြေကွက်အမှတ်-၁၂/ဏ၂ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်-၁၂/ဏ၊ ပြည်သူလမ်းသွယ်၊ မရမ်းကုန်းမြို့နယ် ဦးဇော်ဝိတ်၊ ဒေါ်အေးမာလာသွင် အမည်ပေါက် မြေပိုင်မြေ (မြို့မြေဖြစ်သတ်မှတ်) (အိမ်ရာမြေ) မြေအား ဒေါ်အေးမာလာသွင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်-၂၂၆၁/၂၀၁၇ (၂၈-၇-၂၀၁၇) ဖြင့် ဦးဇော်ဝိတ်မှ ပိုင်ဆိုင်လာပါသည်။ ဦးမြင့်ဟန်မှ တရားလိုပြုလုပ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၁၄၅/၂၀၁၅ဖြင့် ဦးဇော်ဝိတ်၊ ဒေါ်အေးမာလာသွင်၊ ဦးဝင်းမောင်တို့အား တရားပြိုင်ထားရှိပြီး ပိုင်ဆိုင်ကြောင်း မြွက်ဟပေးစေလိုမှုနှင့် လက်ရောက် ရလိုမှုစွဲဆိုရာ အဆိုပါပစ္စည်းအနက်မှ ပေ(၃၀×၆၀) အကျယ်အဝန်းရှိမြေကွက်နှင့် ခြံအဝင်လမ်းဘက်သို့ မျက်နှာမူထားရှိသော (၄)ထပ်တိုက် အဆောက်အအုံ တစ်လုံးမှ အပကျန်ပစ္စည်းများအားလုံးကို တရားလိုမှ အနိုင်ဒီကရီရရှိကြောင်း (၉-၁၁-၂၀၁၆) ရက်စွဲပါတရားရုံး အထောက်အထား၊ (၁၁-၈-၂၀၁၇) ရက်စွဲပါ အထက်ဖော်ပြပါ မြေကွက်အနက်မှ ပေ(၃၀×၆၀) အကျယ်ရှိ မြေကွက်မှအပကျန်အစိတ်အပိုင်းအား ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ အမည်ပေါက်သည့် အမှားပြင်စာချုပ် -၈၄၂/၂၀၀၇(၁၉-၂-၂၀၀၇)၊ စွန့်လွှတ်စာချုပ်-၂၂၆၁/၂၀၁၇ (၂၈-၇-၂၀၁၇)တို့တင်ပြ၍ ဦးမြင့်ဟန် [၉/မရတ(နိုင်)၀၅၉၉၉၃]က တစ်ဦးတည်းပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

Yangon University of Distance Education

YUDE

KMD Institute

**ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ ပူးပေါင်း ဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။

၂။ သင်တန်းကာလ(၉)လဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။

၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှစစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။

၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများ အတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောင်(၈)၊ သထုံလမ်း၊ရန်ကုန်အဝေးသင်တက္ကသိုလ်၊**

**သင်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ စက်တင်ဘာလ (၃၀)ရက်၊ ၂၀၁၇ ခုနှစ်။**

**ဆက်သွယ်ရန်ဖုန်း**

၀၉-၂၆၂၆၀၀၃၀၁၊ ၉၆၆၁၄၈၂၅၂၊ ၀၁-၅၀၁၂၄၃၊၃၉၁၂၈၆၊ ၃၉၁၂၈၇၊ ၃၈၄၂၆၈၊ ၅၀၂၂၁၁၊ ၅၀၂၂၃၃၊ ၅၄၁၃၂၈၊ ၂၂၀၅၅၅

သင်တန်းကြေးများ၊ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့်ပေးသွင်းနိုင်ပါသည်။

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၁-၉-၂၀၁၇** ရက်နေ့မှ စတင်၍ **၂၅-၁၁-၂၀၁၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၇** မှ **၃၀-၁၂-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၇ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

BAYER
Supradyn®
No.1 Brand in Europe
EMP
Coenzyme Q10 ပါဝင်တဲ့ Supradyn New Formula




ဂျာမနီနိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဆေးဝါးကုမ္ပဏီ Bayer မှ ထုတ်လုပ်သည့် International brand ဖြစ်သော Supradyn

စွမ်းအင်ဖြည့်တင်း ရုပရာဒင်း အားဆေး

အိမ်သုံး/ကုမ္ပဏီသုံး (၁၅)ယောက်စီး ကားအမြန်ရောင်းမည်
NISSAN URVAN (2017) Model (ဒီဇယ်)
အမည်ပေါက် (ရန်ကုန်လိုင်စင်) (၅၆၅)သိန်း
ဆက်သွယ်ရန်။ ။ ကိုမျိုးသူရ ၀၉-၄၂၁၀၄၆၅၈၈

အိမ်စီး (SALOON) ကားအမြန်ရောင်းမည်
NISSAN SUNNY (2017) Model
အမည်ပေါက် (ရန်ကုန်လိုင်စင်) (၂၈၈)သိန်း
ဆက်သွယ်ရန်။ ။ ကိုမျိုးသူရ ၀၉-၄၂၁၀၄၆၅၈၈

အာကာမိုး
T-Shirt 650/850
တီရှပ်၊ စပို့ရှပ်ဖြန့်ချိရေးနှင့် တံဆိပ်ရိုက်လုပ်ငန်း
Arr Kar Moe T Shirt Distribution
09454090685, 09451655671

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ပလန)၊ ပထမတန်း(ဘီ)မှ မရန်ဂျာဆိုင်းလုံ၏ ဖခင်အမည်မှန်မှာ ဦးမရန်နော်ဂျာ ဖြစ်ပါသည်။

## အမည်ပြောင်း

မိုးကောင်းမြို့နယ်၊ အထက(ခွဲ-တောင်နီ)၊ သတ္တမတန်းမှ မခေါန်နန်အား မသီတာဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

Home Since 1996
Think of House, Think of Home
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Readymade Flooring
★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး – အမြင့်ဆုံး အထိရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
Grade A/B/C/D စစ်မှန်မှု ကို စက်ဖြင့် အခမဲ့ လက်တွေ့ စစ်ဆေးပေးသည်



Promotion
ကြမ်းခင်း ၃ ကျင်း ဝယ်လျှင် လက်ဆောင်
Mirror 80 x 60 cm
➤ အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
➤ အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့ ။
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၀)ခုတွင် ဝယ်ယူနိုင်ပါသည်
☎ 09-79 700 70 70
☎ 09-79 700 70 80

ခိုင်မြို့သစ်
အရောင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-510 1862



မကြီစန္ဒာ
အမျိုးသမီးအပ်ချုပ်သင်တန်း
ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ အတတ်သင်ပေးသည်။
ဖုန်း – ၃၈၈၂၃၃၊ ၅၂၇၉၉၈၊ ၀၉၄၅၀၂၀၆၉၈၆
၀၉၅၀၀၇၆၅၀၊ ၃၇၅၀၀၄

GARTEN FLOOR
Specialize of Vinyl & Laminate Floor
ခေတ်မီ နောက်ဆုံးပေါ် ဒီဇိုင်းများကို Garten တွင်ရွေးချယ်ပါ။
သင့်အိမ်အတွက် ကြမ်းခင်းဆိုလျှင် ဒီဇိုင်းသစ်လွင် အရည်အသွေး ကောင်းမွန် စိတ်ချရသော Garten Floor Show Room သို့ ကြွလှမ်းခဲ့ပါ။

Garten Material
Bring Up Happy Life



### Vinyl Floor
- 100% ရေစိုခံနိုင်ခြင်း။
- ရေငွေ့ရိုက်မှုခံနိုင်ခြင်း။
- ခေတ်မီသေသပ်လှပခြင်း။
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ခြင်း။
- ရာသီဥတုကြောင့်ဖြစ်ပေါ်သော စိုထိုင်းမှုကို (၁၀၀%)ကာကွယ်နိုင်ပါသည်။

HOT LINE 09 459 177778 09 240 0988

### Laminate Floor
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ကူပြီး အခြားနေရာတွင် ပျက်စီးမှုမရှိဘဲ ပြန်ခင်းနိုင်ခြင်း။
- Double Clip System ကို အသုံးပြုထားသောကြောင့် တစ်ခုနှင့် တစ်ခု ချိတ်ဆက်ရာတွင် ခိုင်မြဲခြင်း။
- မတော်တဆ ညစ်ပေသွားလျှင်လည်း အလွယ်တကူ သန့်စင်နိုင်ခြင်း။
- မီးဒဏ်ကို သာမန်ထက် ပိုမိုခံနိုင်ရည်ရှိခြင်း။
- Polish တင်ရန်မလိုဘဲ အမြဲတမ်း တောက်ပအရောင်မမှိန်ခြင်း။

အမှတ်(၂၂၄)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | 09-790 177709, 09-790 178988 | garten.sh@gmail.com

# ကြော်ငြာ

**စောကင်စီ(ခ)ဦးမောင်အေး (၉၂)နှစ်**
**အင်းတိန်ဘုံကျောင်း (ဒု-ဥက္ကဋ္ဌဟောင်း)**
**လော်စန်တောင်ဘုံကျောင်း (ဒု-ဥက္ကဋ္ဌဟောင်း)**
**ကော့စုတ်ရှားဘုံကျောင်း (ဥက္ကဋ္ဌဟောင်း)**
**ကျန်းတိတ်ဘုံကျောင်း (အဖွဲ့ဝင်)**
**သဟာဆွေစတိုး၏ဖခင်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၇၈/ပထပ်)နှင့် ကမာရွတ်မြို့နယ်၊ ပြည်လမ်း(၂)ရပ်ကွက်၊ အမှတ်(၆၃၅/ဆ)၊ ရိုးမရိပ်သာနေ စောကိုရှောင်-ဒေါ်ကြူ့တို့၏သား၊ တန်လန်ဘန်-ဒေါ်ဆိုင်းမာတို့၏ သားသမက်၊ စောရီရှင်း-ကျန်းစူးရင့်၊ စောမေလှိုင်-ကိုကျင်စိန်၊ စောဖုံစိန်-ဒေါ်ကြာပေ့၊ စောယူဝင်းစိန်(ခ)ကိုလှကြိုင်-ဒေါ်တင်အေး(ခ)မစန်းစန်း၊ စောလျောင်စိန်(ခ)ကိုအောင်ရှိန်-ဒေါ်ခိုင်ခိုင်မော်၊ စောကျင့်စိန်(ခ)မောင်မိုးနိုင်တို့၏ဖခင်၊ ဒေါ်ချင်မိစွမ်၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၅ယောက်တို့၏အဘိုးသည် ၈-၉-၂၀၁၇ (သောကြာနေ့) နံနက် ၁၀း၅၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးတရုတ်ဖုကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ပြည်လမ်း၊ အမှတ် ၆၃၅-ဆ၊ ရိုးမရိပ်သာမှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၅ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဗိုလ်ကြီး အောင်ကျော်ယု (စစ်တက္ကသိုလ်အမှတ်စဉ်-၄၉)**
**အသက် (၃၀)**
**ကြည်း-၄၆၀၄၄၊ ခမရ(၂၁၁)**

ဟသ်ာတမြို့နေ (ဦးတင်ရှိန်)-ဒေါ်ခင်မြ တို့၏ သားငယ်၊ ဒေါ်လဲ့လဲ့ဝင်း၊ [ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်စန္ဒာ]တို့၏ မောင်ငယ်၊ Australia နေ ဒေါက်တာစန်းအောင်-ဒေါ်ဥမ္မာစိုးဝင်းတို့၏ သားသမက်၊ မပိုပိုအောင်(ခ)Isabella Aung ၏ချစ်လှစွာသောခင်ပွန်းသည် ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားပါကြောင်း အသိမိတ်ဆွေ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးချစ် (ခ) ဦးအချစ်(ပုသိမ်)**
**အသက် (၈၉) နှစ်**

ဦးမောင်မောင်ဝင်း(ဥက္ကဋ္ဌ-သစ်၊ ဝါးနှင့်ကြိမ်စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ Director-Green Move Co., Ltd)-ဒေါ်စုစုရည်တို့၏ဖခင်သည် ၇-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း**
**Green Move Co., Ltd**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးသန်းရွှေ (သာဂရမြို့)**
**အသက်(၈၀)**

သူငယ်ချင်းဒေါက်တာကြည်လင် (မြို့နယ်ဦးစီးမှူး၊ မွေး-ကု ဦးစီးဌာန၊ ရေတာရှည်မြို့)၏ ချစ်လှစွာသောဖခင်ကြီး ဦးသန်းရွှေသည် ၅-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1982-91 Batch B.V.S မှ**
**အတန်းဖော်ချစ်သူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးအောင်ကြင်**
**ပါမောက္ခချုပ်(ငြိမ်း)၊ သစ်တောတက္ကသိုလ်**
**အသက် (၇၈)နှစ်**

ဦးအောင်ကြင် (ပါမောက္ခချုပ်-ငြိမ်း၊ သစ်တောတက္ကသိုလ်)သည် ၈-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းမိသားစု**
**သစ်တောတက္ကသိုလ်၊ ရေဆင်း**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဆွေဆွေဝင်း(ET)
## အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝန ရပ်ကွက်၊ ဇဝနလုံးချင်းအိမ်ရာ၊ သီရိဟေမာလမ်း၊ တိုက်(၁)နေ စည်ဖြိုး(ရုပ်ရှင်သရုပ်ဆောင်)၏ ချစ်လှစွာသောအဒေါ် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ဆွေဆွေဝင်း(ET) အသက် (၅၈)နှစ်သည် ၁၀-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်နန်းမောက်လောဝ်ဆိုင်**
**(President)**
**နှင့်**
**(Free To Air) Channel ဝန်ထမ်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်လှ(ကဝမြို့)**
**အသက် (၉၇) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၇၁)နေ (ဦးစံဝေ)၏ ချစ်လှစွာသောဇနီး၊ ခင်ငုဝါဝင်း-ထူးဝေယံဖြိုး၊ Dr. ထူးတင့်ဝေ (တောင်ကြီးစဝ်စံထွန်းဆေးရုံကြီး)၊ သက်ဝေအောင်၊ သီဟံထင်-ထက်ထက်အောင်(Singapore)၊ စိုးမိုးအောင်(Australia)၊ အင်ကြင်းဖြူ-စောဆိုင်မွန်အုန်းကြွယ်၊ သန့်သုဝေ၊ ငုံပန်းဝေ၊ Jonathan ချမ်းငြိမ်းထွန်း၊ Harrison ပြည့်ဖြိုးထွန်း(Australia)၊ Simon Wai (USA)တို့၏ ချစ်လှစွာသောအဘွား၊ Victoria၊ ခန့်သုတတို့၏ဘွားဘွားကြီး ဒေါ်ခင်လှသည် ၁၁-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၃း၀၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇နာရီမှစ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်လှ(ကဝမြို့)**
**အသက် (၉၇) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၇၁)နေ (ဦးတိုက်ကြီး-ဒေါ်မမ)တို့၏သမီး၊ (ဦးစံဝေ)၏ချစ်လှစွာသောဇနီး၊ ဦးစံနီဝေ-ဒေါ်ချယ်ရီ၊ ဦးစံနိုဝေ(ခ)ဦးတင်မောင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ဒေါ်တင်မိုးဝေ၊ ဦးစိုးဝင်း-[ဒေါ်ခင်မိုးဝေ (Australia)]၊ ဦးစံညိုဝေ-ဒေါ်သီတာရွှေ၊ ဦးစံပိုဝေ (MIRACO)-ဒေါ်မြင့်မြင့်အေး၊ ဦးစံမိုဝေ(VOA-USA)-ဒေါ်သီဂီထိုက်(VOA-USA)၊ (ဒေါ်စုစု ဝေ)၊ (ဦးထွန်းနိုင်-ဒေါ်သန့်သန့်ထူးဝေ)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်လှသည် ၁၁-၉-၂၀၁၇(တနင်္လာနေ့) နံနက် ၃း၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှစ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒေါ်ရွှေလှိုင်**
**အသက် (၉၅)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ တိုက်(၄)၊ အခန်း(၅)နေ (ဦးစံရ-ဒေါ်ခိုင်)တို့၏သမီး၊ (ဦးစိန်လင်း)-ဒေါ်လှစိုး၊ (ဦးလွင်ဦး)-ဒေါ်သန်းရီ၊ (ဦးညိုဝင်း)-ဒေါ်စန်းစန်းယဉ်၊ (ဦးနေဝင်း)၊ (ဦးငြိမ်းလှိုင်)၊ (ဦးဌေးနိုင်-ဒေါ်ခင်ဆွေဦး)၊ ဦးအောင်ကြည်-ဒေါ်စန္ဒာငြိမ်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၇ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘွား၊ (ဦးရန်ငြိမ်း)၏ဇနီးသည် ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇(အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒုတိယဗိုလ်မှူးကြီး လှစိန်(ငြိမ်း) (၈၉)နှစ်**
**ကြည်း-၆၂၂၅၊ ဗိုလ်သင်တန်းအမှတ်စဉ်(၇)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ယင်းမာမြိုင်လမ်း၊ အမှတ် (၇၁/၁)နေ (ဦးလှဒင်-ဒေါ်ခလေးမ)တို့၏သား၊ ဒေါ်မြင့်မြင့်တင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်စိုး-ဒေါ်မိမိစိန်၊ (ဗိုလ်ကြီးခင်မောင်မြင့်)-ဒေါ်ခင်ခင်နီ၊ ဒေါ်နွယ်နွယ်မြင့်-ဦးထွန်းလှအောင်၊ ဦးမင်းဇော်-ဒေါ်အေးအေးမြ၊ ဒေါ်ချိုချိုဦး-ဦးအောင်စိုး၊ ဒေါ်မိုးမိုးခိုင် (အထက-၁၊ ပဲခူး)၊ ဒေါ်မီမီခိုင်-ဦးကျော်ကျော်ဦးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး ဒုတိယဗိုလ်မှူးကြီး လှစိန်(ငြိမ်း)သည် ၁၁-၉-၂၀၁၇(တနင်္လာနေ့) နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**မိုးကုတ်ယောဂီ**
**ဒေါ်စန်းရီ(ပျော်ဘွယ်) (၈၈)နှစ်**
**(ကံကောင်းသူများစက်မှုလက်မှုလုပ်ငန်း၏ မိခင်ကြီး)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၂၄၇)နေ (ဦးဘထွန်း-ဒေါ်ထွေး)တို့၏သမီး၊ (ဦးဘိုးသီ-ဒေါ်အေးညွန့်)တို့၏ သမီးချွေးမ၊ ဦးအောင်ခင်၏အစ်မ၊ ဦးခင်ထွန်း၏ဇနီး၊ ဦးဝါယမ (တက်နေဝန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်)၊ ဆရာဦးစံမြင့်အောင်(ခ)ဦးမြင့်အောင် (YBS အပတ်စဉ်-၂)-ဒေါ်ကြူကြူရှိန်၊ ဦးမောင်မောင်သန်း-ဒေါ်စီစီဝင်း၊ ဦးကျော်ကျော်-ဒေါ်မြင့်မြင့်၊ ဦးသန်းအောင်-(ဒေါ်အေးသီတာ)၊ (ဦးခင်အောင်လွင်)-ဒေါ်အေးသန္တာတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒေါ်ခင်သောင်း(ဆောမြို့)**
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ သူနာပြု၊ မကွေးတိုင်း**
**အသက် (၇၉)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နေ (ဦးစိန်ရိုး-ဒေါ်ဆယ်မိ)တို့၏ သမီးကြီး၊ ဦးအောင်စန်း-ဒေါ်ကြွယ်ကြွယ်၊ ဦးညိုဝင်း-ဒေါ်ခင်သန်းငွေ၊ (ဦးသိန်းပို)တို့၏ အစ်မကြီး၊ [ဦးညိမ်းမောင်(ငွေစာရင်းအရာရှိ-ငြိမ်း၊ သံပုရာကန်ရေနံချက်စက်ရုံ)]၏ဇနီး၊ ဦးမျိုးဝင်းအောင်-ဒေါ်နွယ်နွယ်ဟန်(စင်ကာပူ)၊ ဦးဝင်းဟန်-နန်းစိန်ခမ်းမော်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်သောင်းသည် ၁၀-၉-၂၀၁၇(တနင်္ဂနွေနေ့) ည ၁၁း၄၅နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အနိစ္စ**

**ဦးစိန်ချစ် (၉၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ်(၁၉)နေ (ဦးစ-ဒေါ်မမ)တို့၏ သားကြီး၊ ဒေါ်သန်းတင်အေး (Nelly)၏ခင်ပွန်း၊ MR.Philippe Steiner-ဒေါ်နုနုစိန် (Monna)တို့၏ဖခင်၊ (ဦးအောင်စိန်-ဒေါ်သိန်း)တို့၏မောင်၊ (ဒေါက်တာချစ်စိန်-ဒေါ်မြသန်း)၊ ဒေါက်တာကျော်အောင်-ဒေါက်တာ ဒေါ်သန်းတင် (Amy)၊ (ဦးထင်ကျော်-ဒေါ်ခင်သိန်း)တို့၏အစ်ကိုကြီး ဦးစိန်ချစ်သည် ၁၀-၉-၂၀၁၇ ရက် ညနေ ၄း၃၀ နာရီတွင် ပါရမီအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ဥမ္မာခင်**
**အသက် (၅၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၂၅)နေ (ဦးကျော်ခင်-ဒေါ်အေးမေ)တို့၏သမီး၊ (ဦးကျော်သောင်း-ဒေါ်အုံး)တို့၏ သမီးချွေးမ၊ ဦးလှထွဋ် (အငြိမ်းစား၊ M.E.P.E)၏ ချစ်လှစွာသောဇနီး၊ မအေးသူဟန် (တတိယနှစ်၊ ဓာတုဗေဒ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ထက်ဇော်လင်းထွဋ် (MSDA Co., Ltd.)တို့၏ ချစ်လှစွာသော မွေးသမိခင်သည် ၁၁-၉-၂၀၁၇ ရက် နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဦးထွန်းဝင်း**
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ဦးနေဝင်း (M.P.P.E-ငြိမ်း)-(ဒေါ်ကြူကြူ)တို့၏သားကြီး၊ ဒေါ်အေးအေးခိုင်(ခ)ပင်ကီ၏မောင်၊ ဦးကေမြတ်သူ(ခ)ပေါက်ပေါက်၊ ဒေါ်တင်တင်ချိုတို့၏ အစ်ကို၊ ဒေါ်ဝါဝါမွန်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဇင်နောင်လင်း-မသီဂီထွန်း၊ ကိုသူရထွန်းတို့၏ ချစ်လှစွာသော ဖခင်၊ မောင်ထူးအောင်လင်း၏အဘိုးသည် ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၀၂၈၊ မဟာသုခိတာလမ်းသွယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဦးဇော်ဝင်း(ခ)ဖိုးကုလား**
**အသက်(၄၆)နှစ်**
**သုံးခွမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (၆)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၁၇)နေ (ဦးလတ်)-ဒေါ်သန်းတို့၏ ချစ်လှစွာသောသား၊ (ဦးမြင့်ဇော်)-ဒေါ်ခင်အေးကြူ၊ ဦးတင်စိုး-ဒေါ်ခင်အေးမူ၊ ဒေါ်ဖြူဖြူ၊ ဒေါ်သီသီပြုံး၊ ဦးမျိုးမြင့်အောင်-ဒေါ်ထိုက်ထိုက်ဦး၊ ဒေါ်ခိုင်ခိုင်လတ်၊ ဦးဇော်မျိုး-ဒေါ်အိဖြူလှိုင်တို့၏ ချစ်လှစွာသော ညီ/မောင်၊ ဒေါ်မော်မော်လတ်၊ ဦးဟိန်းလတ်ထွေး-ဒေါ်ကြူကြူစန်း၊ ဦးလှမြင့်အောင်-ဒေါ်အိခိုင်စိုးတို့၏ ချစ်လှစွာသောအစ်ကို၊ တူ/တူမ ၁၀ ယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် (၅)ရပ်ကွက်၊ အနောက်ဘက်ကမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ပေးကြပါရန်။ ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဦးနန္ဒိယ(ခ)ဦးနေဝင်း (လ-၅၆၆၈၄၊ သူရ-၄)**
**သိက္ခာတော် (၅)ဝါ၊ သက်တော် (၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ သခွတ်ပင်ကျေးရွာနေ ခမည်းတော် ဦးသောင်းဖေ-မယ်တော် ဒေါ်စိုးမြင့်တို့၏ ပဉ္စမမြောက်သား၊ ဗိုလ်မှူးညွန့်ဝေ-ဒေါ်မြင့်မြင့်၊ (ဗိုလ်မှူးရဲအောင်)-ဒေါ်ရီငွေ၊ ဦးပညာဝရသိဒ္ဓိ(ခ)ဗိုလ်မှူးမျိုးညွန့်-(ဒေါ်စန်းစန်း)၊ (ဦးဝင်းကြည်)-ဒေါ်လှဝင်းတို့၏ညီ၊ ဦးလှမင်း (အလကအုပ်-ငြိမ်း)-ဒေါ်သန်းသန်း၊ ဗိုလ်မှူးကြီးသန်းဦး-ဒေါ်မာမာတင်တို့၏အစ်ကို၊ ဦးနိုင်သက်ဦး-ဒေါ်ခင်ပြုံးဝေ(တော်ဝင်ဧည့်ရိပ်သာ-စစ်ကိုင်း)၊ ဦးသန့်ဇင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)-ဒေါ်စန်းမော်ဦး၊ ဦးတင်ကိုကို (ဒု-ရဲအုပ်၊ ငြိမ်း)-ဒုရဲအုပ်အေးချမ်းသာတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်လှလှ၏ခင်ပွန်း၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ဖောင်တော်ပဲ့ကျောင်းတိုက်နေ ဦးနန္ဒိယ(ခ)ဦးနေဝင်းသည် ၁၀-၉-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၃း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား ၁၂-၉-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောင်အင်း၊ မြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၁၄-၉-၂၀၁၇ ရက်တွင် မန္တလေးအိမ်၌လည်းကောင်း၊ ၁၆-၉-၂၀၁၇ ရက်တွင် ဖောင်တော်ပဲ့ကျောင်း(စစ်ကိုင်း)၌လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးရှိ ဆွေတော်၊ မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ရူပစာရီ**
**(တွံတေးဇရပ်၊ အလယ်တောရစံပြစာသင်တိုက်၊ ဗဟန်း)**
**အသက် (၈၃) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ ခလုတ်ကျေးရွာနေ (ဦးဘိုးသာ-ဒေါ်အုန်းရင်)တို့၏သမီး၊ (ဒေါ်သီလဝတီ)၊ (ဦးသောင်းလှိုင်-ဒေါ်ကြင်မှိ)တို့၏ ညီမသည် ၁၁-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အလယ်တောရကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူတပည့်ဒါယကာ၊ ဒါယိကာမများ

**ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်ခင်မြ (၈၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်းနေ (ဦးဘိုးခိုင်-ဒေါ်အေးကြို)တို့၏သမီး၊ (ဦးဘိုးနှစ်-ဒေါ်ဖွားသင်)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးကြီး သူရတင်မြတ်(ငြိမ်း)]၏ဇနီး၊ ဦးမြင့်ဆွေ(စက်မှု-၂)၊ (ဒေါ်ခင်ခင်မြင့်)၊ (ဦးအောင်မြတ်ထူး-ဒေါ်ခင်မာအေး)၊ ဒေါ်ခင်လေးမြတ်၊ ဒေါ်သင်းသင်းမြတ်၊ ဦးကိုကိုမြတ်-ဒေါ်ခိုင်ခိုင်ညွန့်၊ ဦးညီညီမြတ်-ဒေါက်တာအေးအေးဝင်း၊ ဒေါ်အေးအေးမြတ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်ကေသူဆွေ-ဦးနိုင်ဝင်း၊ ဦးဝဏ္ဏဆွေ၊ မခိုင်သူဆွေ၊ မသိမ့်ဆုညီ၊ မဆွေဆွေသက်ထူး၊ မမို့သွယ်ညီ၊ မောင်ထက်အောင်လင်း (Padamy FM)တို့၏ အဘွား၊ မြေး ခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၇(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်ခင်မြ (၈၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်းနေ (ဦးဘိုးခိုင်-ဒေါ်အေးကြို)တို့၏သမီး၊ (ဦးဘိုးနှစ်-ဒေါ်ဖွားသင်)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးကြီး သူရတင်မြတ်(ငြိမ်း)]၏ဇနီး၊ (ဦးထွန်းကြည်-ဒေါ်ခင်ရွှေ)၊ (ဦးမောင်ခ-ဒေါ်သိန်းညွန့်)၊ (ဦးဘရင်-ဒေါ်ညွန့်စိန်)၊ (ဒေါ်တင်ရွှေ)၊ (ဦးတင်ဖေ-ဒေါ်မြစိန်)တို့၏ညီမ၊ ဦးမြင့်ဆွေ(စက်မှု-၂)၊ (ဒေါ်ခင်ခင်မြင့်)၊ (ဦးအောင်မြတ်ထူး-ဒေါ်ခင်မာအေး)၊ ဒေါ်ခင်လေးမြတ်၊ ဒေါ်သင်းသင်းမြတ်၊ ဦးကိုကိုမြတ်-ဒေါ်ခိုင်ခိုင်ညွန့်၊ ဦးညီညီမြတ်-ဒေါက်တာအေးအေးဝင်း၊ ဒေါ်အေးအေးမြတ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ညွန့်ရီ(အင်းစိန်) (၈၄)နှစ်**
**ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့ နယ်၊ သုနန္ဒာလမ်းဆုံ၊ ဆက်သွယ်ရေးဝင်း၊ တိုက်(၄)၊ အခန်း(၃)နေ [ဦးမြင့် သိန်း (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန-ငြိမ်း)]၏ဇနီး၊ ဦးအောင်မျိုး သိန်း (ဆသရ၊ ပစ္စည်းဌာန)-ဒေါ်သန်းသန်းဝင်း၊ ဦးဇော်ထူး-ဒေါ်ခင်မေ၊ ဦးခင်မောင်သိန်း-ဒေါ်လဲ့လဲ့မွန်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ် ယောက်တို့၏အဘွား ဒေါ်ညွန့်ရီသည် ၁၀-၉-၂၀၁၇ ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည် စူး၍ ၁၆-၉-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဦးခင်မောင်ကြည် (ခနေဖြူအသင်း)**
**အသက် (၈၃)နှစ်**

ခနေဖြူမြို့နယ်၊ နန်းတော်ကုန်းကျေးရွာနေ (ဦးမောင်ကျော်-ဒေါ်အေးတင်)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်နေ [ဦးသန်းမြင့်-ဒေါ်ညွန့်ညွန့် (ရတနာအထည်ဆိုင်)]တို့၏ ညီ/မောင်၊ ရွှေပေါက်ကံမြို့သစ်နေ ဒေါ်သိန်းသိန်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ခေမာသီလမ်းနေ (ဦးခင်မောင်ထွန်း)-ဒေါ်လှမြိုင်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၆)လမ်း၊ အမှတ်(၂၈၅)နေ ကိုအောင်နိုင်ဦး-မခင်အေးမြင့်၊ ကိုမြင့်မောင်-မမော်မော်နိုင်၊ (ကိုခင်ဆက်)-မသက်သက်နိုင်၊ (ကိုအောင်နေလင်း)၊ ကိုမိုးအောင်-မမိုးမိုးနိုင်တို့၏မွေးသဖခင်၊ (ဒေါ်ညွန့်ညွန့်ငွေ)၏ခင်ပွန်း၊ မြေး ၁၃ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၇ (စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီ(၃)လမ်း၊ အမှတ်(၇၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်မြောက်ပိုင်း မတည်မငြိမ်မှုများကြောင့် ဒုက္ခခံစားရမှုများနှင့် နေရပ်ပြောင်းရွှေ့ခဲ့ရမှုများအပေါ် နိုင်ငံတကာနည်းတူ စိုးရိမ်ပူပန် နိုင်ငံတကာအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ကြိုးပမ်းမှုတွင်သာ ပါဝင်ပံ့ပိုး

## ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော အခြေအနေများသည် မကြာမီရက်သတ္တပတ်များအတွင်းက နိုင်ငံတကာက အထူးအာရုံစိုက်လာသည့် ကိစ္စရပ်တစ်ခုဖြစ်လာခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် Arakan Rohingya Salvation Army(ARSA) ဟုခေါ်သည့် အစွန်းရောက်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုများမှတစ်ဆင့် စတင်ဖြစ်ပေါ်လာခဲ့သည့် မတည်မငြိမ်မှုများ မြင့်တက်လာမှုကြောင့် လူမှုအသိုက်အဝန်းအားလုံးမှ အရပ်သားများ၏ဒုက္ခခံစားရမှုများနှင့် နေရပ်ပြောင်းရွှေ့တိမ်းရှောင်ခဲ့ရမှုများအပေါ် မြန်မာအစိုးရအနေဖြင့်လည်း နိုင်ငံတကာနည်းတူ စိုးရိမ်ပူပန်မှုအပြည့်အဝရှိပါသည်။

နောက်ဆုံးထပ်မံဖြစ်ပေါ်လာခဲ့သည့် မတည်မငြိမ်မှုအခြေအနေများမှာ အကြမ်းဖက်သမားများက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းစခန်းပေါင်း ၃၀ အား စနစ်တကျ ကြိုတင်ကြံစည်ညှိနှိုင်း၍ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုများကြောင့် စတင်ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါသည်။ လွတ်လပ်သော အတည်ပြုချက်များအရ ပြည်ပမှငွေကြေးထောက်ပံ့မှုနှင့် အားပေးလှုံ့ဆော်မှုရရှိထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ARSA က အဆိုပါတိုက်ခိုက်မှုများကို ၎င်းတို့ကိုယ်တိုင်ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့ပါသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကိုလည်း ၎င်းတို့ပင် ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ကြေညာထားခဲ့ပါသည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များကိုသာမက အပြစ်မဲ့အရပ်သားများကိုပါ ပစ်မှတ်ထားခဲ့သည့် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်တိုက်ခိုက်မှုများအား တညီတညွတ်တည်း ရှုတ်ချကြရမည်ဖြစ်ပါသည်။ အကြမ်းဖက်လုပ်ရပ်မှန်သမျှအား မည်သည့်အကြောင်းပြချက်နှင့်မျှ ခွင့်လွှတ်နိုင်မည်မဟုတ်ပါ။

ယင်းသို့ ဆိုးရွားလှသည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာအစိုးရအနေဖြင့် အပြင်းအထန်ရှုတ်ချပြီး ARSA အဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံအများအပြားကလည်း အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ပြတ်သားစွာရှုတ်ချကြောင်း ကြေညာချက်များ အသီးသီးထုတ်ပြန်ခဲ့ကြခြင်းကို မြန်မာအစိုးရအနေဖြင့် ကြိုဆိုပါသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ မစ္စတာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်သည့်အချိန်နှင့် အချိန်ကိုက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ နောက်ဆုံးတိုက်ခိုက်မှုများမှာ အဆိုပါကော်မရှင်၏ အကြံပြုချက်များကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသော ပြဿနာအား ရေရှည်ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ကြိုးပမ်းအားထုတ်နေမှုကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻



# မြန်မာ ယူ – ၁၈ အသင်း ဂိုးပြတ်နိုင်ပွဲရရှိ

မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၁၇ အာဆီယံ ယူ-၁၈ပြိုင်ပွဲ အုပ်စု(ခ) စတုတ္ထနေ့ကို သုဝဏ္ဏကွင်း၌ ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာနှင့် ဗီယက်နမ်အသင်းတို့ အနိုင်ရခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

# မကွေးနှင့် Southern နှစ်ကျော့စလုံးသရေကျ

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇)နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ မကွေးနှင့် Southern အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

**မကွေး - တစ်ဂိုး**
**Southern - တစ်ဂိုး**

တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသေးသည့် Southern အသင်းသည် ၇၉ မိနစ်တွင် သွင်းယူခဲ့သည့် ချေပဂိုးကြောင့် သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ မကွေးနှင့် Southern အသင်းသည် နှစ်ကျော့စလုံးသရေကျခဲ့ခြင်းဖြစ်ပြီး မကွေးအသင်းသည် ဦးဆောင်ဂိုးကို မထိန်းနိုင်၍ နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●



မကွေးနှင့် Southern အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

